ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့ (15-6-2014) (၇၇၇၂)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မိုးရွာသွန်းမှု

၁၄-၆-၂၀၁၄

မော်လမြိုင်	၃ ဒသမ ၁၉	လက်မ
ကော့သောင်း	၂ ဒသမ ၉၉	လက်မ
ပုသိမ်	၂ ဒသမ ၇၆	လက်မ
ချောင်းဆုံ	၂ ဒသမ ၅၂	လက်မ
ပူတာအို	၂ ဒသမ ၃၂	လက်မ
ကျိုက္ကမီ	၂ ဒသမ ၁၇	လက်မ

ပြုပြင်ပြောင်းလဲရာတွင် မည်သည့်စနစ်မဆို အတွေ့အကြုံအလေ့အကျင့်မရှိဘဲ အလောသုံးဆယ် အဆောတလျင် မပြောင်းလဲသင့်ကြောင်း မှာကြား

ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်အတွက် တစ်ဦးချင်းကြိုးစားလုပ်ကိုင်

သမဝါယမဝန်ကြီးဌာန၏ ကူညီထောက်ပံ့မှုများကိုရယူပြီး ဆင်းရဲတွင်းက လွတ်ကင်းအောင်ကြိုးစား

နေပြည်တော် ဇွန် ၁၄

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ နောင်ရိုးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့ တက်ရောက်အားပေး၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် သမဝါယမအသင်းစုများမှ အသင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဧရာဝတီတိုင်းဒေသကြီးသားတစ်ဦးအနေဖြင့် ကိုယ့်တိုင်းဒေသကြီးအတွင်းမှ ဆင်းရဲနွမ်းပါးသောပြည်သူများကို အကျိုးရှိစေမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့်အတွက် အခြားသော အလုပ်တာဝန်များကြားမှ မဖြစ်ဖြစ်အောင် ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ခြင်းဖြစ်ပါကြောင်း။

မိမိတို့ ဧရာဝတီတိုင်းဒေသကြီးသားများသည် ၂၀၀၈ ခုနှစ်က နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို မရှုမလှခံခဲ့ရသူများဖြစ်ပါကြောင်း၊ အသက်ပေါင်း တစ်သိန်းသုံးသောင်းကျော် ဆုံးရှုံးခဲ့ရပြီး အိုးမဲ့အိမ်မဲ့ပေါင်း ရှစ်သိန်းနီးပါးပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးပစ္စည်းအမျိုးမျိုးနှင့် ရေလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုးကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ပူတာအိုဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး

ပူတာအို ဇွန် ၁၄

မြန်မာနိုင်ငံဆိုင်ရာ UNDP နည်းပညာအထောက်အကူပြု ကျွမ်းကျင်ပညာရှင် Mr.Navin Bhan၊ အကြီးတန်းညှိနှိုင်းရေးမှူး ဦးသင်းခိုင်နှင့် ဒေသခံတိုင်းရင်းသားများဖြစ်သည့် ရဝမ်၊ လီဆူး၊ ဂျိမ်းဖော၊ ခန္တီးရှမ်းနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ပူတာအိုဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် Community Learning Centres ဖွင့်လှစ်နိုင်ရေး ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီတွင် ပူတာအိုမြို့ ကောင်ကထောက်ရပ်ကွက်ရှိ UNDP ရုံးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကျွမ်းကျင်ပညာရှင် Mr.Navin Bhan က လူတိုင်းလူတိုင်း၏ အသံများသည် သာတူညီမျှစွာအရေးကြီးကြောင်းနှင့် လူတိုင်းလူတိုင်းမှာလည်း ၎င်းတို့၏ဘဝအတွက်အရေးကြီးသော ဆုံးဖြတ်ချက်ချမှုတွင် ပါဝင်နိုင်ခြင်းဖြင့် ဒီမိုကရေစီကို ကြီးပွားတိုးတက်စေပါကြောင်း၊ ပွင့်လင်းသော ဒီမိုကရေစီ လူ့အဖွဲ့အစည်းများတွင် ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် သတင်းအချက်အလက်များကို လွတ်လပ်စွာရယူပိုင်ခွင့် စသည့်အခွင့်အရေးနှစ်ရပ်ဖြင့် ရပ်တည်နေပါကြောင်း၊ Community Learning Centres ကို စမ်းသပ်ကာလအနေဖြင့် စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❖

ကြေးမုံစာတည်းရှုထောင့် | ၁၅-၆-၂၀၁၄၊ တနင်္ဂနွေနေ့

ပဏာမကျန်းမာရေး တိုးမြှင့်စောင့်ရှောက်ပေး

လူသားတိုင်း အလိုအပ်ဆုံးအရာမှာ ကျန်းမာခြင်းပင်ဖြစ်သည်။ "ကျန်းမာခြင်းသည် လာဘ်တစ်ပါး"ဆိုသကဲ့သို့ လူတိုင်းအသက်ရှင်ရပ်တည်နိုင်ရန်မှာ ကျန်းမာကြံ့ခိုင်မှသာ ရပ်တည်နေနိုင်မည်ဖြစ်သည်။ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်စေရန် ကမ္ဘာ့နိုင်ငံအသီးသီးက အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံသားများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ဘဏ္ဍာငွေများကို တိုးမြှင့်သုံးစွဲကာ ရည်မှန်းချက်ထား လုပ်ဆောင်လျက်ရှိသည်။

၁၉၇၈ ခုနှစ်က ကာဇက်စတန်နိုင်ငံ Alma Ata မြို့၌ ပဏာမကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နိုင်ငံတကာကွန်ဖရင့်ကို ကျင်းပခဲ့သည်။ ယင်းမှအစပြု၍ ကမ္ဘာ့လူသားအားလုံး ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးကို ရှေးရှု၍ "လူတိုင်းကျန်းမာ သက္ကရာဇ် ၂၀၀၀မှာ (Health for all by the year 2000)"ဟူသည့် ဆောင်ပုဒ်ဖြင့် ရည်မှန်းချက်ချမှတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအားလုံးက ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

ပဏာမကျန်းမာရေးစောင့်ရှောက်မှုဟူသည် လူထုလူတန်းစားမရွေး၊ လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေးဘဲ သိပ္ပံနည်းကျ လက်တွေ့ကျသော လူတိုင်းပါဝင်ရမည့် အခြေခံအကျဆုံး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်ဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကုသရေးထက် ကြိုတင်ကာကွယ်ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့ကို ဦးစားပေးလုပ်ဆောင်စေပြီး အနောက်တိုင်းနှင့် တိုင်းရင်းဆေးပညာ ပူးပေါင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်နိုင်ခဲ့ကြသည်။

ယနေ့ ၂၁ ရာစုခေတ်တွင် မြန်မာနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံအခြေအနေဖြင့် သင့်တော်မည့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို ရွေးချယ်ကြရမည်ဖြစ်သည်။ နိုင်ငံအတွင်း နေထိုင်ကြသည့် သန်း ၆၀ကျော်သော ပြည်သူများအနက် ထက်ဝက်ကျော်မှာ ကျေးလက်ဒေသများတွင် နေထိုင်ကြသည့်အတွက် ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ကြရမည်ဖြစ်သည်။ တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ခြောက်သောင်းလေးထောင်ကျော်ရှိရာ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို အချိုးချကြည့်လျှင် ကျေးရွာ ၃၈ရွာလျှင် ကျေးလက်ကျန်းမာရေးဌာန တစ်ခုနှုန်းသာရှိသည်ကို ဖတ်ရှုရသည်။

သို့ပါ၍ အခြေခံလူထုလူတန်းစားများအတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အခြေခံကျန်းမာရေးဌာနများ အများအပြားလိုအပ်သကဲ့သို့ ယင်းဌာနများတွင် လုပ်ကိုင်ရန်အတွက် ကျန်းမာရေးလုပ်သားများများစွာ မွေးထုတ်ပေးရန် လိုအပ်ပေသည်။ ထို့ပြင် ဝေးလံခေါင်သီသည့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်မှာ အခက်အခဲများစွာရှိသဖြင့် အမြဲတစေနေထိုင်နိုင်မည့် ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးခြင်းများကို လုပ်ဆောင်စေခြင်း၊ အရန်သားဖွား၊ ကျေးလက်ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးခြင်းဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်သည်လည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်လာမည်ဖြစ်သည်။

ပဏာမကျန်းမာရေးစောင့်ရှောက်မှု အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ပြုလုပ်ခဲ့ပြီး အုပ်စုငါးဖွဲ့ဖွဲ့စည်း၍ ခေါင်းစဉ်ကိုးခုအပေါ် အခြေခံကာ ဆွေးနွေးခဲ့ကြသည်။ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံအတွင်း လတ်တလောဖြစ်ပေါ်နေသည်များကို အခြေခံ၍ အားနည်းချက်၊ လိုအပ်ချက်များကို ဆွေးနွေးအကြံပြုမှုများလုပ်ဆောင်သွားကြရမည်ဖြစ်သည်။မြန်မာနိုင်ငံ၏ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အောင်မြင်စေရန် ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သွားကြရမည်ဖြစ်သည်။ သို့မှသာ အခြေခံလူထုလူတန်းစားများ၏ ကျန်းမာရေးကို စောင့်ရှောက်ကာကွယ်နိုင်ရုံသာမက မြန်မာနိုင်ငံ၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည်လည်း ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း အကြံပြုအပ်ပါသည်။ ။

Car Showroom ဖွင့်ပွဲနှင့် မော်တော်ယာဉ်အမျိုးအစားများ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၄

Capital Automotive Ltd. ၏ Jaguar and Land Rover Car Showroom ဖွင့်ပွဲနှင့် The All New Rang Rover Sport နှင့် Jaguar F-Type Reveal မော်တော်ယာဉ်အမျိုးအစားများ မိတ်ဆက်ပွဲအခမ်းအနားကို ဇွန် ၁၂ ရက် ည ၇ နာရီတွင် လှိုင်မြို့နယ်(၁၂)ရပ်ကွက် အင်းစိန်လမ်းမရှိ Jaguar and Land Rover Car Showroom ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး(ရန်ကုန်မြို့တော်ဝန်) ဦးလှမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Patrick၊ RMA Group မှ Group Managing Director Mr. Kevin Whitcraft၊ JLR မှ Government Affairs Director Mr. Stephen Crisp နှင့် Capital Diamond Star Group မှ Group Managing Director ဦးကိုကိုကြီးတို့က Jaguar and Land Rover Car Showroom ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် Capital Automotive Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်ထွန်းက Jaguar and Land Rover အမျိုးအစားကားများ တင်သွင်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဗြိတိန်နိုင်ငံ သံအမတ်ကြီးက ဂုဏ်ယူဝမ်းမြောက်စကားပြောကြားကာ Jaguar Land Rover- JLR မှ Government Affairs Director Mr. Stephen Crisp က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ Capital Diamond Star Group မှ Group Managing Director ဦးကိုကိုကြီးက လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်အတွင်းရှိ အောင်ဇေယျာမင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀၀ အား ပေးအပ်လှူဒါန်းသည်။

ထို့နောက် Capital Automotive Ltd. မှ General Manager Mr. Mike Pease က All New Rang Rover Sport မော်တော်ယာဉ်နှင့် Jaguar F- Type Reveal မော်တော်ယာဉ်များနှင့် ပတ်သက်သည့် အချက်အလက်များကို ဗီဒီယိုဖိုင်ဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်ထိုမြို့နယ်အတွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှုများဖြစ်

ကျိုက်ထို ဇွန် ၁၄

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သထုံမှ ရန်ကုန်သို့ သွယ်တန်းထားသော ၁၀ လက်မပိုက်လိုင်းဟောင်းသည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ကျိုက်ထိုမြို့နယ် သထုံစုကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်းဟောင်း မိုင်တိုင် အမှတ် (၉၀/၀)နှင့် (၉၀/၁)အကြား တံတားအမှတ်(၁/၉၂)အနီးတွင် ဓာတ်ငွေ့ယိုစိမ့်မှု လေးနေရာဖြစ်ပွားခဲ့ရာ ဇွန် ၁၂ ရက် နံနက်ပိုင်းမှစ၍ ပြုပြင်ခဲ့ရာ ဇွန် ၁၃ ရက် မွန်းလွဲပိုင်းတွင် ပြီးစီးကြောင်း သိရသည်။

"ဒီပိုက်လိုင်းက သိမ်ဇရပ်မှာရှိတဲ့ စစ်တောင်းစက္ကူစက်နဲ့ ရန်ကုန်ကို အရင်ကပေးပို့တဲ့ လိုင်းဟောင်းပါ။ သက်တမ်းလည်းအတော်ကြာပါပြီ၊ အခုအသုံးမပြုတော့ပါဘူး။အသုံးမပြုပေမယ့် ပိတ်မထားတော့အထဲမှာ ဓာတ်ငွေ့က ရှိနေပါတယ်။ ဒီနားတစ်ဝိုက်မှာပဲ ယိုစိမ့်တဲ့နေရာ လေးနေရာတွေ့ထားပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်း ၁၀ လက်မ ပိုက်လိုင်းသည် စစ်တောင်းစက္ကူစက်လည်ပတ်စဉ်က အသုံးပြုခဲ့ပြီး စစ်တောင်းတံတားဟောင်းပေါ်မှ ဖြတ်သန်းကာ ရန်ကုန်သို့ သွယ်တန်းပေးပို့သော ပိုက်လိုင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်ပိုင်းကလည်း သထုံမြို့နယ် တောကြီးကျေးရွာအနီးတွင် မြိုင်ကလေး-ရန်ကုန် ၂၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ ဇွန် ၁၁ ရက် ညနေ ၆ နာရီတွင် ပြုပြင်ပြီးစီးခဲ့ကြောင်း သိရသည်။ **(ရဲခေါင်ဦး)**

စာပေရေချမ်းစင်များ ဖွင့်လှစ်ထားရှိ

နောင်တရား ဇွန် ၁၄

ပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေး၊ စာဖတ်သည့် အလေ့အထများဖြစ်ပေါ်လာစေရေး ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နောင်တရားမြို့နယ်ခွဲရုံးသည် နံရံကပ်စာပေရေချမ်းစင် (Mini Book Corner)များကို နောင်တရားမြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ပြည်သူ့ဆေးရုံ၊ ပအိုဝ်းထိပ်တန်းကားဂိတ်၊ မြို့မဈေးတို့တွင် ဧပြီ ၃၀ ရက်တွင် လည်းကောင်း၊ တီကျစ်ကျေးရွာအုပ်စုတွင် ဇွန် ၁၂ ရက်ကလည်းကောင်း ဖွင့်လှစ်ထားပြီးဖြစ်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ဥပဒေအရ ဖြစ်ပေါ်လာသည့် နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို လေးစားလိုက်နာကျင့်သုံးနေထိုင်သွားကြရမည်

နေပြည်တော် ဇွန် ၁၄

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးအောင်ကြည်၊ ဦးခင်ရီနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရခိုင်ပြည်နယ် မြေပုံမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့ တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြေပုံမြို့နယ်အတွင်း မကြာမီအကောင်အထည်ဖော် ဆောင်ရွက်မည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီပေးနိုင်စေရေးဆိုင်ရာများ၊ နိုင်ငံတော် အစိုးရသစ်လက်ထက်တွင် မိမိဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဝိုင်းဝန်းအကြံပေးဆွေးနွေးသွားနိုင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထိုသို့ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးပွင့်စီမံချက်ချမှတ်ကာ တိုင်းရင်းသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုကို ဒေသခံတိုင်းရင်းသားများ တောင်းဆိုသည့်အတိုင်း မြေပြင်ကွင်းဆင်း၍ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မိုးပွင့်အဆင့်(၅) အထိ ဆောင်ရွက်၍ တိုင်းရင်းသား ဦးရေ သုံးသောင်းနီးပါးကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးပြီးဖြစ်ပါကြောင်း။

ယခုအခါ မြေပုံမြို့နယ်ကို စမ်းသပ်နယ်မြေအဖြစ် သတ်မှတ်ကာ နိုင်ငံသားဖြစ်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ လာမည့်ဇူလိုင်လအတွင်း မိုးပွင့်အဆင့်(၆)ကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်၍ ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း၊ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းစဉ်များ ပြီးစီးပြီဖြစ်၍ ဒုတိယအဆင့်လုပ်ငန်းအကောင်အထည်ဖော်ရေး ကိစ္စရပ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံသားဟုဆိုရာတွင် မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ဥပဒေအရဖြစ်ပေါ်လာသည့် နိုင်ငံသားတစ်ဦးအနေဖြင့်မူ နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို လေးစားလိုက်နာ ကျင့်သုံးနေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ပါက နိုင်ငံသားဖြစ်ခွင့်ကို ပြန်လည်ရုပ်သိမ်းခွင့်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြေပုံမြို့ မြို့မိမြို့ဖများက မြေပုံမြို့နယ်အတွင်း သွေးနှောများ နိုင်ငံသားဖြစ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရေး၊ နိုင်ငံသားဖြစ်သင့်ဖြစ်ထိုက်သူများအား ဖြစ်စေရေးနှင့် မဖြစ်သင့်မဖြစ်ထိုက်သူများအား မဖြစ်စေရအောင် ဝိုင်းဝန်းကူညီလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မျက်မှောက်ကာလ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊လူမှုစီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာတွင် အခက်အခဲများ ရှိပါသော်လည်း အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝပါကြောင်း၊ မြေပုံမြို့ကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူထုအားဖြင့် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အတွက် မြေပုံမြို့သူ မြို့သားများအနေဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ကိုယ်တိုင် ဖန်တီးကြရန်လိုအပ်သကဲ့သို့ မြို့မိမြို့ဖများကလည်း ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

မိမိတို့မြို့နယ်ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ညီညွတ်စုစည်းစွာ ဆောင်ရွက်ကြရာတွင် အချင်းချင်း ညီညွတ်စွာဖြင့် သဟဇာတမျှတစွာ အတူတကွ လုပ်ဆောင်သွားကြရန်လိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ကံသာထွက်ဝနှင့် တောင်ပေါ်ကယ်ဆယ်ရေးစခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မြေပုံမြို့နယ် ဘင်္ဂလီ ယာယီကယ်ဆယ်ရေး စခန်းများသို့ သွားရောက်၍ တာဝန်ခံများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာ၌ ရှေးဦးမဆွ ရှိနှင့်ခဲ့ပြီးဖြစ်သည့် ရင်းနှီးချစ်ခင်မှုကို ပြန်ပြောင်းသတိရကြပြီး ချစ်ခင်ရင်းနှီးစွာ ပိုမိုတိုးတက်ကောင်းမွန်သော လူ့အသိုက်အဝန်း ဖြစ်ပေါ်လာစေရန် ကြိုးစား၍နည်းလမ်းရှာကြရန်လိုပါကြောင်း၊ ထို့အတွက် ပိုမိုကောင်းမွန်သော အခြေအနေကောင်းများကို ရရှိစေရန် ကြိုးပမ်းသင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြီးခဲ့သည့် သန်းခေါင်စာရင်းကာလတွင် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသည့်အတွက် မိမိအနေဖြင့် ဗဟိုသန်းခေါင်စာရင်းကောက်ယူရေးကော်မရှင်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ အလားတူမိမိတို့အနေဖြင့် နိုင်ငံသားဖြစ်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရာတွင်လည်း အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန်လိုပါကြောင်း၊ လက်တွေ့တွင် ရင်ဆိုင်ခံစားနေရသည့် အခက်အခဲများကို မိမိတို့သာ အသိဆုံးဖြစ်ရာ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်နေရန် မလိုအပ်ပါကြောင်း၊ မိမိတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေး၊ မိမိတို့၏ မျိုးဆက်များ အနာဂတ်ကောင်းမွန်လာစေရေးနှင့် နှစ်ဖက်သော လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် သဟဇာတဖြစ်စေရေးအတွက် ယခုဆောင်ရွက်မည့် နိုင်ငံသားဖြစ်ရေးလုပ်ငန်းစဉ်တွင် ဥပဒေနှင့်အညီ မှန်ကန်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် ခေတ်မီတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာစေရန် ပြောင်းလဲဖော်ဆောင်နေပါကြောင်း၊ ယင်းသို့ ဖော်ဆောင်လုပ်ကိုင်ရာတွင် အခွင့်အရေးနှင့်အတူ စိန်ခေါ်မှုများစွာလည်း ရှိနေပါကြောင်း၊ ထို့အတွက် အခွင့်အရေးအများဆုံးရရှိရန်နှင့် စိန်ခေါ်မှု အနည်းဆုံး ဖြစ်စေရန် ကြိုးစားသင့်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေနှင့်အညီ ကိစ္စရပ်တိုင်းကို ဆောင်ရွက်ပေးနေသည်ဖြစ်ရာ အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြောကြားရာ၌ မိမိတို့ရပ်ရွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာတာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုပါကြောင်း၊ အလားတူ နှစ်ဖက်သော လူ့အဖွဲ့အစည်းများအနေဖြင့် အပြန်အလှန်ယုံကြည်မှုများ တိုးတက်လာစေရန် ကြိုးပမ်းသွားကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဒေသခံများအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များ ပညာတတ်များ ဖြစ်လာစေရန် ရည်ရွယ်ဆောင်ရွက်သင့်ကြောင်း၊ ထို့အတွက် ကောင်းမွန်သော အနာဂတ်ကို မျှော်မှန်းကာ လူ့အဖွဲ့အစည်းနှစ်ရပ် ညီညွတ်စွာ သဟဇာတဖြစ်စေရေး၊အငြိုးအာဃာတများကို မေ့လျော့ကာ မိမိတို့၏ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်တိုးတက်လာစေရေးအတွက် ရှေးရှုဆောင်ရွက်ရန်လိုပါကြောင်းဖြင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲမည်

နေပြည်တော် ဇွန် ၁၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် နေ့စဉ် ရန်ကုန်မှ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ သံတွဲ၊ ကော့သောင်း၊ ထားဝယ်၊ မြိတ်၊ မြစ်ကြီးနားမြို့များသို့ ပျံသန်းမည်ဖြစ်သည်။

ထို့ပြင် ပူတာအိုသို့ အင်္ဂါ၊ ဗုဒ္ဓဟူး၊ကြာသပတေး၊ စနေ၊ တနင်္ဂနွေနေ့များ၊ ဟဲဟိုးသို့ တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ၊ တနင်္ဂနွေ၊ ကျိုင်းတုံသို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေ၊ လွိုင်ကော်သို့ တနင်္လာ၊ ကြာသပတေး၊ စနေ၊ တနင်္ဂနွေ၊ မိုင်းဆတ်သို့ ကြာသပတေး၊ တနင်္ဂနွေ၊ ဗန်းမော်သို့ အင်္ဂါ၊ ဟုမ္မလင်းသို့ အင်္ဂါ၊ စနေ၊ ကျောက်ဖြူသို့ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ မော်လမြိုင်သို့ တနင်္လာ၊ ကြာသပတေး၊ စနေ၊ ကလေးသို့ တနင်္လာ၊ သောကြာ၊ တနင်္ဂနွေ၊ လားရှိုးသို့ အင်္ဂါနေ့များတွင် ပျံသန်းမည်ဖြစ်သည်။

မန္တလေးမှလည်း ကျိုင်းတုံသို့ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ မုံရွာနှင့် ဟုမ္မလင်းသို့ အင်္ဂါ၊ စနေ၊ လားရှိုးသို့ တနင်္လာ၊ ကြာသပတေး၊ တာချီလိတ်သို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ ခန္တီးသို့ အင်္ဂါ၊ သောကြာ၊ ကလေးသို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေ၊ ဗန်းမော်သို့ အင်္ဂါ၊ လွိုင်ကော်သို့ ဗုဒ္ဓဟူး၊ မြစ်ကြီးနားသို့ Embraer-Jet နှင့် ATR လေယာဉ်များဖြင့် ဇွန် ၂၂ ရက်စတင်၍ နေ့စဉ် ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

(တင်ထွန်းအောင်)

ယူကရိန်းအစိုးရစစ်လေယာဉ် ပစ်ချခံရ

ကီယက်ဗ်   ဇွန်   ၁၄

ယူကရိန်းစစ်လေယာဉ်တစ်စင်းကို ရုရှားလိုလားသော ခွဲထွက်ရေးသမားများက ပစ်ချသဖြင့် တပ်ဖွဲ့ဝင်အချို့သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု စနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

နိုင်ငံအရှေ့ပိုင်း လူဟန့်မြို့ ကောင်းကင်ယံတွင် အိုင်အဲလ်-၇၆ သယ်ယူပို့ဆောင်ရေးလေယာဉ်သည် အောက်မှ လေယာဉ်ပစ်လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းခံရသဖြင့် ပျက်ကျခဲ့ကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

တပ်ဖွဲ့ဝင်အချို့သေဆုံးကြောင်းပြောသော်လည်း အရေအတွက်အတိအကျကိုမူ ထုတ်ဖော်ပြောဆိုခြင်းမပြုပေ။ လေယာဉ်ပေါ်၌ လူ ၄၉ ဦးလိုက်ပါခဲ့သည်ဟု ယူဆရသည်။

လေယာဉ်သည် တပ်ဖွဲ့ဝင်များနှင့် စစ်လက်နက်ပစ္စည်းများကို သယ်ဆောင်လာခဲ့ပြီး လူဟန့်မြို့လေဆိပ်တွင် ဆင်းသက်ရန်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်ရာ၌ လေယာဉ်သည် လေဆိပ်သို့ ဆင်းသက်ခါနီးတွင် ခွဲထွက်ရေးသမားများက ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ကာကွယ်ရေးဝန်ကြီးဌာနက သေဆုံးသွားခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၏ မိသားစုများထံ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့သည်။

လူဟန့်မြို့နိုင်ငံတကာလေဆိပ်ရှိ အစိုးရတပ်ဖွဲ့များကို ရုရှားလိုလားသည့်ခွဲထွက်ရေးသမားများက အဆက်မပြတ်တိုက်ခိုက်ခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်မပြည့်မီတွင် စစ်လေယာဉ် ပစ်ချခြင်းခံရခြင်းဖြစ်သည်။

လေဆိပ်သည် အစိုးရတပ်များ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော်လည်း မြို့၏ ကျန်နယ်မြေအများစုကို ခွဲထွက်ရေးသမားများက ချုပ်ကိုင်ထားသည်။

ဘီဘီစီ။

ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ ရုရှားလိုလားသော ခွဲထွက်ရေးသမားများကို တွေ့ရစဉ်။

ယူကရိန်းနယ်မြေအတွင်း ရုရှားတင့်ကားများ ဝင်လာခြင်းကို သမ္မတ လက်သင့်မခံ

ကီယက်ဗ်   ဇွန်   ၁၄

ယူကရိန်းပိုင်နက်နယ်မြေအတွင်းသို့ ရုရှားတင့်ကားများ ဝင်ရောက်လာသည်ဟူသော သတင်းများထွက်ပေါ်ခဲ့ရာ လက်သင့်ခံနိုင်ဖွယ်ရာ မဟုတ်ကြောင်း သမ္မတ ပီထရိုပိုရိုချင်ကိုက ရုရှားသမ္မတဗလာဒီမာပူတင်ကို ပြောကြားခဲ့ကြောင်း ကြာသပတေးနေ့နှောင်းပိုင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

နိုင်ငံအရှေ့ပိုင်းခွဲထွက်ရေးသမားများ ထိန်းချုပ်ထားသည့် နယ်မြေအတွင်းသို့ ရုရှား တင့်ကားသုံးစီး ဝင်ရောက်လာပြီး တိုက်ပွဲများ စတင်ဖြစ်ပွားကြောင်း ယူကရိန်းပြည်ထဲရေးဝန်ကြီးက စောစောပိုင်းတွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက အဆိုပါသတင်းကိုငြင်းဆိုသည်။ လုပ်ကြံဖန်တီးသော သတင်းသာဖြစ်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ထိုစဉ်အတွင်း ကြာသပတေးနေ့နှောင်းပိုင်း၌ ခွဲထွက်ရေးခေါင်းဆောင်တစ်ဦးပိုင်သောမော်တော်ယာဉ်တစ်စီး ပေါက်ကွဲခဲ့သည်။ ဒွန်းနက်သမ္မတနိုင်ငံ၏ ခေါင်းဆောင်ဆိုသူ ကားပိုင်ရှင် ဒင်းနစ်ပူရှီလင်သည် အခင်းဖြစ်ပွားစဉ် ကားအတွင်း၌ မရှိဟု သတင်းများက ဆိုသည်။

ဘီဘီစီ။

ဆွန်နီသူပုန်ထမှုအား ချေမှုန်းနိုင်ရေးအတွက် အီရတ်ကို ကူညီမည်ဟု အီရန်သမ္မတပြောကြား

တီဟီရန်   ဇွန်   ၁၄

ဆွန်နီအစွန်းရောက်သောင်းကျန်းသူများအား ချေမှုန်းနိုင်ရေးအတွက် အီရတ်အစိုးရကိုအကူအညီပေးရန်အသင့်ရှိကြောင်း အီရန်သမ္မတ ဟာဆန်ရူဟာနီက ပြောကြားကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

သို့ရာတွင် အီရတ်အစိုးရတပ်ဖွဲ့များ၏ စစ်ဆင်ရေးအတွက် အထောက်အပံ့ဖြစ်စေရန် အီရန်က ၎င်း၏တပ်ဖွဲ့များကို စေလွှတ်ပေးခဲ့သည်ဆိုသော သတင်းများကိုမူ ၎င်းကငြင်းဆိုသည်။

အီရတ်နိုင်ငံ၌ အစ္စလာမ့်စ်နိုင်ငံထူထောင်ရေးအတွက် တိုက်ခိုက်နေသည့် စစ်သွေးကြွသောင်းကျန်းသူများက မိုဆူးလ်နှင့် တီကရစ်မြို့များကို သိမ်းယူခဲ့ပြီး မြို့တော်ဘဂ္ဂဒက်အနီးသို့ ဦးတည်ရွေ့လျားနေကြသည်။

ဆွန်နီသောင်းကျန်းသူများက အီရတ်နိုင်ငံရှိ ရှီးယိုက်မွတ်စလင်တို့ကို တိုက်ခိုက်ရန် ပြင်ဆင်လျက်ရှိသည်။

အီရတ်နိုင်ငံတွင် ဆွန်နီမွတ်စလင်လူနည်းစုအပေါ်အခြေခံကာ အာဏာကိုတည်ဆောက်ထားသော သမ္မတ ဆက်ဒမ်ဟူစိန်အား ဖယ်ရှားခဲ့ပြီးနောက် အုပ်ချုပ်ရေးအာဏာလက်ဝယ်ရရှိလာသည့် ရှီးယိုက်ခေါင်းဆောင်ပိုင်းနှင့် အီရန်နိုင်ငံက နီးကပ်စွာပူးပေါင်းဆောင်ရွက်ခဲ့သည်။

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များ သိမ်းယူထားစဉ်အတွင်း အိုင်အက်စ်အိုင်အက်စ်အမည်ရှိ စစ်သွေးကြွအဖွဲ့ ကြီးထွားလာပြီး ၎င်းအဖွဲ့သည်အီရတ်၏ အိမ်နီးချင်း ဆီးရီးယားနိုင်ငံမှ သမ္မတ ဘာရှားအယ်လ်အာဆတ်၏ စိုးမိုးမှုအား တိုက်ခိုက်နေသည့် စစ်သွေးကြွအုပ်စုအချို့တွင်ပါဝင်သည်။

အီရတ်အစိုးရက အကူအညီတောင်းခံလာပါက မည်သည့်အထောက်အပံ့အကူအညီကိုမဆို ပေးအပ်မည်ဖြစ်ကြောင်း အီရန်သမ္မတရူဟာနီက ၎င်း၏ သမ္မတရာထူးရွေးချယ်တင်မြှောက်ခံရသည့် တစ်နှစ်ပြည့်အထိမ်းအမှတ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဘီဘီစီ။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ဘူတာရုံတစ်ရုံ၌ လုံခြုံရေးစောင့်ကြပ်နေသော တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

အာဖရိကစစ်သွေးကြွလေးဦး ဖမ်းမိနိုင်ရေး အမေရိကန်ဆုငွေထုတ်

ဝါရှင်တန်   ဇွန်   ၁၄

နိုင်ငံခြားသားများအား ပြန်ပေးဆွဲခြင်းနှင့် အနောက်အုပ်စုနိုင်ငံများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းတို့တွင် ပါဝင်ပတ်သက်နေသော အာဖရိကစစ်သွေးကြွလေးဦး ဖမ်းဆီးရမိရေးအတွက် အကူအညီပေးနိုင်သူကို ဒေါ်လာ ၁၈ သန်း ဆုငွေချီးမြှင့်ပေးမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ဇွန် ၁၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

နိုင်ဂျီးရီးယားနိုင်ငံမှ ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့မှ အဖွဲ့ဝင်ဟောင်းတစ်ဦး၊ မာဂါရက်ဒေသအခြေစိုက်သည့် အနောက်အာဖရိက အိုနီနက်စ်နှင့် ဂျီဟတ်လှုပ်ရှားမှုအဖွဲ့ ထူထောင်သူ ခေါင်းဆောင်နှစ်ဦး၊ အမေရိကန်ပြည်ထောင်စုပျက်စီးရာပျက်စီးကြောင်းအတွက် ကြံစည်အားထုတ်ခဲ့သူ အီဂျစ်လူမျိုး အစွန်းရောက်တစ်ဦးတို့ကို ဖမ်းဆီးရမိရေးအတွက် အကူအညီပေးနိုင်သူများကို ဆုငွေများ ပေးအပ်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန၏ ကြေညာချက်တွင်ဖော်ပြသည်။ **ရိုက်တာ။**

အမေရိကန်စစ်သုံ့ပန်းဟောင်း ဆေးဝါးကုသမှုဆက်လက်ခံယူ

ဆန်အန်တိုနီယို   ဇွန်   ၁၄

တာလီဘန်အဖွဲ့၏ စစ်သုံ့ပန်းအဖြစ် ငါးနှစ်ကြာမျှ ထိန်းသိမ်းခံခဲ့ရပြီးနောက် လွန်ခဲ့သည့်လက ပြန်လည်လွတ်မြောက်လာခဲ့သူ အမေရိကန်ကြည်းတပ် တပ်ကြပ်ကြီး ဘိုဝီဘာ့ဂ်ဒါးလ်သည် တက္ကဆက်ပြည်နယ်ရှိ ကြည်းတပ်ဆေးရုံတစ်ရုံသို့ ဇွန် ၁၃ ရက်တွင် ရောက်ရှိလာခဲ့ကြောင်း၊ ၎င်းသည် အပြည့်အဝပြန်လည်နာလန်ထူသည်အထိ ဆေးဝါးကုသမှုဆက်လက်ခံယူရမည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

တပ်ကြပ်ကြီး ဘာ့ဂ်ဒါးလ်အား ဂျာမနီနိုင်ငံရှိ ရမ်စတိန်းလေတပ်စခန်းမှ တက္ကဆက်ပြည်နယ် ဆန်အန်တိုနီယိုမြို့ရှိ ဘရွတ်ကြည်းတပ်ဆေးရုံသို့ စစ်လေယာဉ်တစ်စင်းဖြင့် သယ်ဆောင်လာခဲ့သည်။

ဘာ့ဂ်ဒါးလ်သည် ၂၀၀၉ ခုနှစ် ဇွန်လက အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်သုံ့ပန်းအဖြစ် အဖမ်းခံခဲ့ရပြီး ယခုနှစ် မေ ၃၁ ရက်တွင် ကျူးဘားနိုင်ငံ ဂွမ်တာနာမိုပင်လယ်အော်အကျဉ်းစခန်းမှ တာလီဘန်တပ်မှူးငါးဦးနှင့် အပြန်အလှန်ဖလှယ်ရေး အစီအစဉ်အရ ပြန်လည်လွတ်မြောက်လာခဲ့သည်။

ရိုက်တာ။

ဖီဖာစုံစမ်းစစ်ဆေးမှုကို လျစ်လျူရှုသည့်အတွက် ဘက်ကင်ဘောင်ဝါကို ရက် ၉၀ ဘောလုံးလှုပ်ရှားမှု မပြုလုပ်ရန် ပိတ်ပင်

ဂျီနီဗာ   ဇွန်   ၁၄

ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရ နိုင်ငံများ ရွေးချယ်ခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနေခြင်းကို ဖရန့်ဘက်ကင်ဘောင်ဝါ**(ဝဲပုံ)**က ပူးပေါင်းပါဝင်ရန် ပျက်ကွက်သဖြင့် ၎င်းအား ရက်ပေါင်း ၉၀ ဘောလုံးလှုပ်ရှားမှုများ မပြုလုပ်ရန် ပိတ်ပင်လိုက်ကြောင်း သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရှေ့နေ မိုက်ကယ်ဂါစီယာဦးဆောင်သည့် ဖီဖာစုံစမ်းစစ်ဆေးမှုကို အကူအညီပေးပါရန် ကမ္ဘာ့ဖလားရရှိခဲ့ဖူးသူ ဂျာမန်နာမည်ကျော် ဘောလုံးသမားဟောင်းကို မေတ္တာရပ်ခံခဲ့သည်။

အသက် (၆၈)နှစ် ရှိပြီဖြစ်သည့် ဘက်ကင်ဘောင်ဝါသည် ရုရှားနိုင်ငံကို ၂၀၁၈ ခုနှစ်တွင်လည်းကောင်း၊ ကာတာနိုင်ငံကို ၂၀၂၂ ခုနှစ်တွင်လည်းကောင်း အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ပေးရန် ဖီဖာအလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦးအနေဖြင့် မဲပေးခဲ့သည်။

၎င်းသည် ဂျာမနီအိမ်ရှင်အဖြစ် ကျင်းပသော ၁၉၇၄ခုနှစ် ကမ္ဘာ့ဖလားကို အိမ်ရှင် အသင်းခေါင်းဆောင်အဖြစ် ပထမအကြိမ်ရယူခဲ့ပြီးနောက် ၁၆နှစ်အကြာ အီတလီ၌ ကျင်းပသောပွဲတွင် အသင်းနည်းပြအဖြစ် ဒုတိယအကြိမ် ရယူနိုင်ခဲ့သည်။

လွတ်လပ်သော စုံစမ်းစစ်ဆေးခြင်းကို အကူအညီပေးရန် မေတ္တာရပ်ခံချက်အား ဘက်ကင်ဘောင်ဝါက နှစ်ကြိမ်တိုင်တိုင် လျစ်လျူရှုခဲ့သည်ဟု ဖီဖာက ပြောကြားသည်။ ဂါစီယာက ၎င်းကို မည်သည့်အကြောင်းခြင်းရာများ မေးမြန်းရန် အလိုရှိခြင်းကိုမူ အသေးစိတ် ထုတ်ဖော်ပြောဆိုခြင်း မပြုပေ။

ကာတာနိုင်ငံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိရန် ထောက်ခံခြင်းအတွက် ကာတာဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူ မိုဟာမက်ဘင်ဟမ်မန်းက ဖီဖာတာဝန်ရှိသူများကို စုစုပေါင်း ပေါင်ငွေသုံးသန်းပေးခဲ့သည်ဟူသော စွပ်စွဲချက်သည်လည်း စုံစမ်းစစ်ဆေးမှုတွင် ပါဝင်ကြောင်း "ဆန်ဒေးတိုင်း(မ်)" ဖော်ပြထားသည်။ **ဘီဘီစီ။**

○ ကျောဖုံးမှ

ယင်းနောက် ဇေယျာသီရိမြို့နယ်မှ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများကိုယ်စား ရေဆင်းအခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက အခြေခံပညာအထက်တန်းအဆင့် အောင်မြင်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ တည်ဆောက်အံ့ဟူသည့် ဆောင်ပုဒ်နှင့်အညီ ထူထောင်ကြရမည်ဖြစ်ကြောင်း၊ အကောင်းအဆိုး၊ အမှားအမှန်ဝေဖန်ပိုင်းခြားသိမြင်ပြီး ကောင်းအောင်မှန်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ မည်သည့်ပညာရေးစနစ်ကျင့်သုံးသည်ဖြစ်စေ ပညာရေးပတ်ဝန်းကျင်ကောင်းရှိရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများသည် ကျောင်းသားများကို ပညာတတ်မြောက်အောင် သင်ကြားပေးရန် လိုအပ်သကဲ့သို့ ကျောင်းသားများကလည်း တတ်မြောက်အောင် သင်ယူရန် လိုအပ်ပါကြောင်း၊ ယင်းသို့ သင်ကြားသင်ယူနိုင်ရန် မိဘ၊ ဆရာ၊ ကျောင်းသား စသည့် ပတ်ဝန်းကျင်ကောင်းသည် အရေးကြီးပါကြောင်း။

မိဘများသည် လက်ဦးဆရာများဖြစ်၍ ဂုဏ်ပြုခံကျောင်းသား ကျောင်းသူများနှင့်အတူ ဖိတ်ကြားဂုဏ်ပြုရခြင်းဖြစ်ပါကြောင်း၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် အမျိုးသားပညာရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား၊ ဆရာ၊ မိဘများနှင့် ကောင်းမွန်သည့် ပညာရေးပတ်ဝန်းကျင်သည် အနာဂတ်မျှော်လင့်ချက်များဖြစ်သည့် ကျောင်းသား ကျောင်းသူများအတွက် အလွန်အရေးကြီးပြီး ကောင်းမွန်သည့် ပညာရေးပတ်ဝန်းကျင်ကို အမြဲပြုစုပျိုးထောင်ရန် လိုအပ်ပါကြောင်း၊ အခြေခံပညာအထက်တန်းဖြစ်သည့် တက္ကသိုလ်ဝင်တန်းသည် ကျောင်းသား ကျောင်းသူတစ်ဦးအတွက် အရေးပါသည့် ဘဝလမ်းခရီး၊ ဘဝတက်လမ်းဖြစ်ပါကြောင်း၊ စဉ်ဆက်မပြတ် ပညာရည်မြင့်မားရန် အခြေခံပညာအဆင့်မှစ၍ ကောင်းမွန်သည့် ပညာရေးပတ်ဝန်းကျင်တွင် ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ အနန္တဂိုဏ်းဝင် ဆရာဆရာမများသည် ကျောင်းသား ကျောင်းသူများအား ကောင်းမွန်သည့် ကာယ၊ ဉာဏ၊ စာရိတ္တတရားများကို သင်ကြားပေးသွားရမည် ဖြစ်ပါကြောင်း။

မိမိတို့ မိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများကို ကျောင်းသို့ လွှတ်ရုံဖြင့် တာဝန်ကျေပြီဟု မဆိုနိုင်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဘက်စုံထူးချွန်အောင် လေ့ကျင့်သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ ထွန်းပေါက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးစားပေးသည့် မိဘ၊ ဆရာ ဆရာမများနှင့် ပတ်ဝန်းကျင်ကိုလည်း ချီးမြှင့်ဂုဏ်ပြုပေးရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ကို ကောင်းကျိုးပြုသူသည် ပတ်ဝန်းကျင်၏တန်ဖိုးမြင့်တက်လာသည်နှင့်အမျှ တန်ဖိုးမြင့်မားလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အလားတူ နံနက် ၇ နာရီခွဲတွင် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ ဆောက်လုပ်လှူဒါန်းသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျည်တောင်အုပ်စု မွန်းတည့်ခွန်ကျေးရွာရှိ အမှတ် (၁၃၁) အခြေခံပညာမူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အဆိုပါကျောင်းဝင်းအတွင်း ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ ဒုတိယအမှုဆောင်အရာရှိချုပ် ဦးရဲမြင့်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းမှုနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ် တည်ဆောက်မှုဆိုင်ရာ စာရွက်စာတမ်းများကို ဒုတိယမြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးထွန်းအောင်ဆန်းက ကျောင်းသုံးစာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်၏ ခံ့ညားသပ်ရပ်မှုသည် ကုမ္ပဏီ၏ စေတနာပင်ဖြစ်ကြောင်း၊ မှန်ကန်သည့် စေတနာ၊ မေတ္တာသည် အလျားအနံ အတိုင်းအတာ မရှိ အကျိုးကို ဖြစ်ထွန်းစေပါကြောင်း၊ စေတနာ၊ မေတ္တာအရင်းခံ၍ စည်းလုံးညီညွတ်စွာ ဆောင်ရွက်မှသာ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် မှန်ကန်သည့် စေတနာ၊ မေတ္တာတို့ဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် ထူးချွန်သည့် နိုင်ငံ့သားကောင်းရတနာများ ပိုမိုဖြစ်ထွန်းပေါ်ပေါက်ပါစေဟု ဆုတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ ဒုတိယအမှုဆောင်အရာရှိချုပ် ဦးရဲမြင့်၊ ဥတ္တရသီရိခရိုင် ပညာရေးမှူးတို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးက ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး နှစ်ထပ်ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံပေ ၁၀၀ ရှိ သံကူကွန်ကရစ်နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၁၈၅ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဒေသတွင်းနေ လူ့အသိုက်အဝန်းနှစ်ရပ်ကြား အတူတကွ ငြိမ်းချမ်းစွာပူးပေါင်းနေထိုင်သွားရန် လိုအပ်

နေပြည်တော် ဇွန် ၁၄

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးအောင်ကြည်၊ ဦးခင်ရီနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့သည် ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် စစ်တွေမြို့ သင်္ကေပြင်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ကယ်ဆယ်ရေးစခန်းများမှ တာဝန်ခံများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် ဒေသတွင်းနေ လူ့အသိုက်အဝန်းနှစ်ရပ်ကြား အတူတကွ ငြိမ်းချမ်းစွာ ပူးပေါင်းနေထိုင်သွားရန် လိုအပ်ပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူများအားလုံး ကျန်းမာရေး အထူးဂရုပြုရန်နှင့် ကူးစက်ပြန့်ပွားရောဂါများ မဖြစ်ပွားစေရေးအတွက် အားလုံးအလေးထားကြပ်မတ်နေထိုင်ကြရန် အထူးလိုအပ်ကြောင်း၊ မျိုးဆက်သစ်များအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍရပ်များတွင် အဆင်ပြေချောမွေ့စေရန် အနာဂတ်တွင် လုပ်ကိုင်ဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း သင့်လျော်သည့် အစီအမံကောင်းများကို စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဒေသအတွင်း ပြန်လည်ရင်ကြားစေ့ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားနိုင်စေရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ကယ်ဆယ်ရေးစခန်း တာဝန်ခံများအား ၎င်းတို့၏ စခန်းများအလိုက် နိစ္စဓူဝ နေထိုင်စားသောက်လုပ်ကိုင်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းပြီး အကြံပြုဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဘင်္ဂါလီကယ်ဆယ်ရေးစခန်းတွင် နေထိုင်ကြသူများ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကျယ်ကျယ်ပြန့်ပြန့် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် သင်္ကေပြင်၊ အုန်းတောကြီး၊ သဲချောင်း စသည့် ဘင်္ဂါလီကယ်ဆယ်ရေးစခန်းများသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

(သတင်းစဉ်)



စာလေးလေးမှ ဖတ်ချင်သူ

အောင်ခေတ္တဦး

မော်ဘီမြို့ကလေး၏ ဘူတာကွေ့အနီးတွင် "မော်ပီဆရာသိန်း စာကြည့်တိုက်" ရှိပါသည်။ လှူဒါန်းသူများ၏ စေတနာနှင့် စီစဉ်ကြီးကြပ်သူများ၏ လုံ့လဝီရိယကြောင့် ဖြစ်မည်ထင်ပါသည်။ စာအုပ်အတော် စုံစုံလင်လင် ရှိသည့်အပြင် သန့်ရှင်းအေးချမ်းသောပတ်ဝန်းကျင်နှင့် စာဖတ်ခန်းများ၊ ပျူငှာဖော်ရွေသည်းခံသော စာကြည့်တိုက်မှူးငယ်တို့ဖြင့် စာချစ်သောသူတို့ကို စိတ်ချမ်းသာစေသော စာကြည့်တိုက်ငယ်ဖြစ်ပါသည်။

ကျွန်တော်လည်း စာချစ်သူဖြစ်ရာ ကိုယ်တိုင်အသင်းမဝင်ရသေးသော်လည်း သမီးငယ်၏အသင်းဝင်ကတ်ဖြင့် စာအုပ်ငှားဖတ်နေခဲ့ပါသည်။ မိမိဖတ်လိုသော ရှေးစာအုပ်ဟောင်းများကို တော်တော်များများ တွေ့ရသဖြင့် ရတနာသိုက်ကို ဖွင့်မိသလိုဖြစ်နေရပြီး ပျော်ရွှင်ဝမ်းမြောက်နေရပါသည်။

ယခင်ကလည်း တပ်ကြီးကုန်းကျေးရွာ လေထီးလမ်းထိပ်မှ "ပညာဓိက" စာအုပ်ဆိုင်၌လည်း ခေတ်ဟောင်းစာအုပ်များစွာ တွေ့ရ၍ ကျွန်တော် ပျော်ပျော်ကြီး ဖတ်နေခဲ့ရပါသည်။ ယခုတော့ "မော်ပီဆရာသိန်း စာကြည့်တိုက်"နှင့် ကျွန်တော် မိတ်ဆွေဖြစ်နေကြရပြန်ပါ၏။

ယခုနိုင်ငံတော်အစိုးရက စာကြည့်တိုက်များစွာ ဖွင့်ပေးခဲ့သည်ကို တွေ့ရပါသည်။ အလွန်ဝမ်းသာဖြစ်ရပါသည်။ သို့သော် တကယ်ကော ဆက်လက်တည်ရှိကြပါရဲ့လား။ စာဖတ်သူတွေကော ရှိကြရဲ့လား။ လေ့လာကြည့်လျှင် ကောင်းမည်ထင်ပါသည်။ ဒေသအဝေးကြီးသို့ ကျွန်တော်မလေ့လာဖူးပါ။ ကျွန်တော်နေထိုင်ရာကျေးရွာအနီးတွင် ကျေးရွာစာကြည့်တိုက်ငယ် သုံးခုတွေ့ရပါသည်။ တစ်ခါမှ ဖွင့်သည်၊ ငှားသည်၊ ဖတ်သည်ကို မတွေ့ရပါ။ သော့အမြဲပိတ်ထားသဖြင့် စာကြည့်တိုက်မှ စာအုပ်များ အချုပ်ကျနေကြပါသည်။ ဖတ်လို၍ မေးကြည့်ရာ သော့က အုပ်ချုပ်ရေးမှူးထံမှာ လိုလို၊ စာရေးထံမှာလိုလို၊ ပါတီမှာလိုလို လိုလိုများဖြင့်သာ တစ်ခါမှ မဖတ်ခဲ့ရပါ။အခြားဒေသများတွင်လည်း အများစုမှာ ဤသို့သာဟု ကြားသိရပါသည်။ အခမ်းအနားဖြင့်ဖွင့်ပြီး သော့ခတ်ပိတ်ထားသော စာကြည့်တိုက်များဆိုလျှင်တော့ မစွံလှပါ။ တာဝန်ရှိသူများ သိဖို့လိုအပ်ပါသည်။

စာမဖတ်လျှင် အညာခံရမည်ကို လူတိုင်းသိကြပါသည်။ စာဖတ်လျက်နှင့်ပင် အညာခံနေကြရသေးသည် မဟုတ်ပါလား။ ထို့ကြောင့် စာဖတ်သူများပြားလာရန် လိုအပ်ပါသည်။

ကျွန်တော့်ဇာတိ မော်ကျွန်းမြို့မှ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်ကိုလည်း လွမ်းမိပါသည်။ ရှုခင်းကောင်း၊ လေဝင်လေထွက်ကောင်းသော၊ စာအုပ်ပေါင်းများစွာရှိသော၊ အေးချမ်းဆိတ်ငြိမ်သော ဗိုလ်ချုပ်စာကြည့်တိုက်သည် ကျွန်တော်တို့နားခိုရာ စာပေမွေ့ရာ ဖြစ်ခဲ့သည်။

အထူးသဖြင့် လူငယ်များ စာဖတ်ဝါသနာပါရန် လိုအပ်ပါသည်။ လူငယ်ဘဝမှာ ဗဟုသုတပြည့်စုံမှ လူကြီးဘဝအတွက် စိတ်ချရမည်ဖြစ်သည်။ လူငယ်များ စာဖတ်လိုစိတ်ရှိရန်လည်း လူကြီးများက ကြိုးစားပေးရမည်ဖြစ်သည်။

ကျွန်တော်ငယ်စဉ်က စာဖတ်ဝါသနာပါစေရန် ဦးလေးက ကလေးစာပေများကို စတင်ဖတ်ခိုင်းပါသည်။ တက္ကသိုလ်မောင်အောင်ဆွေ၊ ဂယက်နီ၊ မင်းသုဝဏ်၊ နုယဉ် စသဖြင့် ဖတ်ခိုင်းပြီး သူ့ကိုပြန်ပြောပြရသည်။ မှန်လျှင်မုန့်ဖိုး ၁၀ ပြားပေးသည်။ (ထိုစဉ်က ၁၀ ပြားမှာ မုန့်အကြီးကြီး နှစ်ခုရသည်။ စာအုပ်တစ်အုပ်ဖတ် ပြန်ပြော ၁၀ ပြားနှင့် ကျွန်တော်ပိုက်ဆံများများ ရရန်အတွက် တစ်နေ့ကိုသုံးအုပ်၊ လေးအုပ်ဖတ်ပါတော့သည်။ ပြန်ပြောပြနိုင်မှ ပိုက်ဆံရမည်မို့ မှတ်မိအောင်ဖတ်ရပါသည်။) သို့နှင့် စာမဖတ်လျှင် မနေနိုင်သော ကျွန်တော်ဖြစ်လာရသည်။ ယခုအချိန်အထိ စာအုပ်မရှိသော အရပ်တွင် ကျွန်တော်မနေနိုင်ပါ။ စာအုပ်များကို ကျွန်တော့်မိသားစုထက် ချစ်ပါသည်။ ကွယ်လွန်ခဲ့ပြီးဖြစ်သော ဦးလေးကိုလည်း အလွန်ကျေးဇူးတင်ပါသည်။ ဦးလေးကို နမူနာယူ၍ ကျွန်တော့်သမီးများနှင့် မြေးမကလေးကိုပါ စာဖတ်ရန် ပြုစုပျိုးထောင်နေပါသည်။ အတန်အသင့်လည်း အောင်မြင်နေသည်။ လူတိုင်း စာဖတ်စေချင်ပါ၏။

လူငယ်များ စာဖတ်ဝါသနာပါရန် လိုအပ်ပါသည်။ လူငယ်ဘဝမှာ ဗဟုသုတပြည့်စုံမှ လူကြီးဘဝအတွက် စိတ်ချရမည်ဖြစ်သည်။ လူငယ်များ စာဖတ်လိုစိတ်ရှိရန်လည်း လူကြီးများက ကြိုးစားပေးရမည်။

လွန်ခဲ့သောရက်ပိုင်းက "မော်ပီဆရာသိန်း စာကြည့်တိုက်"သို့ စာအုပ်ငှားရန်ရောက်ခဲ့သည်။ တစ်ပတ်လျှင် နှစ်အုပ်ငှားခွင့်ရှိ၍ ဖတ်ပြီးသော သရုပ်ပြမဂ္ဂဇင်းများအပ်ကာ ပြန်ငှားရန် စာအုပ်ရွေးနေမိပါသည်။

ကျွန်တော်စာအုပ်ရွေးချယ်နေရာ စာအုပ်ဗီရိုအနီးသို့ စာကြည့်တိုက်မှူးကလေးမနှင့် အမျိုးသမီးငယ်တစ်ဦးရောက်လာကြသည်။

"အစ်မက ဘယ်လိုစာအုပ်မျိုးဖတ်ချင်တာလဲ"

"အစ်မက စာလေးလေးဖတ်ချင်တာညီမလေးရဲ့၊ အဲဒါရှာပေးပါဦး"

"ဟုတ်ကဲ့ အစ်မ"

အပြန်အလှန်ပြောဆိုနေသံဖြစ်သည်။ ကလေးမငယ်က မစန္ဒာ၊ မိုးမိုး(အင်းလျား)၊ စိမ့်(ပညာရေး)၊ မြသန်းတင့်၊ သခင်ဘသောင်း၊ ဇန်းမော်တင်အောင်၊ မေတ္တာရှင်(ရွှေပြည်သာ)၊ အောင်လင်း စသည့် စာအုပ်ကောင်းများကို ထုတ်ပြသည်။ ထိုအမျိုးသမီးငယ်က မကြိုက်။ ကျွန်တော်ပင်သူထုတ်ပြသော စာအုပ်များထဲမှ ဦးလှဒင်၏ "ရတနာရွှေမြေ" စာအုပ်ကို ယူလိုက်သည်။ နောက်တော့ ထိုမိန်းကလေး အားနာလာဟန်တူသည်။

"နေပါတော့ ညီမလေးရယ်၊ အစ်မဘာသာပဲ ရွေးပါတော့မယ်၊ ညီမလေးကို အားနာလာပြီ"

စာကြည့်တိုက်မှူးငယ်လည်း လက်လျှော့ကာ စားပွဲပြန်၍အလုပ်လုပ်နေတော့သည်။ ကျွန်တော်စိတ်ဝင်စားလာမိသည်။ "သူ ဘယ်လိုစာအုပ်မျိုးဖတ်မှာပါလိမ့်"။

"ရပြီ ညီမလေးရေ အစ်မဖတ်ချင်တာရပြီ"

ဝမ်းသာအားရအသံဖြင့် စာအုပ်ရွေးသူမိန်းကလေး ရောက်လာသည်။ မဂ္ဂဇင်းအထူကြီးနှစ်အုပ်ကိုပိုက်လာပြီး စားပွဲပေါ် ချလိုက်သည်။ ကျွန်တော်စိတ်ဝင်တစားကြည့်မိသည်။ "Fashion Image" မဂ္ဂဇင်းနှင့် "သရဖူ"မဂ္ဂဇင်းနှစ်အုပ် ဖြစ်သည်။ ကျွန်တော်နားလည်လိုက်ပါပြီ။ သူဖတ်ချင်သောစာအုပ်လေးလေးဆိုသည်မှာ လေးလံသောစာအုပ်ကိုဆိုလိုခြင်းဖြစ်သည်ကိုး။ "သရဖူ" မဂ္ဂဇင်းနှင့် "Fashion" မဂ္ဂဇင်းတို့သည် ကြွေစက္ကူအကောင်းစားဖြင့် အထူကြီးရိုက်နှိပ်သည့်အပြင် ကြော်ငြာများလည်း ထိုစက္ကူရောင်စုံဖြင့်ပင် အများကြီးကြားညှပ်ထည့်သွင်းထားသည်ဖြစ်ရာ အမှန်ပင်လေးပါသည်။ မဂ္ဂဇင်းများတွင်ပါဝင်သော ဆောင်းပါးမှာလည်း ကောင်းမွန်သော ဆောင်းပါးများဖြစ်သော်လည်း စာကြည့်တိုက်မှူး ကလေးမငယ်ထုတ်ပေးသော စာအုပ်များနှင့်တော့ အရသာချင်းတူကြမည် မဟုတ်ပါပေ။

ဤသို့သော စာဖတ်သူများလည်း ရှိကြပါသေးသည်။ မည်သို့ပင်ဖြစ်စေ စာဖတ်လိုစိတ်ရှိသည်ကို ချီးမွမ်းရမည်ဖြစ်ပြီး နောက်စာဖတ်သက် ရလာတော့လည်း အနှစ်သာရပြည့်သော စာလေးလေးများကို ကြိုက်လာကြမည်ဖြစ်ပေသည်။ အဓိကကျသည်ကတော့ စာကြည့်တိုက်တံခါးများအမြဲပွင့်နေဖို့လိုအပ်ပြီး စာဖတ်သူများပြားလာရေး၊ အတွေးအခေါ် ရင့်ကျက်လာရေးသာ ဖြစ်သည်။

သို့မှသာ နိုင်ငံအနာဂတ် ကောင်းလာမည်ဖြစ်သည်။ လက်ကိုင်ဖုန်းများဖြင့် တစ် chat တည်း chat နေကြသော လူငယ်များ များလာလျှင်ဖြင့် ရင်လေးဖွယ်ဖြစ်ပေလိမ့်မည်။

"ကဲ. . စာလေးလေးတွေဖတ်ကြရအောင်"

"ရပ်ကွက်ထဲက စာအုပ်အချုပ်ခန်းလေးတွေ သော့ဖွင့်ကြရအောင်"

"လူငယ်ကလေးများ စာကြည့်တိုက်သို့ . . . . ချီတက်"

ကျွန်တော့်အိမ်အနီးရှိ လေထီးတပ်မှ စစ်ရေးပြအမိန့်သံဖြင့် ကျွန်တော် အော်လိုက်ချင်ပါဘိ။ ။

သစ်ပင်စိုက်ဖို့ ကြိုးပမ်းစို့

❁ အနောက်တောင်က
သယ်ဆောင်လွှမ်းခြုံ၊ လေမုတ်သုံကြောင့်
မာန်ဟုန်တော်ပျိုး၊ အားသစ်တိုးလျက်
ချစ်မိုးဖြိုင်ဖြိုင်ရွာချေပြီ။

❁ ရွာအနီးက
လုပစိမ်းစို တောရိပ်ညိုဝယ်
ခွန်းချိုကျေးငှက်၊ သံစုံထွက်၍
နစ်သက်ဖွယ်လျှင်၊ အလှဆင်၏။

❁ ဥတုရာသီ၊ တောကိုမှီ့မို့
ရာသီဥတု၊ မှန်ကြောင်းရှုလျက်
ယခုကပင်၊ တို့ပြင်ဆင်၍
သစ်ပင်စိုက်ဖို့ ကြိုးပမ်းစို့။ ။

တက္ကသိုလ်ညိုညိုသန့်

လားရှိုးအကျဉ်းထောင်၌ အခြေခံစာတတ်မြောက်ရေးသင်တန်းဆင်း

လားရှိုး ဇွန် ၁၄

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန လားရှိုးအကျဉ်းထောင်တွင် အကျဉ်းသူ ၅၀ အား အခြေခံစာတတ်မြောက်ရေး သင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အကျဉ်းထောင်ခန်းမ၌ ကျင်းပရာ လားရှိုးမြို့နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က အဖွင့်အမှာစကားပြောကြားပြီး လားရှိုးအကျဉ်းထောင်တာဝန်ခံထောင်မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးက သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းရင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ လားရှိုးအကျဉ်းထောင်တွင် ၂၀၁၄ ခုနှစ်တွင် စာမတတ်မြောက်သော အကျဉ်းသူ ၅၀ အား သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ ဆက်လက်၍လည်း လားရှိုးအကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူများအနက် စာမတတ် မြောက်သောသူများအား သင်တန်းဖွင့်လှစ်၍ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

ဒီမိုးတွင်း ဒီလမ်းလေးပြင်ပေးစေချင်

ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက် (၄)လမ်း ရွှေဟသ်ာရပ်ရှင်ရုံထိပ်ရှိ လမ်းမကြီးမှာ ပျက်စီးနေသည်။**(အပေါ်ပုံ)** သို့ဖြစ်ပါ၍ ရဟန်းရှင်လူ ပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် ဒီမိုးတွင်း ဒီလမ်းလေးကို အဆင်ပြေအောင် တာဝန်ရှိသူများက ပြုပြင်ပေးနိုင်ပါရန် တင်ပြလိုက်ရပါသည်။

(ပဲခူးသား)



မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း

မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၆ ခုနှစ် ၊ ရက်
(၂၀၁၄ ခုနှစ် ၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံဆေးကောင်စီဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဆေးပညာ ဆိုသည်မှာ** ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအားလုံးနှင့် စပ်ဆိုင်သောပညာရပ်ကို ဆိုသည်။

(ခ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံဆေးကောင်စီကို ဆိုသည်။

(ဂ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။

(ဃ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသော ဆရာဝန် မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(င) **မှတ်ပုံတင်ဆရာဝန်** ဆိုသည်မှာ ဆရာဝန်မှတ်ပုံတင်စာရင်းတွင် အမည်တင်သွင်းခြင်းခံရပြီး ဆရာဝန်မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(စ) **ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်၊ ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်နှင့် ကန့်သတ်ကျွမ်းကျင်ဆေးကုသခွင့်လိုင်စင်တို့ကို ဆိုသည်။

(၁) **အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ-

(က) အသိအမှတ်ပြုထားသော ပြည်တွင်းဆေးတက္ကသိုလ်တစ်ခုခုမှ အခြေခံဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသည့် အလုပ်သင်ကာလ ပြီးဆုံးပြီးသော မြန်မာနိုင်ငံသားမှတ်ပုံတင်ဆရာဝန်အား မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ခ) သက်ဆိုင်ရာဆေးကောင်စီက အသိမှတ်ပြုထားသော ပြည်ပဆေးတက္ကသိုလ်တစ်ခုခုမှ ဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသည့် အလုပ်သင်ကာလ ပြီးဆုံးပြီးသူ မြန်မာနိုင်ငံသားဆရာဝန်အား ဆေးကုသခွင့်လိုင်စင် စာမေးပွဲအောင်မြင်ပြီးနောက် မြန်မာနိုင်ငံဆေးကောင်စီကထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(၂) **အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ-
အသိအမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာရရှိပြီး အထွေထွေအထူးဆေးကုသမှုကိုဖြစ်စေ၊ အထူးပြုအထူးကု ဆေးကုသမှုကိုဖြစ်စေ၊ အရည်အချင်းပြည့်မီ၍ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသည်ဟု သတ်မှတ်ခြင်းခံရသော မှတ်ပုံတင်ဆရာဝန်အား မြန်မာနိုင်ငံဆေးကောင်စီကထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(၃) **ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ-
နိုင်ငံခြားသားဆရာဝန်အား မြန်မာနိုင်ငံဆေးကောင်စီမှ ကျင်းပပြုလုပ်သော ဆေးကုသခွင့်လိုင်စင် စာမေးပွဲကို အောင်မြင်ပြီး ကုသခွင့်ရှိသောနေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(၄) **ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ -
သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသော နိုင်ငံခြားသားဆရာဝန်အား ကုသခွင့်ရှိသော ဆေးပညာဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသော နေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(၅) **ကန့်သတ်ကျွမ်းကျင်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ-
ဆေးပညာဘွဲ့ မရရှိသော်လည်း ဆေးကုသခြင်းနှင့် သက်ဆိုင်သော ဘွဲ့တစ်ခုခုရရှိပြီး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အခြေအနေအရ လိုအပ်သဖြင့် ဆေးကုသမှု တစ်ခုခုကို ဆောင်ရွက်နိုင်သည်ဟု ကောင်စီကလည်း အသိအမှတ်ပြုထားသူအား ထုတ်ပေးထားသော လိုင်စင်ကို ဆိုသည်။

(ဆ) **ဆေးကုသပိုင်ခွင့်ရှိသူ** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီတွင် ဤဥပဒေအရမှတ်ပုံတင်ပြီး ဆေးကုသခွင့် လိုင်စင်ရရှိပြီးသူကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံး ခံစားခွင့်ရရှိစေရန်၊

(ခ) ဆရာဝန်များ၏ ဆေးပညာဗဟုသုတ၊ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို အစဉ်တစိုက် ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) ဆေးပညာကို ခေတ်စနစ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လေ့လာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိစေရန်အတွက် ညွှန်ကြားကြပ်မတ်ပေးရန်၊

(ဃ) ဆေးပညာတိုးတက်မှုကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(င) ဆရာဝန်များ၏ ဂုဏ်သိက္ခာ ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(စ) ဆရာဝန်ကျင့်ဝတ်သိက္ခာနှင့်စည်းကမ်းများ လိုက်နာစောင့်ထိန်းရေးကို ကြပ်မတ်ထိန်းသိမ်းပေးရန်၊

(ဆ) မှတ်ပုံတင်ဆရာဝန်များ၏ အမှန်တကယ်နစ်နာမှုများအတွက် လိုအပ်ပါက သင့်လျော်သော အကြံဉာဏ်များပေးရန်၊

(ဇ) လျော်ကန်ကောင်းမွန်သော ဆေးကုသမှုပတ်ဝန်းကျင် ဖြစ်ထွန်းစေရေးအတွက် ပံ့ပိုးကြပ်မတ်မှုပေးရန်၊

(ဈ) နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ ကျန်းမာရေးဝန်ကြီးဌာန၊ အခြားသက်ဆိုင်သောဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ နှီးနွှယ်အဖွဲ့အစည်းများကို အကြံပြုခြင်း၊ တိုက်တွန်းခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း ပြုလုပ်ရန်။

အခန်း(၃)
မြန်မာနိုင်ငံဆေးကောင်စီဖွဲ့စည်းခြင်း

၄။ (က) မြန်မာနိုင်ငံဆေးကောင်စီသည် လုပ်ငန်းသဘောအရ လွတ်လပ်စွာရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။

(ခ) မြန်မာနိုင်ငံဆေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် နိုင်ငံတော်အစိုးရအဖွဲ့ကို တာဝန်ခံသည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂုဏ်သတင်းရှိသော ဝါရင့်အငြိမ်းစားဆေးပညာရှင် (၂)ဦး ပါဝင်သော နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

၆။ ကောင်စီ၏ နာယကအဖွဲ့သည် မြန်မာနိုင်ငံဆေးကောင်စီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊

(ခ) ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊

(ဂ) ဆေးသုတေသနဦးစီးဌာန ဝါရင့်ညွှန်ကြားရေးမှူးချုပ်၊

(ဃ) ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊

(င) ဆေးတက္ကသိုလ် ပါမောက္ခချုပ်များ၊

(စ) မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၂)ဦး၊

(ဆ) မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၂)ဦး၊

(ဇ) ပြည်နယ်၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးများ၊

(ဈ) ဆေးတက္ကသိုလ်များမှ ဥပဒေရေးရာဆေးပညာဌာန ဝါရင့်ပါမောက္ခ/ဌာနမှူး(၁)ဦး၊

(ည) ဆေးတက္ကသိုလ်ပါမောက္ခချုပ်များက ညှိနှိုင်းရွေးချယ်ပေးသော ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ကုပညာ၊ ကလေးကျန်းမာပညာဌာနများမှ ဝါရင့်ပါမောက္ခဆရာဝန်(၁)ဦးစီ၊

(ဋ) အများယုံကြည်လေးစားမှုကိုရရှိပြီး ကောင်စီ၏ လုပ်ငန်းများတွင် စိတ်ပါဝင်စားမှုရှိသည့် အငြိမ်းစားဆရာဝန် ပညာရှင်(၇)ဦး၊

(ဌ) ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်များက မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်သော အစိုးရဝန်ထမ်းမဟုတ်သူ (၁)ဦးစီ၊

(ဍ) အများပြည်သူလေးစားသော ပုဂ္ဂိုလ်(၂)ဦး။

၇။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီအဖွဲ့ဝင်များအနက်မှ ၎င်းတို့၏ ဆန္ဒမဲဖြင့် ဥက္ကဋ္ဌ(၁)ဦး၊ ဒုတိယဥက္ကဋ္ဌ(၁)ဦး၊ အတွင်းရေးမှူး (၁)ဦး၊ တွဲဖက်အတွင်းရေးမှူး(၁)ဦးနှင့် ဘဏ္ဍာရေးမှူး(၁)ဦးတို့ကို ရွေးချယ်တင်မြှောက်စေရမည်။

၈။ (က) နာယကအဖွဲ့သည် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည်-

(၁)	ကောင်စီ ဥက္ကဋ္ဌ	....	ဥက္ကဋ္ဌ
(၂)	ကောင်စီဒုတိယဥက္ကဋ္ဌ	....	ဒုတိယဥက္ကဋ္ဌ
(၃)	ကောင်စီဝင်(၁၀)ဦး	....	အဖွဲ့ဝင်များ
(၄)	ကောင်စီအတွင်းရေးမှူး	....	အတွင်းရေးမှူး
(၅)	ကောင်စီတွဲဖက်အတွင်းရေးမှူး	....	တွဲဖက်အတွင်းရေးမှူး
(၆)	ကောင်စီဘဏ္ဍာရေးမှူး	....	ဘဏ္ဍာရေးမှူး

(ခ) အလုပ်အမှုဆောင်အဖွဲ့ဝင်(၁၀)ဦးအနက်မှ (၇)ဦးအား ကောင်စီဝင်များမှ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ပြီး ကျန်(၃)ဦးအား ကောင်စီဥက္ကဋ္ဌမှ တိုက်ရိုက်ရွေးချယ်နိုင်သည်။

၉။ (က) ဥက္ကဋ္ဌတာဝန် ထမ်းဆောင်မည့်ပုဂ္ဂိုလ်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(၁) ကောင်စီ၏ တာဝန်ဝတ္တရားများကို အချိန်ပြည့်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(၂) ကောင်စီ၏ လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိပြီး ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ ကြပ်မတ်မှုပေးနိုင်သူဖြစ်ရမည်၊

(၃) ဆေးလောကတွင် လူအများယုံကြည်လေးစားမှုရှိသော ဆေးပညာရှင် ဖြစ်ရမည်။

(ခ) အတွင်းရေးမှူးတာဝန်ထမ်းဆောင်မည့် ပုဂ္ဂိုလ်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(၁) ကောင်စီ၏ တာဝန်ဝတ္တရားများကို အချိန်ပြည့် ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(၂) ကောင်စီ၏ လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိပြီး စီမံခန့်ခွဲမှု၊ ကြပ်မတ်မှုပေးနိုင်သူဖြစ်ရမည်၊

(၃) ဆေးလောကတွင် လူအများယုံကြည်လေးစားမှုရှိသော ဆေးပညာရှင်ဖြစ်ရမည်။

၁၀။ (က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်ကြိမ်လျှင် (၄)နှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်းတစ်ဆက်တည်း (၂)ကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

(ဃ) ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ ပုဒ်မ(၆)ပါအတိုင်း အစားထိုးခန့်ထားခြင်း (သို့မဟုတ်) ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်ရမည်။ ထိုသို့ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်စေရမည်။

(င) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၁။ ကောင်စီဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း၊ အစည်းအဝေးကျင်းပခြင်းနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၄)
ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းပြည်ပရှိ ဆေးတက္ကသိုလ်၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဆေးပညာဘွဲ့များကို အသိအမှတ်ပြုခြင်း၊ အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုထားသော ဆေးပညာဘွဲ့များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) မှတ်ပုံတင်ဆရာဝန်စာရင်းနှင့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်စာရင်းများကို ပြုစုထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဃ) ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလို ဆောင်ရွက်ခြင်း၊ အစိုးရဌာန အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်နှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းထိန်းသိမ်းမြှင့်တင်ရန်နှင့် လုံခြုံမှုရှိစေရန် လိုအပ်သောစံချိန်စံညွှန်း သတ်မှတ်ခြင်း၊ ထုတ်ပြန်ခြင်း၊ ဆန်းစစ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) ဆေးပညာသင်ကြားမှုအဆင့်အတန်း မြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာ တက္ကသိုလ်များ သင်ကြားရေးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ညွှန်ကြားခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်နှင့်အညီ ဆရာဝန်များ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားမှု ရရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်များ၊ ဆေးပညာဆိုင်ရာအသင်းအဖွဲ့များ၊ ပညာရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

(ဈ) ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို သတ်မှတ်ခြင်း၊ ထုတ်ပြန်ကြေညာခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဋ) ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

(ဆက်လက်ဖော်ပြပါမည်)

❐ ရွှေဖုံးမှ

လယ်ယာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် ဆားချက်လုပ်ငန်းများပါ ပျက်စီးဆုံးရှုံးသွားခဲ့ရသည့်အတွက် တချို့ဆိုလျှင် စားစရာ၊ ဝတ်စရာ၊ နေစရာမရှိသည်အထိ ဆင်းရဲနွမ်းပါးမှုဒဏ်ကိုခံခဲ့ရပြီး ယနေ့အထိ ဆင်းရဲနွမ်းပါးသည့်ဘဝက ရုန်းမထွက်နိုင်အောင်ရှိနေပါကြောင်း။

ထိုသို့ ဘေးဒုက္ခနှင့်ကြုံတွေ့နေရသည့်အချိန်တွင် မိမိသည် ဝန်ကြီးချုပ်ဘဝဖြင့် တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ မုန်တိုင်းဒဏ်သင့်မြို့ရွာများကို အခေါက်ခေါက်အခါခါ သက်စွန့်ဆံဖျားရောက်အောင်သွားပြီး ကယ်ဆယ်ရေးလုပ်ငန်း၊ ကူညီရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြု ဆောင်ရွက်ခွင့်ရခဲ့သည့်အတွက် ကိုယ့်ဒေသ၏အကျိုး သယ်ပိုးဆောင်ရွက်နိုင်ခဲ့သည်ကို ယနေ့အထိ ဝမ်းသာဂုဏ်ယူနေဆဲဖြစ်ပါကြောင်း။

နာဂစ်မုန်တိုင်း၏ဒဏ်ကြောင့် ဆင်းရဲနွမ်းပါးမှုသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ယနေ့အထိ နာတာရှည်ရောဂါကဲ့သို့ စွဲကပ်နေဆဲပင်ဖြစ်ပါကြောင်း၊ ထိုဆင်းရဲနွမ်းပါးမှု နာတာရှည်ရောဂါကို လုံးဝမပျောက်သည့်တိုင် သက်သာစေရန်အတွက် သမဝါယမဝန်ကြီးဌာနကို ဦးစီးဦးဆောင်ပြုပြီး ဆင်းရဲနွမ်းပါးသူများအတွက် အသေးစားအရင်းအနှီးချေးငွေများ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ ငါးဖမ်းပစ္စည်းများ၊ လက်လုပ်လက်စားများအတွက် လုပ်ငန်းသုံးပစ္စည်းများကို လက်ဝယ်အရောက် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

မိမိတို့အစိုးရတက်လာစက ဆင်းရဲနွမ်းပါးမှုနှုန်း ၂၆ ရာခိုင်နှုန်းရှိပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုအများဆုံးသည် ကျေးလက်နေပြည်သူများဖြစ်ပါကြောင်း၊ ကျေးလက်နေပြည်သူသည်လည်း လူဦးရေ၏အများစုဖြစ်ပါကြောင်း၊ မိမိကိုယ်တိုင် ဆင်းရဲနွမ်းပါးသော ကျေးလက်နေ မိဘနှစ်ပါးမှ မွေးဖွားကြီးပြင်းလာခြင်းဖြစ်၍ ဆင်းရဲနွမ်းပါးမှု၏ဘဝကို ကိုယ်တိုင်ကြုံတွေ့လာခဲ့ရသူဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရတက်လာခါစမှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို မူဝါဒတစ်ရပ်အနေဖြင့် ချမှတ်ပြီး လုပ်ငန်းစဉ် (၈)ရပ်ရေးဆွဲကာ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဆင်းရဲနွမ်းပါးသူများသည် ချမ်းသာရန်ထက် နိစ္စဓူဝလိုအပ်ချက်များဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးများ မကြောင့်မကြ ရရှိရန်လိုပါကြောင်း၊ အလုပ်အကိုင်ရှိမှ ဝင်ငွေရှိမည်၊ နေ့စဉ်ဝင်ငွေရှိမှ နေ့စဉ်စားရေးအတွက် မပူမပင် စိတ်ချရမည်ဖြစ်ကြောင်း၊ မိမိကလေးများကို ပညာသင်ပေးနိုင်မည်၊ ဆေးဝါးကုသနိုင်မည်၊ ယင်းတို့မှာ ဆင်းရဲနွမ်းပါးသူများအတွက် အခြေခံလိုအပ်ချက်များဖြစ်၍ ယင်းလိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနိုင်အောင် မိမိတို့ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း။

မိမိတို့အစိုးရ တိုင်းပြည်တာဝန်ယူခဲ့သည်မှာ သုံးနှစ်ကျော်ရှိပြီဖြစ်ပါကြောင်း၊ ခေတ်ပြောင်း စနစ်ပြောင်းကို စတင်အကောင်အထည်ဖော်ရခြင်းဖြစ်၍ ပြုပြင်ပြောင်းလဲမှုများကို သတိကြီးစွာထားပြီး ဆောင်ရွက်ခဲ့ရပါကြောင်း၊ မိမိတို့သည် ဒီမိုကရေစီစနစ်နှင့် နှစ်ပေါင်းများစွာ ဝေးကွာခဲ့သည့်အတွက် ဒီမိုကရေစီအတွေ့အကြုံ၊ ဒီမိုကရေစီအလေ့အကျင့်များ မရှိသေးကြောင်း၊ ပြုပြင်ပြောင်းလဲရာတွင် မည်သည့်စနစ်မဆို အတွေ့အကြုံအလေ့အကျင့်မရှိဘဲ အလောသုံးဆယ် အဆောတလျင် မပြောင်းလဲသင့်ကြောင်း၊ မိမိတို့၏ နိုင်ငံရေးပြုပြင် ပြောင်းလဲမှု၊ လူမှုစီးပွားပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင် ပြောင်းလဲမှုများကို ပြည်တွင်းပြည်ပ ပညာရှင်များ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့နှင့် ဆွေးနွေးတိုင်ပင်ပြီးမှ အဆင့်ဆင့်တည်တည်ငြိမ်ငြိမ် ပြောင်းလဲခဲ့ရခြင်းဖြစ်ပါကြောင်း။

ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်အတွက် တစ်ဦးချင်း အလုပ်ကိုကြိုးစားလုပ်ကြရန် လိုပါကြောင်း၊ လူတိုင်းသည် တစ်ယောက်နှင့်တစ်ယောက် ကံ၊ ဉာဏ်၊ ဝီရိယချင်းမတူကြပါကြောင်း၊ ကံ၊ ဉာဏ်မရှိသော်လည်း ဝီရိယရှိလျှင် ဝီရိယ၏အကျိုးကို မုချခံစားရမည်ဖြစ်ပါကြောင်း၊ ဉာဏ်ရှိရန်အတွက် သင်ယူလိုသည့် စိတ်ဆန္ဒရှိရန်လိုပါကြောင်း၊ မိမိတို့၏ သားသမီးများကို ပညာတတ်အောင်သင်ပေးရန် အသုံးအဖြုန်းကို အတတ်နိုင်ဆုံးလျှော့ပြီး စုဆောင်းသည့် အလေ့အကျင့်ကိုမွေးရန် မှာကြားလိုကြောင်း။

သမဝါယမဝန်ကြီးဌာန၏ ကူညီထောက်ပံ့မှုများကို ရယူပြီး မိမိဘဝ ဖွံ့ဖြိုးတိုးတက်အောင် မှန်မှန်ကန်ကန်အသုံးချ ပြီး ဆင်းရဲတွင်းက လွတ်ကင်းအောင် ကြိုးစားကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယနေ့အခမ်းအနားသည် ပြည်သူများ လိုအပ်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းအတွက် အသေးစားအရင်းအနှီးချေးငွေထုတ်ပေးခြင်း၊ လယ်ယာနှင့် ရေလုပ်ငန်းသုံး၊ အခြားလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းစသည့် လုပ်ငန်းစဉ် (၂)ရပ်ကို ဧရာဝတီတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် စတုတ္ထအကြိမ်အခမ်းအနားဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နှင့် မြို့ပြနေ အခြေခံပြည်သူများအတွက် ၂၀၁၄ ခုနှစ် မိုးသီးနှံ အသေးစားချေးငွေ ကျပ်သိန်းပေါင်း ၁၁၂၄၉၅ သိန်း၊ တန်ဖိုးငွေကျပ်သိန်းပေါင်း ၈၂၃၈ ဒသမ ၂၅ သိန်းရှိသည့် လယ်ထွန်စက်အပါအဝင် လယ်ယာသုံးစက်ကိရိယာပေါင်း ၁၁၁၅ စီးကို အရစ်ကျငွေချေစနစ်နှင့် ရောင်းချပေးမည့်အပြင် တန်ဖိုးငွေကျပ်သိန်းပါင်း ၄၃၂ သိန်းရှိသည့် အပ်ချုပ်စက်၊ သုံးဘီးဆိုင်ကယ်အပါအဝင် လုပ်ငန်းသုံးပစ္စည်းကိရိယာပေါင်း ၃၂၇ ခု၊ တန်ဖိုးငွေကျပ် သိန်းပေါင်း ၁၄၈၀ ဒသမ ၄၉၅ သိန်းရှိသည့် ငါးဖမ်းလှေ၊ ပိုက်စသည့် ရေလုပ်ငန်းသုံးပစ္စည်း ၅၁၅၀ ခုကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ် အောက်တိုဘာလမှစပြီး ယနေ့အထိ သမဝါယမဝန်ကြီးဌာန၏ ဆောင်ရွက်ပေးထားမှုအခြေအနေကို ရှင်းပြပါက ပြည်သူများ၏ အရင်းအနှီးငွေကျပ်သန်းပေါင်း ၁၄၅၈၁၅ သန်းကျော် ထုတ်ချေးပေးထားပြီး တန်ဖိုးငွေကျပ်သိန်းပေါင်း ၅၄၂၄၅ ဒသမ ၉၁၅ သိန်းရှိသည့် လုပ်ငန်းသုံးယာဉ်၊ စက်ကိရိယာအမျိုးမျိုး အရေအတွက်ပေါင်း ၄၇၆၅ ခုကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထားပြီး အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းသည် ဆင်းရဲမှုလျှော့ချရေး၊ မိမိဘာသာရပ်တည်နိုင်ရေးနှင့် တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်ပါ ကြောင်း။

အသေးစားချေးငွေလုပ်ငန်းတစ်ခုတည်းဖြင့်ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာအောင်၊ တွေ့ကြုံရင်ဆိုင်နေရသည့် အကျပ်အတည်းကျော်လွှားနိုင်အောင် မလုံလောက်ကြောင်း၊ သမဝါယမလုပ်ငန်းသည် တိုင်းပြည်စီးပွားရေး၏ ဒုတိယမဏ္ဍိုင်ဖြစ်သည်နှင့်အညီ တကယ်ထိရောက်ထက်မြက်အောင်ဆောင်ရွက်ရန် လိုသည်ကိုလည်း သတိပြုမိရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် အသေးစားချေးငွေလုပ်ငန်းကို အခြေခံပြီး သမဝါယမအသင်းများကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အောင်မြင်နေသည့် နိုင်ငံတကာ သမဝါယမလုပ်ငန်းများကို လေ့လာကြည့်ရာတွင် သမဝါယမအသင်းနှင့် အသင်းသားများအတွက် အရင်းအနှီး၊ နည်းပညာ၊ သွင်းအားစုနှင့်သတင်းအချက်အလက်တို့ကို အလွယ်တကူရရှိအောင် စီမံဆောင်ရွက်ခြင်း၊ ကုန်ထုတ်ခြင်း၊ အရည်အသွေး စစ်ဆေးခွဲခြားထုပ်ပိုးခြင်း၊ သင့်တင့်မျှတသည့် ဈေးနှုန်းရရှိအောင် ဈေးကွက်တည်ဆောက်ခြင်း၊ ဆုံးရှုံးမှုကာကွယ်ရေးအတွက် Risk Management စနစ်ကျင့်သုံးခြင်းစသည့်နည်းဗျူဟာများဖြင့် သမဝါယမလုပ်ငန်းများနှင့် အသင်းသားများ၏ လုပ်ငန်းများ အစဉ်ရှင်သန်အောင်မြင်အောင် (Sustainable Development) ဆောင်ရွက်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုနှင့် ဆောင်ရွက်နေသည့် ယခုလုပ်ငန်းစဉ်များသည် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့်ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် လည်းကောင်း၊ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ အခြေခံလက်တွေ့ကျပြီး မှန်ကန်သည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ ယခုလုပ်ငန်းစဉ်များ အောင်မြင်လာသည်နှင့်အမျှ နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်းကို ၃၂ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေး၊ ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားလည်း အမှန်တကယ် တိုးတက်လာမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပုသိမ်ခရိုင်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဟောင်း ၂၄ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၇၂၄ သိန်းနှင့် အသင်းသစ် ၄၅၇ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၂၈၈၃၉ သိန်း စုစုပေါင်းငွေကျပ် ၃၀၅၆၃ သိန်းကို အသင်းသားများကိုယ်စား ရေကြည်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းဝင်းထံ လည်းကောင်း၊ ဟင်္သာတခရိုင်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဟောင်း ၃၅ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၂၄၄၈ သိန်းနှင့် အသင်းသစ် ၃၅၈ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၂၁၅၈၅ သိန်း စုစုပေါင်းငွေကျပ် ၂၄၀၃၃ သိန်းကို အသင်းသားများကိုယ်စား ဇလွန်မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးစောဝင်းထံလည်းကောင်း၊ မြောင်းမြခရိုင်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဟောင်း ၁၆ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၁၀၈ သိန်းနှင့် အသင်းသစ် ၂၂၃ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၅၇၉၆ ဒသမ ၅ သိန်း စုစုပေါင်းငွေကျပ် ၁၆၈၇၇ ဒသမ ၅ သိန်းကို အသင်းသားများကိုယ်စား ဝါးခယ်မမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်ဝင်းထံ လည်းကောင်း ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က မအူပင်ခရိုင်အတွင်းရှိစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းဟောင်း ၂၅ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၂၈၂၁ ဒသမ ၅ သိန်းနှင့် အသင်းသစ် ၁၆၃ သင်းအတွက် ပံ့ပိုးချေးငွေကျပ်သိန်း ၉၅၇၀ စုစုပေါင်းငွေကျပ် ၁၂၃၉၁ ဒသမ ၅ သိန်းကို အသင်းသားများကိုယ်စား မအူပင်မြို့နယ် သမဝါယမအသင်းစု အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းထံ လည်းကောင်း၊ ဖျာပုံခရိုင်အတွင်းရှိစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းဟောင်း ၃၂ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၅၈၂ သိန်းနှင့် အသင်းသစ် ၂၅၂ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၅၅၇၆ သိန်း စုစုပေါင်းငွေကျပ် ၁၇၁၅၈ သိန်းကို အသင်းများကိုယ်စား ကျိုက်လတ်မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးသူရထံ လည်းကောင်း၊ လပွတ္တာခရိုင်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဟောင်း ကိုးသင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၀၉၉ သိန်းနှင့် အသင်းသစ် ၁၁၂ သင်းအတွက် ပံ့ပိုးချေးငွေကျပ် ၁၀၃၇၃ သိန်း စုစုပေါင်းငွေကျပ် ၁၁၄၇၂ သိန်းကို အသင်းသားများကိုယ်စား မော်လမြိုင်ကျွန်းမြို့နယ် သမဝါယမအသင်းစု အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ဆွေထံလည်းကောင်း ပေးအပ်သည်။

ထို့ပြင် သမဝါယမဝန်ကြီးဌာနနှင့် ဗဟိုသမဝါယမအသင်း၊ သမဝါယမဘဏ်လီမိတက်တို့ ပူးပေါင်း၍ အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးအပ်သည့် လယ်ယာသုံးစက်ကိရိယာ ၁၁၁၅ စီး၊ လုပ်ငန်းသုံးပစ္စည်း ၃၂၇ မျိုးနှင့် ရေလုပ်ငန်းသုံးပစ္စည်း ၅၁၅၀ မျိုး စုစုပေါင်းစက်ကိရိယာနှင့်ပစ္စည်း ၆၅၉၂ မျိုးကို ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးက တိုင်းဒေသကြီး သမဝါယမအသင်းများကိုယ်စား ဖျာပုံမြို့နယ် အောင်ချမ်းမြကျော် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးငြိမ်းစိန်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းသားများကိုယ်စား မအူပင်မြို့နယ် မလက်တိုကျေးရွာ ပေါင်းစည်းလယ်ယာကုန်ထုတ်သမဝါယမအသင်းစုမှ အသင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခန်းမအနီး ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးပစ္စည်းအမျိုးမျိုးနှင့် ရေလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုးကို လှည့်လည်ကြည့်ရှု၍ တက်ရောက်လာကြသူများကို ရင်းနှီးခင်မင်စွာ နှုတ်ဆက်အားပေးသည်။

ယနေ့ကျင်းပသည့် အခမ်းအနား၌ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်မှ အသင်းပေါင်း ၁၇၁၆ သင်း အသင်းသားဦးရေ ၁၁၂၉၃၁ ဦးအတွက် ထုတ်ချေးငွေကျပ် ၁၁၂၄၉၅ သိန်း ထုတ်ချေးပေးနိုင်ခဲ့သည့်အပြင် လယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ရေလုပ်ငန်းသုံး ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၁၅၁ ဒသမ ၇၄၅ ကို မြို့နယ်ပေါင်း ၂၆ မြို့နယ်မှ အသင်းပေါင်း ၂၅၂ သင်းသို့ ပံ့ပိုးပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မြောင်းမြမြို့ မြို့မအားကစားကွင်း အဆင့်မြှင့်တင် ပြုပြင်ထားမှုကို လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် မြောင်းမြမြို့ရှိ ရွှေသာလျောင်းဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ဘက်စုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြောင်းမြမြို့၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အခုလိုစက်ရုံတွေ အများကြီးဖြစ်လာရင် ကျွန်မတို့သူငယ်ချင်းတွေလည်း အလုပ်ရကြမှာဆိုတော့ . . . . . .

တွေ့ဆုံမေးမြန်း
သူရဇော်(သတင်းစဉ်)

ယနေ့အချိန်တွင် နိုင်ငံတော်က လယ်ယာကဏ္ဍကိုအခြေခံပြီး စက်မှုလယ်ယာကဏ္ဍနှင့် စက်မှုကုန်ထုတ်စွမ်းအားများ တိုးတက်ရေးအတွက် အခြေခံကောင်းများ ဖန်တီးပေးလျက်ရှိသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် များစွာ အရေးကြီးလှသည်။

နိုင်ငံစီးပွားရေး တိုးတက်ကောင်းမွန်စေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ပေသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်နှင့် အခြေခံကောင်းများရှိရန် လိုအပ်သည်။

ယင်းအခြေခံကောင်းများရရှိရန် နိုင်ငံတော်အနေဖြင့် ရေခံမြေခံကောင်းသည့် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ စက်မှုဇုန်များ တည်ထောင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ စက်မှုဇုန်များ ရှင်သန်ခိုင်မာစေရန်အတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖြေလျှော့ခြင်း၊ အခြေခံ အဆောက်အအုံများ တည်ဆောက် ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခြင်းနှင့် လူသား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် အခြေခံကောင်းများ ဆောင်ရွက်ပေးခြင်းတို့ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

စက်မှုဇုန်များအနက် ပုသိမ်မြို့ရှိ ပုသိမ်စက်မှုဇုန်သည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။ ပုသိမ်မြို့အနေဖြင့် မြန်မာနိုင်ငံ၏ နာမည်ကျော် ပေါ်ဆန်းမွှေးထွက်ရှိရာဒေသဖြစ်သည့်အပြင် လယ်ယာလုပ်ငန်း ဖွံ့ဖြိုးသည့် ဒေသတစ်ခုဖြစ်ရာ ယခုကဲ့သို့ စက်မှုဇုန်အသစ်ပေါ်ထွန်းလာခြင်းသည် ဒေသ၏ လိုအပ်ချက်တစ်ခုကို ပိုမိုဖြည့်ဆည်းပေးလိုက်သကဲ့သို့ဖြစ်သည်။

ပုသိမ်စက်မှုဇုန်၌ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများများ ဖန်တီးပေးနိုင်သည့် အထည်ချုပ်စက်ရုံများ အပါအဝင် စက်ရုံ ၁၅ ရုံကို တည်ဆောက်ဖွင့်လှစ်ရန် အစီအစဉ်ရှိကြောင်း သိရှိရပြီး လက်ရှိတွင် အထည်ချုပ်စက်ရုံနှစ်ရုံ လုပ်ငန်းစတင် ဆောင်ရွက်နေသည်ကို တွေ့ခဲ့ရသည်။

ယင်းအထည်ချုပ်စက်ရုံနှစ်ရုံတွင် အလုပ်လုပ်ကိုင်နေသည့် ဝန်ထမ်းများ၏ ရင်တွင်းစကားသံကို ယခုလို ကြားသိခဲ့ရပါသည်-

မအေးမြတ်သူ

မရွှေစင်အိ

မစောအိခိုင်



ဦးသံမင်း

မအေးမြတ်သူ
(အထည်ချုပ်စက်ရုံဝန်ထမ်း)

ကျွန်မဒီမှာအလုပ်ရတာ လေး၊ ငါးလရှိပါပြီ။ အလုပ်ဝင်တော့ ဆယ်တန်းအောင်တဲ့ အတွက် စီမံဌာနမှာ အလုပ်ရပါတယ်။ နေတာကတော့ ပုသိမ်မြို့ပေါ်မှာပါ။ အရင်က ဘာအလုပ်အကိုင်မှ မရှိပါဘူး၊ မိဘတွေကို အားကိုးမှီခိုရပါတယ်။ အခုလို ကိုယ့်မြို့ကိုယ့်ရွာမှာ အလုပ်အကိုင်လည်း ရတယ်။ မိဘတွေကိုလည်း ပြန်ပြီး ကူညီနိုင်လို့ အများကြီး ဝမ်းသာပါတယ်။ အခုလို စက်ရုံတွေ အများကြီးဖြစ်လာရင် ကျွန်မတို့ သူငယ်ချင်းတွေလည်း အလုပ်ရကြမှာဆိုတော့ ပိုကောင်းပါတယ်။

မရွှေစင်အိ
(အထည်ချုပ်စက်ရုံဝန်ထမ်း)

ဒီမှာအလုပ်ရတာ လေးလရှိပါပြီ။ အရင်က ရန်ကုန်မှာသွားပြီး လုပ်ဖူးပါတယ်။ ဒါပေမယ့် အဆင်မပြေဘူးရှင့်။ ဘာလို့လဲဆိုတော့ အိုးတကွဲ အိမ်တကွဲ နေရတဲ့အပြင် အဆောင်နေတဲ့ စရိတ်ကလည်းရှိတော့ အိမ်ကို ပြန်မကြည့်နိုင်ခဲ့ပါဘူး။ အိမ်မှာလည်း အမေက တစ်ယောက်တည်းဆိုတော့ အခုလို မြို့က စက်မှုဇုန်ထဲ ရန်ကုန်မှာလို အထည်ချုပ်စက်ရုံပါတယ်ဆိုလို့ ပြန်လာပြီးလုပ်တာပါ။ ရန်ကုန်မှာထက် အများကြီးအဆင်ပြေပါတယ်။ အိမ်ကနေ အလုပ်လာရင် ဖယ်ရီစီးလာလို့လည်းရတယ်။ ဒါပေမယ့် အိမ်မှာစက်ဘီးရှိတော့ စက်ဘီးနဲ့လာဖြစ်တာများပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့

ပုသိမ်စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသတွင်း လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ထုတ်ပေးနိုင်မည်

နေပြည်တော် ဇွန် ၁၄

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့နှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်စက်မှုဇုန်၌ ဖွင့်လှစ်ထားသည့် မြစ်ဝကျွန်းပေါ် ကုမ္ပဏီလီမိတက် Delta Industrial Company Limited (D.I.G) အထည်ချုပ်စက်ရုံသို့ ရောက်ရှိကြသည်။

စက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက စက်ရုံ၏သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်လည်း လိုအပ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၌ သယံဇာတနှင့် လုပ်သားအင်အားများရှိသော်လည်း အရင်းအနှီးနှင့် နည်းပညာလိုအပ်ချက်များ ရှိပါကြောင်း၊ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိနိုင်ရန် ရည်ရွယ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံသားလုပ်ငန်းရှင်များက ပုသိမ်စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းကို ချီးကျူးပါကြောင်း၊ ပုသိမ်စက်မှုဇုန် ဖွံ့ဖြိုးတိုးတက် လာသည်နှင့် အမျှ ဒေသတွင်းတွင် လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖော်ထုတ်ပေးနိုင်ပြီး လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ပါကြောင်း။

ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် မှန်ကန်သည့် အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးကို တည်ဆောက်ထားရန်၊ လုပ်ငန်းခွင်စည်းမျဉ်းစည်းကမ်းများကိုလည်း တိကျစွာရေးဆွဲထားရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းခွင်ဆိုင်ရာ အရေးကိစ္စများကို ဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်း ဖြေရှင်းခြင်းဖြင့် နှစ်ဖက်လုံးအတွက် ရေရှည်အကျိုးရှိမည့် လုပ်ငန်းခွင်အခြေအနေကို ရရှိမည်ဖြစ်ပါကြောင်း။

ထို့ပြင် အလုပ်သမားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လေ့ကျင့် သင်ကြားမှုများလည်း ပြုလုပ်ပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အထည်ချုပ်စက်ရုံအတွင်းရှိ အထည်ချုပ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများကို ရင်းနှီးခင်မင်စွာ နှုတ်ဆက်အားပေးသည်။

မြစ်ဝကျွန်းပေါ် ကုမ္ပဏီလီမိတက်သည် နိုင်ငံသားပိုင် အထည်ချုပ်စက်ရုံတစ်ရုံဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုမှာ ငွေကျပ် သန်း ၂၀၀၀ ဖြစ်သည်။ အဆိုပါ စက်ရုံကို ၂၀၁၂ ခုနှစ် မတ် ၁၂ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇူလိုင် ၈ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါစက်ရုံအတွက် ကုန်ကြမ်းများကို ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ရရှိပြီး စက်ရုံမှထုတ်လုပ်သော ဂျာကင်၊ ဘောင်းဘီ၊ ဘလောက်စ်အင်္ကျီတို့ကို ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ လက်ရှိတွင် ယင်းစက်ရုံ၌ အလုပ်သမား ၉၀၀ ရှိပြီး အလုပ်သမား ၆၀၀ ထပ်မံခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် စက်ရုံမှ အလုပ်အကိုင်ရှာဖွေပေးနိုင်သည့် အလုပ်သမားအရေအတွက်မှာ စုစုပေါင်း ၁၅၀၀ ခန့်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပုသိမ်စက်မှုဇုန်ရှိ Hakers Enterprise(Myanmar) Co.,Ltd. အထည်ချုပ်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါစက်ရုံ၌ အလုပ်သမား ၂၀၀၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိပြီး စက်ရုံမှ ထုတ်လုပ်သော အဝတ်အထည်များကို နိုင်ငံတကာသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပုသိမ်စက်မှုဇုန်အတွင်း စက်ရုံများ တည်ဆောက်နေမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

လက်ရှိ ပုသိမ်စက်မှုဇုန်တွင် အထည်ချုပ်စက်ရုံနှစ်ရုံ လုပ်ငန်းစတင်ဆောင်ရွက်နေပြီး ဆက်လက်၍ အထည်ချုပ် စက်ရုံကြီးနှစ်ရုံ၊ Steel Structure နှင့် ဆက်စပ်သည့် ဆောက်လုပ်ရေး စက်ရုံတစ်ရုံ၊ သဘာဝကျောက်နှင့် ဆက်စပ်သည့် အချောထည်ပစ္စည်းစက်ရုံတစ်ရုံ၊ ပြည်ပထုတ်လုပ်မည့် ရှပ်အင်္ကျီထုတ်လုပ်သည့် စက်ရုံ သုံးရုံ၊ ပြည်ပထုတ်လုပ်မည့် ဂျာကင်ထုတ်လုပ်သည့် စက်ရုံလေးရုံတို့ အပါအဝင် စက်ရုံ ၁၅ ရုံ တည်ဆောက်ရန် စီစဉ်ထားပြီး ဒေသခံပြည်သူ ၃၀၀၀၀ ခန့် အလုပ်အကိုင်ရရှိမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုသိမ်စက်မှုဇုန်ရှိ (D.I.G) အထည်ချုပ်စက်ရုံ ဝန်ထမ်းများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)



ပုသိမ်စက်မှုဇုန်ရှိ Hakers Enterprise(Myanmar)Co.,Ltd. အထည်ချုပ်စက်ရုံမှဝန်ထမ်းများ လုပ်ငန်းခွင်ဝင်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အိုလံပစ်နေ့ အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၄

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် ၂၀၁၄ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ်အပြည်ပြည်ဆိုင်ရာ စစ်တုရင် ၂၅ မိနစ် အမြန်ရွှေ့ အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲကို ဇွန်လ ၂၇ ရက်မှ ၂၉ ရက်ထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇွန် ၂၅ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ရုံးခန်းသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဘုန်းတော်ကြီးနှင့်သီလရှင်ပညာရေးကျောင်းများ ရန်ပုံငွေ ဂီတဖျော်ဖြေပွဲကျင်းပ

ရန်ကုန် ဇွန် ၁၄

ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ပညာရေးကျောင်းများသို့ လှူဒါန်းမည့် ရန်ပုံငွေဂီတဖျော်ဖြေပွဲကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

"ဒီပွဲလေးလုပ်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ဘုန်းတော်ကြီးကျောင်းနဲ့ သီလရှင်ပညာရေးကျောင်းတွေကို လှူဒါန်းဖို့ပါ။ ဒီမနက်တင် ခြောက်ကျောင်းလှူဒါန်းပြီးသွားပါပြီ။ ဂျပန်ဝန်ကြီးချုပ်ဇနီးနဲ့ မိတ်ဆွေတွေ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းတွေနဲ့ အခြားရန်ကုန်နဲ့မန္တလေးမှာရှိတဲ့ ဘုန်းကြီးကျောင်းတွေနဲ့ သီလရှင်ပညာရေးကျောင်းတွေကို ဒီပွဲကရတဲ့ ရန်ပုံငွေတွေလှူဒါန်းသွားမှာပါ" ဟု ဂီတဖျော်ဖြေပွဲစီစဉ်သူ ဒေါ်ဝေဝေဦးက ပြောကြားသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်အဆိုတော်များ ဖြစ်ကြသည့် R ဇာနည်၊ မေဆွိ၊ မေခလာ၊ ချမ်းချမ်းနှင့် နီနီခင်ဇော်တို့က Lazy Club တေးဂီတအဖွဲ့နှင့်အတူ တွဲဖက်ဖျော်ဖြေတင်ဆက်ခဲ့သည်။

ရန်ပုံငွေဂီတဖျော်ဖြေပွဲမှရရှိသည့် ငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ပညာရေးကျောင်း၂၃ကျောင်းသို့ လှူဒါန်းသွားမည်ဖြစ်သည်။

သတင်း-အောင်ကျော်ဦး
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)



✪ စာမျက်နှာ ၉ မှ

မကျီးပင်ရွာသူ စောအိခိုင်

ဒီမှာ အလုပ်ဝင်တာ တစ်လရှိပါပြီ၊ ကျွန်မတို့က ရွာဘက်ကလာတာဆိုတော့ ဒီမှာ အဆောင်စီစဉ်ပေးပါတယ်။ စားစရိတ်ငြိမ်းပါ။ အရင်က မလုပ်ဖူးပါဘူး၊ အခုမှ စလုပ်တာပါ။ ကျွန်မအဆင်ပြေတာ တွေ့တော့ရွာက လူတွေလည်း စက်ရုံအသစ်ဖွင့်ရင် လာလုပ်ကြမယ်ဆိုတော့ ပိုပျော်ရွှင်မိပါတယ်။

ဦးသံမင်း(စက်ရုံမှူး)

D.I.G အထည်ချုပ်စက်ရုံကို ၂၀၁၁ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပါတယ်။ ဂျာကင်အင်္ကျီ၊ အားကစားဘောင်းဘီ၊ ဘဲမွေးဂျက်ကက်နဲ့ ရှပ်အင်္ကျီ တွေ ချုပ်ပါတယ်။ ဝန်ထမ်းတွေကို လုံလောက်တဲ့ လစာနှုန်းထား ပေးထားပါတယ်။ ကျွမ်းကျင်မှုအပေါ် မူတည်ပြီး အနည်းအများ ကွာခြားမှုတော့ရှိပါတယ်။ နယ်က ဝန်ထမ်းတွေအတွက် အဆောင်စီစဉ်ပေးထားတဲ့ အပြင် စားဖို့အတွက် မနက်၊ နေ့လယ်၊ ညစာစီစဉ်ပေးထားပါတယ်။ မြို့ထဲက လာတဲ့ ဝန်ထမ်းတွေအတွက် ဖယ်ရီကား သုံးစီး စီစဉ်ပေးထားတဲ့အပြင် ဝန်ထမ်းတွေက ဆိုင်ကယ်၊ စက်ဘီးနဲ့ လာတယ်ဆိုရင်လည်း ခရီးစရိတ် ပြန်ပံ့ပိုးပါတယ်။

တခြားဝန်ထမ်းတွေအတွက် လိုအပ်တဲ့ အခြေခံကျန်းမာရေး စောင့်ရှောက်မှုတွေ၊ သာရေးနာရေးကိစ္စတွေကိုလည်း တတ်စွမ်းတဲ့ဘက်က ပံ့ပိုးပေးပါတယ်။ ကျန်းမာရေးအနေနဲ့ စက်ရုံဆေးခန်းတစ်ခုရှိအောင် စီစဉ်ပေးထားပါတယ်။ အခုပုသိမ်မှာ လာရောက်လုပ်ကိုင်ရတာ အဆင်ပြေတယ်။ ကျွန်တော်တို့ စက်ရုံကနေ ပြီး အဓိကတော့ ဥရောပနိုင်ငံတွေကို ပို့ပေးရပါတယ်။ အခုလောလောဆယ် ချုပ်နေတာတွေက UK ကမှာထားတဲ့ အပ်ထည်တွေပါ။ ကျွန်တော်တို့အနေနဲ့ စက်ရုံထပ်မံတိုးချဲ့ဖို့ အစီအစဉ်ရှိပါတယ်။

ဒဂုံကျောင်းသားတစ်ဦး ယာဉ်တိုက်၍ သေဆုံး

ရန်ကုန် ဇွန် ၁၄

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်ကျောင်းဝင်းအတွင်း ဇွန် ၁၂ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ကျောင်းသားတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒဂုံတက္ကသိုလ်ကျောင်းဝင်းအတွင်း (၁၀) မိုင်မှတ်တိုင်အနီးတွင် ဇွန် ၁၂ ရက် ညနေ ၃ နာရီခွဲခန့်က မောင်ကောင်းခန့်ဝင်း (ဒုတိယနှစ် ဥပဒေ) နှင့် မ---- (ဒုတိယနှစ် ဥပဒေ) တို့နှစ်ဦးသည် စကားများရန်ဖြစ်နေရာ မောင်ကောင်းခန့်ဝင်းက မ----၏ လည်ပင်းကိုညှစ်နေစဉ် ကျောင်းလုံခြုံရေးတာဝန်ရှိသူများက တွေ့ရှိ၍ ဖြေရှင်းပေးခဲ့ပြီး ကျောင်းလုံခြုံရေးအဖွဲ့က မ---အားခေါ်ဆောင်လာစဉ် မောင်ကောင်းခန့်ဝင်းသည် ယာဉ်မောင်း ဦးညီညီအောင်မောင်းနှင်လာသော တက္ကသိုလ်ကြို/ပို့ယာဉ် ဘီအမ် အမှတ်----၏ ရှေ့သို့ ဖြတ်ပြေး၍ တိုက်မိခဲ့သဖြင့် နားထင်တွင်သွေးထွက်ပေါက်ပြဲဒဏ်ရာရရှိခဲ့သည်။ ထိုရရှိသောဒဏ်ရာကြောင့် မြောက်ဥက္ကလာပဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ ညနေ ၄ နာရီခန့်တွင် သေဆုံးသွားကြောင်းသိရသည်။ အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

(ဝ၄၈)

✪ ကော့သောင်းမြို့မှ

လှိုင်းတားအကာအရံများ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအကျိုးအလို့ငှာ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ပင်လယ်ဒီရေလှိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသည့် လူနေရပ်ကွက်အနီးရှိ ကမ်းခြေမှာ အရှည် ပေ ၁၀၀၀ ကျော်ဖြစ်ပြီး ကော့သောင်း-ဘုတ်ပြင်း အဝေးပြေးလမ်းမကြီးသို့ စတင်ထွက်ခွာရာလမ်းအစပိုင်း နိုင်လွန်ကတ္တရာလမ်းမကြီးဘေးကပ်လျက်အနေအထားဖြစ်သဖြင့် ပျက်စီးဆုံးရှုံးမှုများ ထပ်မံမဖြစ်ပေါ်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

❖ ပူတာအိုမှ

ယခုလက်ရှိ UNDP ရုံး၌ ဖွင့်လှစ်ရန်စီစဉ်ထားကြောင်းနှင့် ၎င်း Centres ဖွင့်လှစ်ရန်သင့် မသင့် တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများက မိမိတို့၏သဘောထားအမြင်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးစေချင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့များနှင့် လူမှုရေးအဖွဲ့အစည်းကိုယ်စားလှယ်များကို အုပ်စုနှစ်စုဖွဲ့ကာ Community Learning Centres ဖွင့်လှစ်ပါက တွေ့ကြုံနိုင်သည့်အခက်အခဲ၊ အခက်အခဲဖြစ်ပေါ်လာနိုင်သည့် အကြောင်းအရင်းနှင့် ဖြစ်ပေါ်လာသည့်အခက်အခဲကို မည်သို့ဖြေရှင်းဆောင်ရွက်မည်ကို ဆွေးနွေးတင်ပြကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ဖြည့်စွက်ရှင်းလင်းအကြံပြုဆွေးနွေးခဲ့သည်။

(ခရိုင်ပြန်/ဆက်)

✻ လက်ရှိချန်ပီယံမှ

ဂိုးများကို ဆီဇာက ၂၀၊ ၅၉ မိနစ်များတွင် သွင်းယူခဲ့သည်။

(အောင်ဆန်းကွင်း)
GFA - နှစ်ဂိုး
(ယူဒီနှင့် အောင်ကျော်ဌေး)
ဇေယျာရွှေမြေ - နှစ်ဂိုး
(ချူကွာဇူ)
(သုဝဏ္ဏကွင်း)
မနောမြေ - နှစ်ဂိုး
နေပြည်တော် - တစ်ဂိုး
ယနေ့ပွဲ
(ဗထူးကွင်း)
ရတနာပုံ - ကမ္ဘောဇ
(သုဝဏ္ဏကွင်း)
ချင်း - မကွေး
(အောင်ဆန်းကွင်း)
ဇွဲကပင် - Southern

ကျေးရွာကျောင်း အခြေခံပညာအလယ်တန်းအဆင့် တိုးမြှင့်

ပျဉ်းမနား ဇွန် ၁၄

မြို့နှင့် အလှမ်းကွာဝေးသော ကျေးရွာနေ ကျောင်းသား ကျောင်းသူများ အလယ်တန်းပညာကို အခြားကျောင်းများသို့ သွားရောက်သင်ယူရသည့် အခက်အခဲများပြေလည်စေရန် အလယ်တန်းကျောင်းခွဲကို အလယ်တန်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု ဝဲကြီးအရှေ့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ယမန်နေ့က ကျင်းပသည်။

အလယ်တန်းကျောင်းကို နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဘုန်းဇော်ဟန်၊ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့ တာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ နေပြည်တော်ပညာရေးမှူး ဦးမြင့်ဇော်၊ ပျဉ်းမနားမြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ ပျဉ်းမနားမြို့နယ် ပညာရေးမှူး ဦးသန်းလင်းနှင့် တာဝန်ရှိသူများက အဆိုပါကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဝဲကြီးကျေးရွာနှင့် တောင်ခြေရွာများဖြစ်သော ကျောက်ကုန်း၊ ဇီးရိုင်း၊ သာယာအင်း၊ သာယာစု၊ ကြို့တန်း၊ ကူးတို့ဆိပ်၊ ရွှေပြည်သာ၊ ကန်ဦး၊ ဝဲကြီးကျေးရွာများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ မိမိတို့ဒေသအတွင်းတွင် အလယ်တန်းပညာသင်ယူနိုင်ကြမည် ဖြစ်၍ ကျောင်းသားမိဘများ ဝမ်းမြောက်နေကြကြောင်း သိရသည်။ **(ကိုကိုနေ)**

ခေါက်ဆင့်ကျေးရွာ ကျောင်းဆောင်သစ်ဖွင့်

ဒေါ့ဖုန်းယန် ဇွန် ၁၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ်ခွဲ မံပိန်ကျေးရွာအုပ်စု ခေါက်ဆင့်ကျေးရွာ၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပညာရေးဝန်ကြီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုထောက်ပံ့ငွေကျပ် ၂၁၆ သိန်းဖြင့် ဝင်းထီလာကုမ္ပဏီက တာဝန်ယူ၍ အလျားပေ ၆၀ အနံ ပေ ၃၀ သွပ်မိုးတစ်ထပ်အုပ်ညှပ် ကျောင်းဆောင်သစ်ကို ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ပြီးစီးပြီဖြစ်၍ ဇွန် ၁၀ ရက် မွန်းတည့် ၁၂ နာရီက အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်းဝင်းရှေ့မှခံဦး၌ ကျင်းပရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးအောင်မျိုးလင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားကို ကျောင်းအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး၏ကိုယ်စား အခြေခံပညာ အထက်တန်းကျောင်း နားလုံကျောင်းအုပ်ကြီး ဦးလွမ်းဒေါင်က ကျောင်းဆောင်သစ်ဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ဝင်းထီလာကုမ္ပဏီ၏ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းက ကျောင်းဆောင်သစ်နှင့်ဆိုင်ရာ စာရွက်စာတမ်းများကို ကျောင်းအုပ်ကြီး ဦးလွမ်းဒေါင်ထံသို့ လွှဲပြောင်းပေးအပ်ပြီး ပြည်ခိုင်ဖြိုးပါတီအတွင်းရေးမှူး ဒေါ်ဝိုင်းနှင့် ကျောင်းသားမိဘများက ခေါက်ဆင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်ပပစိုးအား ဗလာစာအုပ် ၁၃ ဒါဇင်၊ ကျောင်းဝတ်စုံ ၁၀ စုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီးက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြို့လယ်ကောင်အရုပ်ဆိုးအကျည်းတန်ဖြစ်နေပြီး လျှပ်စစ်အန္တရာယ်ရှိ

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်း (ဟိန္ဒူဘုရားရှိခိုးကျောင်း အရှေ့ဘက်) လူသွားစင်္ကြံပေါ်တွင် လျှပ်စစ်မီးကြိုးနှင့် တယ်လီဖုန်းကြိုးငြိနေပြီး အောက်သို့ တွဲလောင်းကျလျက်ရှိနေသည့်အပြင် အသုံးပြု၍မရသော ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည့် ကြော်ငြာဘုတ် အပျက်တစ်ခု မြို့လယ်ကောင် မော်တော်ယာဉ်များ သွားလာနေသည့် ကားလမ်းမပေါ်တွင် စည်းကမ်းမဲ့ရှိနေသည်မှာ လမ်းသွားလာသူများအတွက် လျှပ်စစ်အန္တရာယ်စိုးရိမ်ရပြီး မြို့လယ်ကောင်တွင် အရုပ်ဆိုးအကျည်းတန် ဖြစ်နေသည်ကို တွေ့ရစဉ်။ **(ယာပုံ)**

(၆၉၀)

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF) ၏ ဦးဆောင်မှုဖြင့် ALPHA Resources & Training Co., Ltd. မှ တာဝန်ယူကျင်းပပေးသော

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လှပျိုမြှုပ်များဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်
ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ဩဂုတ်လအတွင်း ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်သွားမည်

Miss MYANMAR INTERNATIONAL 2014

Miss MYANMAR INTERNATIONAL

(25 June 2014)

Miss Myanmar International 2014 Award

Japan Miss International Beauty Pageant 2014 International Tourism Boerse (ITB 2015)

1st Runner Up 2nd Runner Up

- Miss Myanmar International 2014 လျှောက်လွှာပုံစံရယူလိုသူများ၊ SPONSOR အဖြစ်ပါဝင်ကြော်ငြာလိုသည့် လုပ်ငန်းရှင်များ နှင့် ပွဲအကြောင်းသိရှိလိုသူများသည် အောက်ပါလိပ်စာများသို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။
- လျှောက်လွှာပုံစံများကို Miss Myanmar International 2014 နှင့် Miss Myanmar International စသော Official Facebook Page များတွင် Download လုပ်နိုင်ပါသည်။

MTF Office - No. 3(A) Corner of Waizayandar Rd & Thanthumar Rd, Thuwanna, Thingangyun Township.
Phyo Phyo - 09425277760, 01 8551012~3

ALPHA Office - No. 182(B), Dhammazedi Road, Bahan. Vicky - 09 5070952,
Me Me - 09 420287941

သုံးလွန်းတင်

မြန်မာ့ရုပ်ရှင်လောကတွင် တစ်ယောက်တစ်မျိုး ထူးချွန်သည့် သားအဖသုံးဦးရှိလေသည်။ တစ်ဦးချင်းကိုတော့ အများသိပြီးဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး ဆက်စပ်မှုကိုတော့ သိချင်မှ သိလိမ့်မည်။ ဖခင်ဖြစ်သူက ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာ ရွှေဒိုးထွန်းလွင်၊ သားကြီးဖြစ်သူက ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီထွန်းထွန်းနိုင်၊ သားလတ်ဖြစ်သူက ရုပ်ရှင်နှင့်ဗီဒီယို ဒါရိုက်တာ အကယ်ဒမီညီညီထွန်းလွင်။

ရုပ်ရှင်ဇာတ်ညွှန်း ရွှေဒိုးထွန်းလွင် - ညောင်တုန်းသား၊ ငယ်စဉ်က ညောင်တုန်းတွင် ကျောင်းနေခဲ့ပြီး ညောင်တုန်းတွင် သချ်ာပြသည့် ကျောင်းဆရာဘဝမှ ထိုခေတ်က အခေါ်အဝေါ်(မြေ၊ ကြေး၊ ရှင်း)တွင် နိုင်ငံ့ဝန်ထမ်းဘဝ၊ ရုံးအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး စာပေအနုပညာ လေ့လာလိုက်စားကာ “ဘယ်သောအခါမှ ငါမငို” လုံးချင်းဝတ္ထုကို ရေးသားထုတ်ဝေခဲ့သည်။ သူငယ်ချင်းဖြစ်သူ ညောင်တုန်းသား ဂီတပညာရှင် စန္ဒယားချိုတေးဆက် ဦးအောင်ကိုး၏ ဆက်သွယ်ပေးမှုဖြင့် ရုပ်ရှင်နယ်ထဲရောက်ရှိခဲ့သူ။ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခင်သီတာထွန်း၏ ဖခင် ဒါရိုက်တာထွန်းမြင့်ထွန်း ရိုက်ကူးသည့် “ချစ်သော ချစ်သူရယ်”ဇာတ်ကားမှစတင်၍ ရုပ်ရှင်ဇာတ်ညွှန်းပေါင်း ၆၀ ခန့် ရေးသားခဲ့သည်။ လွန်ခဲ့သော ခုနစ်နှစ်ခန့်က ကွယ်လွန်သွားခဲ့ပြီး ကွယ်လွန်ချိန်အထိ ဇာတ်ညွှန်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ တော်ဝင်ထွန်းရုပ်ရှင်၊ ဘီသုံးလုံးရုပ်ရှင်(နောင်သော် - မော်လမြိုင်ရုပ်ရှင်)တို့နှင့် အတွဲများပြီး ထိုရုပ်ရှင်တို့မှ ထုတ်လုပ်သည့် ရုပ်ရှင်ဇာတ်ကားများကို အဓိကထား ဇာတ်ညွှန်းရေးသားပေးလေ့ရှိသည်။ ဆရာ ဇာတ်ညွှန်းရေးပေးခဲ့သော ဇာတ်ကားများအားလုံး အောင်မြင်ကျော်ကြားခဲ့ပြီး အချို့ကို ကောက်နုတ်တင်ပြရသော် “ဖက်ဖူးရောင်”၊ “မေတ္တာပုလဲသွယ်”၊ “ကျေးဇူးကမ္ဘာ(ကချင်သံဖြင့် ကျေးဂျူးကမ္ဘာ)”၊ “မေတ္တာရှင်မလေး ငြိမ်းငြိမ်းအိ”၊ “ခုနစ်လွှာမျက်နှာ”၊ “မောင့်အချစ်သိရိ”၊ “မယ်သီတာလို မိန်းကလေး”။ ရန်ကုန်သူ ဒေါ်ခင်စိန်နှင့်ဖူးစာဆုံပြီး နောင်ထွန်းလွင်(အကယ်ဒမီထွန်းထွန်းနိုင်)၊ ညီထွန်းလွင် (ဒါရိုက်တာအကယ်ဒမီ ညီညီထွန်းလွင်)နှင့် ယဉ်ထွန်းလွင် (ကျောင်းဆရာမ) သားသမီးသုံးယောက် ထွန်းကားခဲ့သည်။

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီထွန်းထွန်းနိုင် - ၁၉၅၂ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ၁၀ တန်းအောင်သည်။ ရန်ကုန်စက်မှု တက္ကသိုလ်၌ စတုတ္ထနှစ်အထိ ပညာသင်ကြားခဲ့ပြီး “ချိုချစ် သည်းရယ်” ဇာတ်ကားဖြင့် ရုပ်ရှင်နယ်ထဲရောက်ရှိခဲ့သည်။ ထိုဇာတ်ကားကို ဒါရိုက်တာ ထွန်းမြင့်ထွန်း တည်ထောင်သည့် တော်ဝင်ထွန်းရုပ်ရှင်မှ ရိုက်ကူးထုတ်လုပ်ပြီး ဒါရိုက်တာထွန်းမြင့်ထွန်း၊ မင်းသမီး အကယ်ဒမီ ခင်သီတာထွန်းတို့နှင့် တွဲဖက်၍ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားပေါင်း ၃၀ ခန့်ရှိပြီး ဗီဒီယိုဇာတ်ကားပေါင်းများစွာတွင်လည်း သရုပ်ဆောင်အဖြစ် ပါဝင်ရိုက်ကူးခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ဒါရိုက်တာ ရွှေထီး ရိုက်ကူးသည့် “ချစ်မီးလျှံထဲက မေချို” ဇာတ်ကားဖြင့် အကောင်းဆုံးသရုပ်ဆောင် အကယ်ဒမီဆုရရှိခဲ့ပြီး ညီဖြစ်သူ ဒါရိုက်တာ အကယ်ဒမီ ညီညီထွန်းလွင်နှင့်တွဲဖက်၍ ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော ရုပ်ရှင်ကားများအနက် “နှစ်ယောက်တစ်အိပ်မက်”၊ “ရင်ထဲမှာ ဘာညာဘာညာ”နှင့် “မငြိမ်းသောမီး” ဇာတ်ကားတို့မှာ အထူးပင် အောင်မြင်ကျော်ကြားခဲ့သည်။ ဗီဒီယိုလောကတွင် ခေါင်းဆောင်မင်းသား၊ ဇာတ်ပို့ဇာတ်ရံ စသည်ဖြင့် ကျရာအခန်းကဏ္ဍကို ပီပြင်စွာ သရုပ်ဆောင်ခဲ့ပြီး တစ်ကိုယ်တော် ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော ဇာတ်ကားများလည်းရှိသည်။ ၂၀၀၈ ခုနှစ်က ကွယ်လွန်သွားခဲ့ပြီဖြစ်သော်လည်း ချစ်ခင်ဖွယ်ရာကောင်းသော အပြုံးမျက်နှာနှင့် သူ၏ပီပြင်သော သရုပ်ဆောင်ချက်များသည် ပရိသတ်ရင်ထဲ စွဲထင်နေဆဲ။

ဒါရိုက်တာအကယ်ဒမီ ညီညီထွန်းလွင် - ရုပ်ရှင်လောက၊ ဗီဒီယိုလောကတို့တွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သော်လည်း အပူမရှာ၊ ယနေ့တိုင် တစ်ကိုယ်တည်း လူပျိုကြီးဘဝဖြင့် ရပ်တည်နေဆဲ၊ သူ၏စိတ်အာရုံထဲဝယ် အနုပညာမှတစ်ပါး အခြားရှိမည်မထင်။ ၁၉၇၃ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ရူပဗေဒ အဓိကဖြင့် ဘွဲ့ရခဲ့ပြီး ဖခင်သွေးပါသည့်အတွက် ရုပ်ရှင်အနုပညာကို ချစ်မြတ်နိုးသည်။ အောက်ခြေကလက်ရိုက်သည်ကစ၍ ရုပ်ရှင်ပညာအဆင့်ဆင့်ကို ၁၅ နှစ်ခန့် အောက်သက်ကျေအောင် လေ့လာခဲ့သည်။ ပထမဦးဆုံး သရုပ်ဆောင်အဖြစ်နှင့် ဒါရိုက်တာ တင်အောင်မြင့်ဦး ရိုက်ကူးသည့် “ဖက်ဖူးရောင်”ဇာတ်ကားတွင် ဇော်လင်း၊ ထွန်းထွန်းဝင်း၊ ခင်သီတာထွန်းတို့နှင့် ဇာတ်ပို့သရုပ်ဆောင်အဖြစ် တွဲဖက်ပါဝင်ခဲ့ပြီး ဒါရိုက်တာအဖြစ် ပွဲဦးထွက် ရိုက်ကူးခဲ့သည့် ဇာတ်ကားမှာ မင်းသား စိုးသူ၊ မင်းသမီး စိုးမြတ်သူဇာတို့ ခေါင်းဆောင်ပါဝင်ထားသည့် “အချစ်တို့ကို ပေးနော်” ဇာတ်ကား၊ အစ်ကိုကြီးဖြစ်သူ နောင်ထွန်းလွင် (အကယ်ဒမီထွန်းထွန်းနိုင်)နှင့် တွဲဖက်၍ ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင်အမည်ဖြင့် ရုပ်ရှင်ဇာတ်ကားကြီးပေါင်း ခုနစ်ကားခန့်၊ ဗီဒီယိုဇာတ်ကားပေါင်း ၄၀ ခန့် ရိုက်ကူးခဲ့သည်။ ယခုအချိန်ထိ တစ်ကိုယ်တော် ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများကား မနည်းလှ။ ၂၀၀၈ ခုနှစ်တွင် “အများနှင့် မသက်ဆိုင်သောသူ” ဇာတ်ကားဖြင့် မြန်မာ့ရုပ်ရှင် အကောင်းဆုံးဒါရိုက်တာဆု ရရှိခဲ့သည်။ လက်ရှိအချိန်ထိ ရိုက်ကူးခဲ့ပြီးသော ရုပ်ရှင်ဇာတ်ကားများအနက် အချို့ကို ဖော်ပြရသည်ရှိသော် “အကယ်ဒမီရှော့”၊ “ဟော့ရှော့(၂)+(၃)”၊ “အလန်းဇယား(၁)+(၂)”၊ “အချစ်က လန်းတယ်”၊ “သွား လူဆိုး ဒါမျိုးတော့ တတ်တယ်”။ ရိုက်ကူးပြီးစီးပြီးဖြစ်သော်လည်း ရုံမတင်ရသေးသည့် ဇာတ်ကားများမှာ “အွန်လိုင်းပေါ်က ဝိညာဉ်”၊ “လူကြီးမင်းခင်ဗျာ”၊ နေတိုး ငါးကိုယ်ခွဲဖြင့် အထူးသရုပ်ဆောင်ထားသည့် “အောင်မြင်ကျော်ကြား စူးရှထက်မြက်”၊ ထူးထူးခြားခြား C.G.I စနစ်ဖြင့် ရိုက်ကူးထားသည့် အေဒီ ၆ ရာစုသို့ ပြန်ရောက်သွားသလို ခံစားရမည့် “မော်ဒန်ရာဇဝင်”နှင့် Sky Net က ထုတ်လွှင့်မည့် အထူးကြိုးစားရိုက်ကူးထားသည့် “ဝါစိမ်းနီ ကမ္ဘာသိမ်းမည်”ဇာတ်လမ်းတွဲတွင် ယွန်းယွန်း၊ နန်းမြတ်ဖြိုးသင်းနှင့် စည်ဖြိုးတို့ကို ပွဲထုတ်ထားပြီး အချစ်နှင့် ဟာသရသများကို ပရိသတ်များ ကြည့်ရှုခံစားကြရမည်ဖြစ်သည်။ နိုင်ငံရပ်ခြားခရီးစဉ်အဖြစ် ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှားနိုင်ငံများသို့ ရုပ်ရှင်လေ့လာရေး သွားရောက်ခဲ့ပြီး “အလန်းဇယား(၂)” ရုပ်ရှင်ဇာတ်ကားကို ထိုင်းနိုင်ငံ ဖူးခက်ပင်လယ်ကမ်းခြေ၌ သွားရောက် ရိုက်ကူးခဲ့သည်။ ညီညီထွန်းလွင်သည် ကိုယ်တိုင်လည်း အကယ်ဒမီ ရရှိခဲ့သလို တစ်ပါးသူကိုလည်း အကယ်ဒမီရအောင် ဖန်တီးပေးနိုင်စွမ်းရှိသည့် ဥယျာဉ်မှူးတစ်ဦး ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။ ။

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

Transformers 4 တွင် စိန်ခေါ်မှုများနှင့်ကြုံတွေ့ခဲ့ရသည့် လီပင်းပင်း

နာမည်ကြီးဟောလိဝုဒ်ဇာတ်ကားတစ်ကားဖြစ်သည့် Resident Evil: Retribution ဇာတ်ကားတွင် ဟောလိဝုဒ်သရုပ်ဆောင်များနှင့်အတူ Ada Wong ဇာတ်ရုပ်ဖြင့် ပါဝင်သရုပ်ဆောင်ခဲ့သူ တရုတ်မင်းသမီး လီပင်းပင်းက ယခုလအတွင်း အသစ်ထပ်မံထွက်ရှိလာမည့် ဒါရိုက်တာ မိုက်ကယ်ဘေး၏ စတုတ္ထမြောက် Transformers: Age of Extinction ဇာတ်လမ်းတွဲသစ်တွင် ပါဝင်ခွင့်ရရှိခဲ့ခြင်းမှာ ၎င်းအတွက် စိန်ခေါ်မှုကြီးတစ်ရပ်ပင်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

“ဇာတ်ကားရိုက်ကူးစဉ်မှာ အင်္ဂလိပ်လိုရေးသားထားသည့်ဇာတ်ညွှန်းကို လိုက်မှတ်ရတာ အခက်အခဲအနည်းငယ်ရှိပါတယ်၊ ကျွန်မဟာ native speaker တစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမယ့် အင်္ဂလိပ်စကားပြောကျွမ်းကျင်တဲ့သူတစ်ယောက်လိုမျိုး၊ ဒိုင်ယာလော့ခ်တွေကို ကျက်မှတ်ပြီး သရုပ်ဆောင်ခဲ့ရပါတယ်”ဟု ယင်းဇာတ်ကား၏ ပရိုမိုးရှင်းပွဲတစ်ခုတွင် လီပင်းပင်းက ပြောကြားခဲ့သည်။

ယင်းဇာတ်ကားသစ်တွင် စီအီးအိုတစ်ဦးအဖြစ် ပါဝင်ထားသူ လီပင်းပင်းက ဇာတ်ရုပ်နှင့်ကိုက်ညီအောင် အမည်ကအစ များစွာသောပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရကြောင်း၊ ယင်းဇာတ်ကားကို ယခုလ ၂၆ ရက်တွင် စတင်ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(မျိုးစန္ဒာမောင်)

ဟော်လန်တိုက်စစ်မှူး ဗန်ပါစီမှ စပိန်အသင်းဘက်သို့ ချေပဂိုးကို ခေါင်းတိုက်သွင်းယူနေစဉ်။

ပွဲဦးထွက် မျက်နှာမလှခဲ့သည့် လက်ရှိချန်ပီယံစပိန်

လက်ရှိချန်ပီယံ စပိန်အသင်း ဇွန် ၁၄ ရက် မနက်ပိုင်း ပွဲစဉ်အဖြစ် ဟော်လန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဟော်လန်အသင်းကို ငါးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့သည်။

စပိန်အသင်းသည် ယင်းပွဲကို အဓိကကစားသမားအစုံအလင်နဲ့ပွဲထွက်ခဲ့ပြီး ဇာဗီ၊ အင်နီယေစတာ၊ ဒီယေဂိုကော်စတာ၊ ဒေးဗစ်ဆေးလ်ဗားစတဲ့ ကစားသမားတွေနဲ့ တိုက်စစ်ကို ခင်းကျင်းလာခဲ့ပါတယ်။ ဒါပေမယ့် စပိန်အသင်းရဲ့ကစားပုံဟာ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလွန်းပြီး အရေးမပါတဲ့ အပေးအယူတွေနဲ့သာ ကစားရုံကလွဲရင် ဘာမှထူးထူးခြားခြား မစွမ်းဆောင်ပြနိုင်ခဲ့ပါဘူး။ ကစားသမား အင်အားပိုင်းမှာ လူငယ်တွေနဲ့သာ ဖွဲ့စည်းထားတဲ့ ဟော်လန်ထက်များစွာသာလွန်ပေမယ့် စပိန်နောက်တန်းမှာ ဒယ်လ်ဘော့ရဲ့ ပွဲထုတ်ပုံကအံ့အားသင့်စရာကောင်းခဲ့ ပါတယ်။ စပိန်တစ်သင်းလုံးရဲ့ ပွဲထွက်လူစာရင်းထဲမှာ နောက်ခံအစွန်လူတွေဖြစ်တဲ့ ဂျော်ဒီအယ်လ်ဘာ၊ အက်ဇ်ပီလီကူတာနဲ့ တိုက်စစ်မှူးဒီယေဂို ကော်စတာတို့ကလွဲရင် ကျန်လူစာရင်းမှာ ၂၀၁၀ ကမ္ဘာ့ဖလားတုန်းက လူစာရင်းကို လုံးဝအပြောင်းအလဲမရှိခဲ့ပါဘူး။ ဟော်လန်အသင်းကတော့ ဗန်ပါစီ၊ ရော်ဘင်၊ ရှနိုက်ဒါတို့ရဲ့ တိုးအားတွေနဲ့ စပိန်နောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့ ပြီး ဂိုးတွေလည်း အလွယ်တကူရယူနိုင်ခဲ့ပါတယ်။ ဒါပေ မယ့် အဖွင့်ဂိုးကို စပိန်အသင်းကရရှိခဲ့ပြီး ပွဲကစားချိန် ၂၇ မိနစ်မှာ အလွန်ဆိုရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ဦးဆောင်ခဲ့ပါတယ်။ ဒါပေမယ့် ပထမပိုင်းပွဲပြီးခါနီးမှာ ဗန်ပါစီချေပဂိုး ပြန်လည်သွင်းယူပေးခဲ့ပြီး ဒုတိယပိုင်း အစမှာ ရော်ဘင်ရဲ့ သွင်းဂိုးနဲ့ ပြန်လည်ဦးဆောင်ခဲ့ပါတယ်။ ဆက်တိုက်ဆိုသလို ၆၅ မိနစ်မှာ နောက်ခံလူ ဒီဗရီ တတိယဂိုးသွင်းယူပေးခဲ့ပြီး ၇၂ မိနစ်နဲ့ ၈၀ မိနစ်တွေမှာ ဗန်ပါစီနဲ့ ရော်ဘင်ကပဲ လှလှပပ သွင်းယူပေးခဲ့လို့ ပွဲအပြီးမှာ ၂၀၁၀ ဗိုလ်လုပွဲက ရှုံးကြွေးကို လှလှပပ ပြန်ဆပ်နိုင်ခဲ့ပါတယ်။

အခြားပွဲစဉ်များဖြစ်သည့် မက္ကဆီကိုအသင်းနှင့် ကင်မရွန်းအသင်းတို့ပွဲတွင် မက္ကဆီကိုအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သွားပြီး ချီလီအသင်းနှင့် ဩစတြေးလျအသင်းတို့ပွဲစဉ်တွင် ချီလီအသင်းက ဩစတြေးလျအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

[ကိုရဲ]

နူအာကြွံခိုင်မှုပြည့်ဝစွာဖြင့် လေ့ကျင့်ခန်းဆင်း

ဂျာမနီအသင်း၏ အဓိကဂိုးသမားတစ်ဦးဖြစ်သူ မန်နူရယ်နူအာသည် ပေါ်တူဂီအသင်းနှင့် ကစားမည့် ကမ္ဘာ့ဖလားအုပ်စု အဖွင့်ပွဲစဉ်အတွက် ကြံ့ခိုင်မှု ပြည့်ဝနေပြီဖြစ်ကြောင်း သိရသည်။ နူအာသည်ပြီးခဲ့သည့် သီတင်းပတ်က လေ့ကျင့်ရေးကွင်းတွင် ပခုံးဒဏ်ရာပြဿနာရရှိခဲ့ပြီး ပေါ်တူဂီအသင်းနှင့် ပွဲစဉ်ကို လွဲချော်မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ဆေးအဖွဲ့၏ အတည်ပြုချက်အရ ယင်းပွဲအား ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်းသိရသည်။ ဂျာမနီအသင်း၏ ဂိုးနည်းပြဖြစ်သူကော့ပ်ကီက “နူအာဟာ ပေါ်တူဂီနဲ့ ပွဲစဉ်အတွက် အဆင်သင့်ဖြစ်နေပါပြီ သူ့ရဲ့ပခုံးဒဏ်ရာလည်း ပြဿနာမရှိတော့ပါဘူး၊ ဒါကြောင့် ဂျာမနီနဲ့အတူ ပွဲတိုင်းကိုသူ ပါဝင်ကစားနိုင်မှာပါ”ဟု ပြောကြားသွားခဲ့သည်။

[စွမ်းထက်အောင်]



ဂျာမနီအသင်း၏ ကွင်းလယ်ကစားသမား အိုလ်ဇေး။

ဂျိုအာချင်လိုအတွက် ကမ္ဘာ့ဖလားရယူပေးလိုကြောင်း အိုလ်ဇေးပြောကြား

ဂျာမနီအသင်း၏ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ အိုဇေးလ်က မိမိတို့အသင်း၏ နည်းပြဂျိုအာချင်လိုအတွက် ကမ္ဘာ့ဖလားကို အရယူပေးလိုကြောင်း ပြောကြားသွားခဲ့သည်။ ၎င်းက “သူ (ဂျိုအာချင်လို) ဟာ အသွင်သစ်ဂျာမနီအသင်းကို တည်ဆောက်ပေးခဲ့သူပါ၊သူ့ကြောင့် ကျွန်တော်တို့ ဂျာမန်ကစားသမားတွေ ဘယ်နေရာကိုရောက်ရောက် ပြိုင်ဘက်ကစားသမားတွေရော၊ အသင်းဖော် တွေကပါ အမြဲတမ်းတလေးတစား ဆက်ဆံခံရပါတယ်၊ ပြီးတော့ သူဟာ ထူးချွန်တဲ့နည်းပြတစ်ဦးပါ၊ သူ့လိုနည်းပြနဲ့လက်တွဲခွင့်ရရှိတာဟာ ကျွန်တော့်အတွက် ဂုဏ်ယူစရာပါပဲ၊ ကျွန်တော်တို့အားလုံး ကမ္ဘာ့ဖလားကို သူ့အတွက်မဖြစ်မနေ ရယူပေးသွားမှာပါ”ဟု ပြောကြားခဲ့သည်။ ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားအုပ်စုအဆင့်တွင် ပေါ်တူဂီ၊ ဂါနာ၊ အမေရိကန်စသည့် အသင်းများဖြင့်တစ်အုပ်စုတည်း ကျရောက်လျက်ရှိပြီး အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၆ရက်တွင် ပေါ်တူဂီနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

[ကိုရဲ]

၂၀၁၄ ကမ္ဘာ့ဖလား ဂိုးသွင်းထားသူများ

နေမာ	ဘရာဇီး	၂
ဗန်ပါစီ	ဟော်လန်	၂
ရော်ဘင်	ဟော်လန်	၂

၂၀၁၄ ကမ္ဘာ့ဖလား အုပ်စု(C)ပွဲစဉ်ရလဒ်

၁၄ - ၆- ၂၀၁၃

ကိုလံဘီယာ ၃ - ၀ ဂရိ

အမီယို	- ၅ မိနစ်
ဂူတီရား‌ဇ်	-၅၈ မိနစ်
ရိုဒီဂူး‌ဇ်	- ၉၀ မိနစ်

နိုင်ငံတော် သတင်းဂျာနယ်

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ရေကျော်လမ်းနေ
ဦးစိုးမြင့်-ဒေါ်ငြိမ်းငြိမ်းယုတို့၏ သားကြီး

ဗိုလ်ကြီးပြည့်စုံသူ
M.B.,B.S (DSMA)

နှင့်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်ရိပ်သာနေ
ဦးအောင်ကြီး-ဒေါ်နိုင်နိုင်လတ်တို့၏ သမီးကြီး

မယမင်းအောင်ကြီး
B.Sc (Botany), Dip; in Pharmacy
Pyae Yamin Special Clinics & Pharmacy

တို့၏ ၁၄-၆-၂၀၁၄ ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးသော ဗိုလ်ချုပ်သရေစည်သူမြင့်အောင်(ငြိမ်း)နှင့် ဇနီး ဒေါ်သဇင်ခိုင်အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ကြပါသော နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် ဇနီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဇနီးအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးခဲ့သော ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၏ ဇနီး ဒေါ်ခင်မျိုးဌေး၊ စစ်ဘက်နယ်ဘက်ဆိုင်ရာအကြီးအကဲများ၊ ဂုဏ်သရေရှိလူကြီးမင်း များနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးဝင်းတင်၊ မင်္ဂလာအခါတော်တေး သီဆိုပေးသော အကယ်ဒမီများရှင် ဒေါ်ချိုပြုံး၊ မင်္ဂလာတေးသံသာများဖြင့် ချီးမြှင့်ပေးသော တေးသံရှင်များ၊ မင်္ဂလာပန်း ကြဲပေးသော မအင်ကြင်းတင်မောင်နီ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မခင်စန္ဒာမျိုး၊ မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးသော မမြတ်သူသူအောင်၊ မင်္ဂလာသတို့သားအရံများဖြစ်သော ဗိုလ်ကြီးဥက္ကာထိုက်၊ ဗိုလ်ကြီးရဲမင်းအောင်၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော မဇွန်ပွင့်တင်မောင်နီ၊ မသက်ဆုမြင့်မောင်၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော မိတ်ကပ် ခင်စန်းဝင်းနှင့်အဖွဲ့၊ Pre Wedding Photo ရိုက်ကူးပေးသော Konica Chaw Su နှင့် အဖွဲ့များအားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာညှော်ခံပွဲဖိတ်ကြားလွှာ ရိုက်နှိပ်ပေးသော ဒဂုန်ပုံနှိပ်တိုက်၊ ပန်းအလှဆင်ပေးသော Eternal Floral Service နှင့် Sedona Hotel မှ မန်နေဂျာ မလီလီနှင့် ဝန်ထမ်းများအားလည်း ကောင်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ၂၅-၁၂-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေး အခမ်းအနား၌ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာ လက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာညှော်ခံပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးသော တေဇ(၁၀)မှ ကျောင်းဆင်းသူငယ်ချင်း အရာရှိများအားလုံးနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးပြည့်စုံသူ-မယမင်းအောင်ကြီး

မင်္ဂလာဆောင်ပွဲကျေးဇူးတင်လွှာ

[illegible]

ပြီးပြည့်စုံသော
စိတ်ကူးယဉ် ဘဝသစ်များ လက်တွေ့ပိုင်ဆိုင်နိုင်ဖို့
KHG က စောင့်ကြိုနေပါတယ်
ထူးခြားဆန်းသစ်သော
အတွေ့အကြုံများကို ရယူခံစားနိုင်ဖို့
အရောက်လှမ်းလာခဲ့ပါ
အရောင်းပြခန်းနှင့် ရုံးခန်း
info@khgdevelopment.com
www.khgdevelopment.com
KHG
DEVELOPMENT
YOUR LIFESTYLE CHOICE

ညောင်ဦးမြို့ တောင်သူများ ပဲတီစိမ်းနှင့် အခြားသီးနှံအား ငါ့သရောက်မြစ်ရေတင် စိုက်ပျိုးရာ တွက်ခြေကိုက်

ညောင်ဦး၊ ဇွန် ၁၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင်ဖြင့် တောင်သူများသည် နွေစပါးစိုက်ချိန်တွင် စပါးမစိုက်ဘဲ ပဲတီစိမ်း၊ နှမ်း၊ စီပီပြောင်းဖူး စသည့် သီးနှံများကို စိုက်ပျိုးခဲ့ကြရာ သီးနှံများ စိုက်ပျိုးရာတွင် စပါးထက် ပဲတီစိမ်း၊ နှမ်း၊ ပြောင်းဖူး စိုက်ပျိုးခဲ့ပြီး ပို၍ တွက်ခြေကိုက်ကြောင်း သိရသည်။

ငါ့သရောက် မြစ်ရေတင်ကွင်းတွင် အုန်းနဲ့ကျောင်းရွာ၊ ဘက်တန်းရွာ၊ ကန်တောရွာ၊ ရွှေပြည်သာရွာ၊ ညောင်လှရွာ၊ လက်ထုပ်ရွာ တောင်သူများမှ ယခုနှစ်ပိုင်းတွင် စပါး စိုက်ဧက ၂၀၀ ကျော်လောက်သာစိုက်ပြီး ကျန်ဧရိယာတွင် ပဲတီစိမ်းနှင့် အခြားသီးနှံများ စိုက်ပျိုးခဲ့ကြသည်။

ထိုသို့ စိုက်ပျိုးရာ နွေစပါးမှာ ပိုပြီး အရင်းအနှီး ကုန်ကျ၍ ပဲတီစိမ်းနှင့် အခြားသီးနှံများမှာ ရင်းနှီးကုန်ကျစရိတ် သက်သာကြောင်း သိရသည်။

"ကျွန်မတို့ ဒီနှစ် ပဲတီစိမ်းစိုက်ရတာ ပိုပြီးတွက်ခြေကိုက်တယ်။ မနေ့က ကျွန်မ ပဲတီစိမ်းရောင်းခဲ့ရတယ်။ တစ်တင်းကို ပခုက္ကူပွဲရုံပေါက်ဈေး သုံးသောင်းကိုးထောင်ငါးရာကျပ် ရရှိတယ်။ ပဲတီစိမ်း တစ်ဧကစိုက်ရင် ပဲတီစိမ်း ၁၅ တင်းအထက် ထွက်ရှိတယ်။ တစ်ဧကစိုက်ရင် အရင်းနှီးက တစ်သိန်းခွဲမှ နှစ်သိန်းထိ ကုန်ကျစရိတ်ရှိတယ်ဆိုတော့ စပါးနဲ့ စာရင် အများကြီးစိုက်သင့်တယ်။ ပိုးသတ်ဆေးလဲ သိပ်မသုံးရဘူး နွေရာသီချိန်ခါဆိုတော့ ပိုးအပူဒဏ်ကို မတိုးနိုင်ဘူး။ ဒီနှစ်မှာဆို မိုးလဲလွတ်တယ်။ မိုးများရင် ပိုးလဲများတယ်။ မိုးများရင် ပဲတီစိမ်းက အရောင်ပျက်တယ်" ဟု ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

"ကျွန်မတို့ တောင်သူတွေက ပဲတီစိမ်း၊ ရေဆင်း ၁၁ အပြောင်မျိုးကို ပိုကြိုက်ကြတယ်။ ရေဆင်း ၁၁ အပြောင်မျိုးက တောင်သူတွေမှာရောင်းတဲ့နေရာ မျက်နှာမငယ်ရဘူး။ ဒါကြောင့် ကျွန်မတို့ တောင်သူတွေမှာ ပဲတီစိမ်း ရေဆင်း ၁၁ အပြောင်မျိုးကို ဝယ်ယူလိုကြတယ်။ စိုက်ပျိုးရေးဌာနသို့ ပြောရမယ်"ဟု ဖက်တန်းကျေးရွာ တောင်သူ ဒေါ်ချိုမာဦးထံမှ သိရသည်။

"ကျွန်တော်တို့ တောင်သူတွေ ဒီနှစ်လိုပဲ ပဲတီစိမ်းစိုက်ရပြီး ဈေးကောင်းရမယ်ဆိုရင် မကြာခင် ကြီးပွားနိုင်ပါတယ်။ ယခုလဲ အရင်ကနဲစာရင် တောင်သူတွေ တော်တော် အဆင်ပြေပါတယ်။ ကျွန်တော်တို့ကတော့ တစ်သီးမကောင်းရင် တစ်သီးရအောင် ပဲတီစိမ်းလည်း စိုက်တယ်။ နှမ်းလည်း စိုက်တယ်။ စီပီပြောင်းဖူးလည်း အနည်းငယ်စိုက်တယ်။ သီနှံအစုံစိုက်တော့ တစ်သီးမကောင်းရင် တစ်သီးရတာပေါ့။ ဒီနှစ်အနေနဲ့ ပြောရမယ်ဆိုရင် ပဲတီစိမ်းက ပိုပြီးတွက်ခြေကိုက်တယ်။ အစကတော့ ကျွန်တော်တို့က စပါးပဲ စိုက်ချင်ပါတယ်။ အဲဒီအချိန်မှာ စပါးစိုက်ရင် ရေမနိုင်ဘဲ ဖြစ်လိမ့်မယ်ဆိုပြီး ရေအရင်းမြစ်က စပါးမစိုက်ခိုင်းဘဲ အခြားသီးနှံ စိုက်ပျိုးခဲ့ခြင်း ဖြစ်ပါတယ်။ ဒီနှစ်တော့ အခြားသီးနှံ စိုက်ပျိုးလိုက်တာ ပိုကောင်းသွားတယ်။ လာမယ့်နွေရာသီမှာလဲ ပဲတီစိမ်းနဲ့ အခြားသီးနှံတွေကိုပဲ စိုက်ချင်ပါတယ်" ဟု ကန်တောကျေးရွာ ပဲတီစိမ်းစိုက်တောင်သူ ဦးမြသောင်းထံမှ သိရှိရသည်။

"ကျွန်တော်လည်း ပဲတီစိမ်းစိုက်ရတာ ပိုအဆင်ပြေပါတယ်။ တောင်သူတွေအားလုံးလည်း သဘောကျတယ်။ ကျွန်တော်တို့ဒေသအနေနဲ့ ဒီနှစ်မှာ ပဲတီစိမ်းစိုက်ရတော့ ပိုပြီးတော့ အဆင်ပြေပါတယ်" ဟု ကန်တောကျေးရွာမှ ဦးကျော်မင်းက ပြောသည်။

ကျော်ဌေး(ညောင်ဦး)

ကုန်သေတ္တာယာဉ်များ သတ်မှတ်စည်းကမ်းနှင့်အညီ ပြေးဆွဲရန်လို

ရန်ကုန်၊ ဇွန် ၁၄

ဇွန် ၁၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာ၏ စာမျက်နှာ ၁၀ တွင် ကုန်သေတ္တာတင်ယာဉ်တိမ်းမှောက်မှု၊ ဖရိမ်ကျိုး လမ်းပိတ်မှုသတင်းများ ပြိုင်တူဖော်ပြလာသကဲ့သို့ ဇွန် ၆ ရက်ထုတ် ပုဂ္ဂလိကသတင်းစာတွင်လည်း ကုန်သေတ္တာတင်ယာဉ် အရှိန်လွန်တိမ်းမှောက်မှုများ ဖော်ပြထားရာ သတင်းဓာတ်ပုံများကို ဖတ်ရှုရသည့်အတွက် ရန်ကုန်မြို့တွင်းပြေးဆွဲနေသော ကုန်သေတ္တာတင်ယာဉ်များ စည်းကမ်းနှင့်အညီရှိရန် အမြန်လမ်းမကြီးပေါ်တွင် ပြေးဆွဲရသော ခရီးသည်တင်ယာဉ်လိုင်းများကို သက်ဆိုင်ရာမှ စစ်ဆေးကြီးကြပ် အရေးယူနေသကဲ့သို့ လုပ်ဆောင်ပေးရန် လိုအပ်လာပြီဟု ရန်ကုန်မြို့တွင်းလမ်းများပေါ်တွင် မောင်းနှင်နေသော အိမ်စီးယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

မဟာဗန္ဓုလတံတားဝန်းကျင်တွင် ကုန်သေတ္တာတင်ယာဉ်များ မကြာခဏ တိမ်းမှောက်မှုဖြစ်ပွားလေ့ရှိရာ ထိခိုက်သေဆုံးမှုများလည်း ရှိတတ်ကြောင်း ဇွန် ၁၁ ရက် ညနေ သီရိမင်္ဂလာဈေးဟောင်းအနီး ပန်းလှိုင်လမ်းထိပ်အရောက် ၆ ဘီးကုန်သေတ္တာတင်ယာဉ် ချက်ပလက်အမျိုးအစားယာဉ်သည် ရှေ့ဖရိမ်ကျိုးပြီး ကားရှေ့ခေါင်းခန်းတစ်ခုလုံး လမ်းပေါ်ကျိုးကျခဲ့ကြောင်း၊ ဖတ်ရှုရ၍ သက်ဆိုင်ရာယာဉ်လိုင်း NGO အဖွဲ့အစည်းများအနေဖြင့် အများပြည်သူသိသာရန် တစ်နှစ်တွင် လအလိုက် လမ်းများပေါ်တွင် ကုန်သေတ္တာတင်ယာဉ်များ ဖြစ်ပွားသော ယာဉ်တိုက်မှု၊ တိမ်းမှောက်မှု စာရင်းထုတ်ပြန်ပေးသင့်ကြောင်း၊ မေလအတွင်းထုတ် ပုဂ္ဂလိကအပတ်စဉ် ဂျာနယ်မျက်နှာဖုံးတွင် မိမိတို့အသင်းဝင် ကုန်သေတ္တာတင်ယာဉ် ၁၃၀၀ ကျော်ရှိသော်လည်း တရားဝင်မှတ်ပုံတင်ထားသောယာဉ်ပေါင်းအရေအတွက်မှာ ၇၀၀ ကျော်သာရှိသေး၍ ယာဉ်ပေါင်းအရေအတွက်ဖြည့်တင်းရန် အသင်းမှ ကျွမ်းကျင်ယာဉ်မောင်းများ ခေါ်ယူရန်ရှိကြောင်း၊ တစ်နှစ်လျှင် သယ်ယူပို့ဆောင်ရသော ကုန်သေတ္တာအရေအတွက်မှာ ၂၀၁၁ ခုနှစ်တွင် အလုံးရေ ၃ သန်းကျော်ရှိရာမှ ၂၀၁၃ ခုနှစ်တွင် ၅ သိန်းနီးပါးရှိလာသည်ဟု ဖော်ပြဖတ်ရှုရရာ တစ်နေ့တခြားများပြားလာသော ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် စည်းကမ်းနှင့်အညီဖြစ်ရန် လိုအပ်လာကြောင်း၊ သို့မှသာ လမ်းအသုံးပြုသူများ ဘေးအန္တရာယ်ကင်းရှင်း လုံခြုံမှုရှိလာမည်ဟု လမ်းသွားလမ်းလာများက ပြောသည်။

ယာဉ်မောင်း မလုံလောက်မှုကြောင့် စပယ်ယာများပါ ကုန်သေတ္တာတင်ယာဉ်များ မောင်းနှင်မှုရှိလာကြောင်း၊ 'င' လိုင်စင် ယာဉ်မောင်းကျွမ်းကျင်များ အပြည့်အဝ အလုံအလောက်မရှိသေး၍ မကျွမ်းကျင်သေးသူများ မောင်းနှင်ခြင်းသည် လွန်စွာအန္တရာယ်ကြီးမားကြောင်း ဇွန် ၁၁ ရက်က မဟာဗန္ဓုလတံတားပေါ်တွင် တိမ်းမှောက်သော ကုန်သေတ္တာတင်ယာဉ်မောင်းမှာ ၂၁ နှစ်ဟု ဖော်ပြထားရာ အမောင်းသင်လိုင်စင်နှင့် အနက် 'ခ' လိုင်စင်မှာ အသက် ၁၈ နှစ်ရှိရမည်ဖြစ်ပြီး လုပ်သက် ၅ နှစ်ပြည့်မှ အနီ 'င' လိုင်စင် ရရှိမည်ဖြစ်ရာ 'င' လိုင်စင်မဟုတ်သော ယာဉ်မောင်းဖြစ်ရမည်မှာ အသက်ဖော်ပြချက်အရ သိရှိနိုင်ကြောင်း၊ ယခုအခါ ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှု ရပ်ဆိုင်းလိုက်ရာ ရန်ကုန်မြို့တွင်းလမ်းများတွင် သစ်လုံးတင်ယာဉ်များ လျော့နည်းသွားပြီး ကုန်သေတ္တာတင်ယာဉ် အများအပြားကို ကုန်တင်ယာဉ်သွားခွင့်ရှိသော လမ်းမများတွင် မြင်တွေ့ရခြင်းသာမက ခွင့်ပြုချက်ရယူသွားလာရသော ပြည်လမ်းနှင့်အင်းစိန်လမ်းများ၊ ရန်ကုန်မြို့တွင်းလမ်းများတွင်ပါ မောင်းနှင်နေသော ကုန်သေတ္တာတင်ယာဉ် အချို့ကို မြင်တွေ့ရသည်ဟု ခရီးသွားများက ပြောသည်။

ကုန်တင်ယာဉ်ကြီး ယာဉ်ငယ်များ ကုန်စည်တင်ဆောင်ပြေးဆွဲရာတွင် ၂၀၁၁ ခုနှစ်၊ နှစ်လယ်မှစ၍ အာဆီယံ စံချိန်စံညွှန်းအတိုင်း ယာဉ်-ကုန် သတ်မှတ်ချက်ထုတ်ပြန်ပြီးနောက် ကုန်တင်ယာဉ်အားလုံး လိုက်နာပြေးဆွဲလျက်ရှိရာ လမ်းများပျက်စီးမှု လျော့ပါးလာသည်ကိုတွေ့ရသည်။

ပြေလျော့မှုအနေ ဖြင့် ယာယီ သတ်မှတ်ချက်ဖြင့် ယာဉ် +ကုန်တန်ချိန် အနည်းငယ်စီ တိုးမြှင့် ပေးမှုရှိသော်လည်းခြောက်ဘီးဝင်ရိုးနှစ်ချောင်းတပ်ရန် ကားများမှာ ယာဉ်+ကုန် ၁၆ တန်ထိသာ တင်ဆောင်ခွင့်ရပြီး ၁၀ ဘီး၊ ၁၂ ဘီး ကုန်ကားများမှာ ယာဉ်+ကုန် ၂၃ တန်မှ ၂၇ တန်ထိ တိုးမြှင့်တင်ဆောင်ခွင့် ယာယီရရှိခဲ့ကြောင်း ကားဂိတ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ကုန်သေတ္တာ ၂၀ ပေတစ်လုံးလျှင် ပဲတင်ပို့ရာတွင် ပျမ်းမျှအလေးချိန် သေတ္တာခွံပါ ၂၅ တန်ဝန်းကျင်ရှိရာ ခြောက်ဘီး၊ ၁၀ ဘီး၊ ၁၂ ဘီး ကုန်ကားများဖြင့် တင်ဆောင်မှုမှာ သက်ဆိုင်ရာဝန်ကြီးဌာနသတ်မှတ်ချက်နှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရသည်။

၂၀၁၂မှ၂၀၁၄ ထိ နှစ်နှစ်ကျော် ကာလကြာမြင့်ခဲ့သော်လည်း ဆက်လက်အသုံးပြုဆဲဖြစ်နေရာ သက်ဆိုင်ရာမှ ယာဉ်မောင်းသတ်မှတ်ချက်နှင့်အညီမောင်းနှင်ရေး၊ ယာဉ်နှင့် လမ်းစည်းကမ်းလိုက်နာရေး၊သက်ဆိုင်ရာမှ ထုတ်ပြန်ထားသောကုန် သတ်မှတ်ချက်ကိုလိုက်နာမှုမရှိသေးသည့်ကာလမှာ သုံးနှစ်နီးပါးရှိနေသည်။

သက်ဆိုင်ရာအမြန်လမ်းတွင်သွားလာနေသောယာဉ်များအပေါ် စစ်ဆေးအရေးယူနေသကဲ့သို့ရန်ကုန်မြို့တွင်းသွားလာနေသော ကုန်သေတ္တာတင်ယာဉ်များပြေးဆွဲမှုအပေါ် တိကျစွာအရေးယူ ပြုပြင်သင့်သည်။

သို့မှသာ မီဒီယာများပေါ်တွင် မြင်တွေ့နေရသော ကုန်သေတ္တာတင်ယာဉ်များ၏ အန္တရာယ်ကို လမ်းသွားလမ်းလာ လမ်းအသုံးပြုသူများ ကင်းဝေးစွာဖြင့် ရန်ကုန်မြို့တွင်း သွားလာနိုင်မည်ဟု လမ်းအသုံးပြုသူများက ပြောသည်။

မောင်စေအောင်

သတင်းတို

ကြည့်မြင်တိုင်ဖုန်းဆိုင်တွင် သိန်း၂၀တန်ဖိုးရှိ ပစ္စည်းများအခိုးခံရ

ကြည့်မြင်တိုင် မြို့နယ်အတွင်း ဇွန် ၁၂ ရက် နံနက် ၆နာရီ ၄၅ မိနစ်တွင် ဖွင့်လှစ်ထားသော ဖုန်းဆိုင်မှာ တံခါးပွင့်နေကြောင်း ဆိုင်ဘေးနားတွင် ဖွင့်လှစ်ထားသည့် မုန့်ဟင်းခါးဆိုင်မှ ပိုင်ရှင်ဖြစ်သူ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ကိုရဲဇော်အောင်က အကြောင်းကြားသဖြင့် သွားရောက်စစ်ဆေးရာ ဆိုင်တွင်မှ ဟန်းဆက်အလုံး ၂၀၊ တက်ဘလက် နှစ်လုံး၊ လိုင်းကတ်သုံးကတ်၊ ငါးထောင်တန် ငွေဖြည့်ကတ် ၂၄ ကတ်၊ တစ်သောင်းတန် ငွေဖြည့်ကတ် ၁၁ ကတ် စုစုပေါင်း တန်ဖိုး ကျပ် ၂၀၇၉၅၀၀ ဖိုးခန့် ပျောက်ဆုံးနေကြောင်း သိရသဖြင့် အမှုဖွင့် တိုင်ကြားခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သတ်ပြီး ကြည့်မြင်တိုင်မြို့မ ရဲစခန်းက (ပ) ၃၇၇/၁၄ ပြစ်မှုပုဒ်မ ၃၈၀ အရ အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။

၃၁

AMAZING DREAMS

ဖတ်စရာဆောင်းပါး

သတိပြုရမည့် ထနောင်း

à &iftmif(D&p'u)d

ယနေ့အခါ ဆေးဝါးဖွံ့ဖြိုးမှုများပြားလာသည်နှင့်အမျှ အန္တရာယ်များလည်း ကြုံနေလျက်ပင်ဖြစ်သည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်း၏။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသများတွင် နိုင်ငံခြားထနောင်း ပေါက်ရောက်နှုန်းမှာလည်း အလွန်များလာသည်။ အပင်ပမာဏမှာ ကြီးထွားလွယ်ပြီး ဆူးများသည်။ ဆူး၏အရွယ်ပမာဏမှာအရှည်နှစ်လက်မရှိပြီး အဖျားပိုင်းတွင် အရစ်သဏ္ဍာန်ဖြင့် အဆိပ်များပါသည်။

အပင်၏ အကိုင်းအခက်များသည်လည်း အခြားအပင်များနှင့်မတူ။ တစ်ကိုင်းခုတ် ဆယ်ကိုင်းမက အခက်အလက်များ ဝေဆာလျက်ရှိသည်။ အသီးမှာ ဖြူဝါရောင်ရှိပြီး ဆယ်စေ့နှင့် ဆယ်နှစ်စေ့ပါသည်။ အသီးများကိုတိရစ္ဆာန်အများစု နှစ်ခြိုက်သည်။ထို့ကြောင့် မျိုးမပွားစေရန် ကာကွယ်နည်းမှာလည်း လွန်စွာခဲယဉ်းလှပေသည်။ ကျေးလက်တောင်သူဦးကြီးများသည် သတ္တဝါတို့မှရရှိသော နွားချေး၊ ဆိတ်ချေး၊ သိုးချေးတို့ကို သဘာဝမြေသြဇာအဖြစ် အသုံးပြုသည်။

ထိုအခါ အစေ့ကို ပျိုးသည်နှင့်အလားတူ ယာခင်းထဲနှင့် တိရစ္ဆာန်အညစ်အကြေး ကျရောက်သောနေရာများတွင် ပေါက်ရောက်သည်။ ဆူး၏အဆိပ်မှာ လွန်စွာကြောက်ရွံ့ဖွယ်ဖြစ်သည်။ လူသားတို့၏ အသားအကြောများတွင် ထိတွေ့မိပါက မသွားနိုင် မလာနိုင် အကြောကိုဖြတ်တောက်ထားသကဲ့သို့ ခံစားရသည်။ထို့ကြောင့် အပူပိုင်းမိုးနည်းရပ်ဝန်း ဒေသများဖြစ်သော အပူပိုင်းဒေသများတွင် မျိုးမပွားစေရန်နှင့် ဆူး၏အန္တရာယ်ကိုသိရှိရန် ရည်ရွယ်ပါသည်။

နိုင်ငံခြားထနောင်းပင်များသည် လူသားတို့၏ စီးပွားရေးကို အကိုင်းအခက်များဖြင့် အထောက်အကူပြုသော်လည်း ဆိုးကျိုးများမှာ အသက်ပင်ဆုံးရှုံးနိုင်သည်။ ထို့ကြောင့် ရရှိသောအခွင့်အရေးသည် အခြားကောင်းကျိုးများနှင့် နှိုင်းယှဉ်မည်ဆိုလျှင် မပြောပလောက်ပေ။ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ဖို့ သစ်ပင်များစိုက်ပျိုးစို့ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်ပုဒ်နှင့်အညီ နိုင်ငံခြားထနောင်းပင်အစား ယူကလစ်ကိုစိုက်ပျိုးဖို့ တိုက်တွန်းလိုက်ပါသည်။ သင့်ပတ်ဝန်းကျင်လှပဖို့ ပတ်ဝန်းကျင်နှင့်ကိုက်ညီသော အပင်များများ စိုက်ပျိုးကြပါစို့။

သတင်းတို

အမြန်လမ်း၊ လမ်းဟောင်းတွင် ကျွန်းတံခါး ၃၁ ချပ်နှင့် ကျွန်းခုတင်များ ဖမ်းဆီးရမိ

ဇွန် ၁၀ ရက် နံနက် ၆ နာရီတွင် လှည်းကူးမြို့နယ် သစ်တောဦးစီးမှူး ခွန်ပြုံးနိုင်နှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးလမ်းဟောင်းတွင် ယာဉ်မောင်း တင်ထွန်းဝင်း မောင်းနှင်လာသည့်ခြောက်ဘီးကားပေါ် တွင်ကျွန်းတံခါး ၃၁ ချပ်၊ကျွန်းခုတင် ထိပ်ပိတ်နောက်ပိတ်ရှစ်ခု၊ ကျွန်း ခုတင်အပိုင်းအစ ၃၃၂ ချောင်းတို့အား တရားမဝင်သယ်ဆောင်လာသည်ကို တွေ့ရသဖြင့် အရေးယူပေးရန်တိုင်ကြားခဲ့သည်။ ယင်းကြောင့် လှည်းကူးမြို့မရဲစခန်းက (ပ)၂၆၄/၁၄ သစ်တော ဥပဒေပုဒ်မ ၄၃(က)အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **၃၁**

နေရာအနှံ့ပေါက်ရောက်သော အကြော်ပန်းများ ကောက်ယူ အခြောက်လှန်း၍ ရောင်းချခြင်းဖြင့် ဒေသခံများဝင်ငွေတိုး

မကွေး၊ မေ ၁၄

မကွေးမြို့နယ်အတွင်း ကျောင်းကန်ဘုရားများနှင့် နေရာအနှံ့အပြားတွင် ပေါက်ရောက်လေ့ရှိသော တရုတ်စကားပင်များမှ တရုတ်စကားပန်း (ဒေသအခေါ်)အကြော်ပန်းများကို ကောက်ယူ အခြောက်လှန်း၍ အကြော်ပန်းခြောက်များရောင်းချခြင်းဖြင့် ဒေသခံများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

မကွေးမြို့နယ်တွင် တရုတ်စကားပန်း(အကြော်ပန်း)များကို အဖြူနှင့်အနီဟူ၍ နှစ်မျိုးနှစ်စားတွေ့ရပြီး လမ်းဘေးတွင် အရိပ်ရအပင်အဖြစ် စိုက်ပျိုးလေ့ရှိရာမှ တစ်ဖက်တစ်လမ်း ဝင်ငွေရရန် တချို့မှာ ခြံဝင်းအတွင်း၌ပင် စိုက်ပျိုးလာပြီဖြစ်ကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုခွကျေးရွာမှ ဒေသခံတစ်ဦးက“ မနက်ဆိုရင် လမ်းဘေးမှာ လိုက်ကောက်တယ်။ ပန်းခြောက်တစ်ပိဿာရဖို့ နှစ်ရက်လောက်ကောက်ပြီး နေလှန်းရတယ်။ အနီပွင့်ရော၊ အဖြူပွင့်ရော ဝယ်တယ်။ တောင်တွင်း၊ မကွေးမှာလည်း ဒိုင်ကြီးတွေရှိတယ်။ ကိုယ်စားလှယ်တွေက ရွာအထိဆင်းပြီး ဝယ်တာတွေရှိတယ်။ ပန်းခြောက်တစ်ပိဿာကို ငွေကျပ် ၅၀၀၀ ကနေ ၆၀၀၀ အထိ ဈေးကောင်းရတယ်။ အရင်တုန်းကတော့ အကြော်ပန်းကို အမှိုက်အဖြစ်နဲ့တောင် ကောက်မယ့်သူမရှိဘူး။ အခုတော့ တစ်ဖက်တစ်လမ်းက ဝင်ငွေရတော့ လုတောင်ကောက်နေရတယ်” ဟု ပြောသည်။

မြန်မာနိုင်ငံအတွင်း နေရာဒေသအများအပြား၌ တရုတ်စကားပန်းခြောက် ရောင်းဝယ်မှုများရှိနေကြောင်း၊ တရုတ်သို့ ဆေးဖော်စပ်ရန် ပို့နေရကြောင်း ပန်းခြောက်အဝယ် ကိုယ်စားလှယ်များထံမှ သိရသည်။ အညာဒေသများတွင် ရှေးယခင်ကတည်းကပင် မြန်မာ့အိမ်တွင်း တိုင်းရင်းဆေးနှင့် ခါတ်စာအဖြစ် အကြော်ပန်းကို ရေနွေးဖျော်၍ မြေပဲဆန်၊ ပုစွန်အချိုခြောက်များဖြင့် သုပ်စားခြင်း၊ ပန်းခြောက်ကို ရေနွေးကြမ်းထဲတွင်ခတ်၍ သောက်သုံးခြင်း ဓလေ့များရှိသည်။

တရုတ်စကားပန်း(Plumeria)ကို ရုက္ခဗေဒအမည် (Plumeria actifolia Poir)ဟုခေါ်ပြီး မူရင်းပေါက်ရောက်ရာဒေသများမှာ မက္ကဆီကို၊ ပနားမား၊ ဘာဗေးဒိုစ်နှင့် ကာရစ်ဘီယံကျွန်းနိုင်ငံများဖြစ်၍ ကိုင်းတံရှည်ပွင့်ပြီး အရောင်ရှစ်မျိုးခန့်ရှိကြောင်း၊ ၎င်းအပင်မှထွက်သည့် အစေးကို ဝမ်းနှုတ်ဆေးအဖြစ် ဖော်စပ်နိုင်ကြောင်း၊ အပွင့်ကိုသုပ်စားပါက ဆီးနှင့်ပတ်သက်သော ရောဂါများပျောက်ကင်းနိုင်ကြောင်း၊ တရုတ်စကားပင်တစ်ပင်လုံးဆေးဖက်ဝင်ကြောင်း သိရသည်။ **ကျော်စွာ(မကွေး)**

ညောင်ဦးမြို့နယ်ကန်တောကျေးရွာတွင် ကိုယ်ထူကိုယ်ထလျှပ်စစ်မီးလင်းရန် ဒေသခံများ မျှော်လင့်နေ

ညောင်ဦး၊ ဇွန် ၁၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်ကန်တောကျေးရွာ ပြည်သူပြည်သားများသည် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရန် မျှော်လင့်လျက်ရှိနေကြောင်း သိရသည်။ ညောင်ဦးမြို့နယ် ကန်တောကျေးရွာတွင် အိမ်ခြေပေါင်း ၁၅၃ အိမ်ရှိပြီး အိမ်ထောင်စု တစ်စုလျှင် လျှပ်စစ်မီးအတွက် မီးလင်းရန် အသုံးပြုငွေ သုံးသိန်းငါးသောင်းကျပ် အကုန်ကျခံခဲ့ကြသည်။

ရွာလုံးကျွတ် ကုန်ကျစရိတ်မှာ သိန်းငါးရာကျော် ကုန်ကျစရိတ်ရှိပြီး ကျေးရွာသူရွာသားများမှ မီးတိုင်စိုက်ရန် တွင်းတူးခြင်း ကြိုးသွယ်ခြင်းလုပ်ငန်းများကို အလျင်အမြန်ပြီးစီးအောင် အားရဝမ်းသာဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ယခုအချိန်အခါတွင် လျှပ်စစ်မီးလင်းရန် အသင့်ဖြစ်နေပြီးဖြစ်သော်လည်း အမှောင်ထု ဖုံးလွှမ်းနေသေးသည့်အတွက် လျှပ်စစ်မီးအလင်းရောင်ကို မျှော်လင့်လျက်ရှိနေကြသည်ဟု သိရသည်။

“ကျွန်တော်တို့ရွာက တစ်ရွာလုံး ညီညီညွတ်ညွတ်နဲ့ လျှပ်စစ်မီးရဖို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ငွေတွေလည်း အများကြီးကုန်ကျပါတယ်။ တစ်အိမ်မကျန်လည်း လျှပ်စစ်မီးအတွက် ကုန်ကျစရိတ်ထည့်ဝင်ကြပါတယ်။ အဲဒီတော့ အခုချိန်ထိအောင် မီးမလင်းသေးဘူးဆိုတော့ ကျွန်တော်တို့ရွာက လူတွေက စိတ်မကောင်းဖြစ်တာပေါ့။ ကျွန်တော်တို့ရွာကို မီးရမယ်ဆိုလို့ တိုက်တွန်းတဲ့အတွက် အမြန်ဆုံး ဆောင်ရွက်ခဲ့ပါတယ်။ အခုချိန်မှာ လျှပ်စစ်မီးလင်းခွင့်ပေးရင် ကျွန်တော်တို့ရွာက ပြည်သူတွေအားလုံး ဝမ်းသာကြမှာ ဖြစ်ပါတယ်”ဟု ကန်တောကျေးရွာ လျှပ်စစ်မီးရရှိရေး ကော်မတီ ဥက္ကဋ္ဌဦးသောင်းဌေးက ပြောသည်။

“ကျွန်တော်တို့ရွာမှာ အခုဆိုရင် ထရန်စဖော်မာတွေလည်း တပ်ဆင်ပြီးနေပြီ။ ထရန်စဖော်မာက ဗို့အား ၂၀၀ ရှိတယ်။ တစ်ရွာလုံး တစ်အိမ်မကျန် လျှပ်စစ်မီးလင်းနိုင်အောင် ကျွမ်းကျင်ပညာရှင်များနဲ့ ညှိနှိုင်းဝယ်ယူထားတာဖြစ်ပါတယ်။ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ယခုနှစ် မတ်လကုန်လောက်က အပြီးဆောင်ရွက်ခဲ့ပါတယ်။ ဆိုလာပြားမဝယ်ဘဲ ငွေစုဆောင်းခဲ့ပါတယ်။ ကျေးရွာအတွင်းမှာ ငွေသိန်းချီအကုန်ခံပြီး ညကျရင် ဖယောင်းတိုင်းမီး ထွန်းရတဲ့အတွက် စိတ်မကောင်းဖြစ်မိတယ်”ဟုဦးတင်အုန်းက ပြောသည်။

ယင်းကြောင့် ကန်တောကျေးရွာ နေပြည်သူကလျှပ်စစ်မီးအလင်းပေး စေလိုကြသည်။ **ကျော်ဌေး(ညောင်ဦး)**

လယ်ယာမြေဧက ၃၀၀ ကျော် အကျိုးပြုမည့် ရေသွယ်မြောင်းဖောက်လုပ်

ကလေး၊ ဇွန် ၁၄

ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက် မြစည်တော်သာသနရိပ်သာနှင့် မင်္ဂလာဥယျာဉ်ပရိယတ္တိစာသင်တိုက်ကြားရှိ လယ်ယာမြေဧက ၃၀၀ ကျော်သည် မိုးတွင်းကာလ သံတံတားချောင်းရေ ရေပြည့်ရေလျှံမှုနှင့် ချောင်းရေတင်ကျန်မှုကြောင့် စိုက်ပျိုးပြီးသီးနှံများ ပျက်စီးဆုံးရှုံးခြင်းနှင့် နှစ်စဉ်ကြုံတွေ့နေရသည်မှာ လေးနှစ်ကျော်ပြီး ဖြစ်သည်။

အဆိုပါ ဘုန်းကြီးကျောင်းနှစ်ကျောင်းမှ ကျောင်းထိုင်ဆရာတော်များနှင့် တောင်သူ ၃၆ ဦးတို့၏ စေတနာထက်သန်စွာ ငွေကြေးပံ့ပိုးမှုတို့အပြင် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက မြေကော်ယန္တရားပံ့ပိုးပေးကာ ယခုကာလတွင် သံတံတားချောင်း ရေသွယ်မြောင်း အရှည်ပေ ၁၀၀၀ ကျော်အား ဘက်ဟိုးစက်ကြီးဖြင့် ဖောက်လုပ်လျက်ရှိသည်။

လယ်မြေပိုင်ရှင်များသည် လယ်ယာမြေများတွင်နှစ်စဉ်ရေနစ်မြုပ်ခြင်းကြောင့် သီးနှံများစိုက်ပျိုး၍မရသဖြင့် မိသားစုစားဝတ်နေရေးတွင် ကြပ်တည်းခဲ့ကြောင်း လယ်ယာမြေပိုင်ရှင် ဦးဇော်ဝင်းက ပြောသည်။

သို့သော်လည်း ယခုအချိန်တွင် ယင်းရေသွယ်မြောင်း ဖောက်လုပ်ပြီးစီးပါက လယ်ယာမြေများ ရေလွှမ်းမိုးခြင်း၊ စိုက်ပျိုးသီးနှံများအပေါ်တွင် ချောင်းရေတင်ကျန်ခြင်းတို့မှ ကာကွယ်နိုင်တော့မည်ဖြစ်ပြီး စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးခြင်းမှ ကင်းလွတ်မည်ဖြစ်ကြောင်း လယ်ယာမြေပိုင်ရှင်တောင်သူ ဦးမောင်ကြီးက ပြောသည်။

အဆိုပါ ရေပေးရေသွယ်မြောင်း ဖောက်လုပ် ဆောင်ရွက်နေမှုကို အမြန်ဆုံး ပြီးစီးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်မှုနှင့်အတူ ကလေးခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌသည် တောင်သူများနှင့် ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုကာ လယ်ယာမြေပိုင်ရှင်များအား မိုးသီးနှံများ အချိန်မီစိုက်ပျိုးကြရန် တိုက်တွန်း အားပေးခဲ့ကြောင်း သိရသည်။ **ဂျိုးနက်**

မင်းဘူးမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲကျင်းပ

မင်းဘူး၊ ဇွန် ၁၄

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက် မကွေး-မင်းဘူး-စကုလမ်းမကြီးဘေး အ. ထ. က(၂) ရှေ့တွင် ဇွန် ၁၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အဆိုပါဆိုင်းဘုတ်အား မင်းဘူးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းသူဇာမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **သန်းဌွေး(မင်းဘူး)**

မကွေးတိုင်းဒေသကြီး ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

မကွေး၊ ဇွန် ၁၄

မကွေးတိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက်နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများအား ကဏ္ဍအလိုက် တာဝန်များပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်နှင့်ပတ်သက်၍ တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းလွင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **သူရထွန်း(မကွေး)**

ဘုရင့်နောင်ကုန်စည်ဒိုင် ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ စားအုန်းဆီဈေးနှုန်း

ရန်ကုန်၊ ဇွန် ၁၄

ဘုရင့်နောင်ကုန်စည်ဈေးကွက်၏ ဇွန် ၁၂ ရက်တွင် ငရုတ်ဈေးနှုန်းနှင့် ကြက်သွန်ဖြူဈေးနှုန်းများ မြင့်တက်ပြီး ပြည်ပအပို့နည်းနေသေးသော ကြက်သွန်နီဈေးနှုန်းမှာ ငြိမ်နေကြောင်း၊ စားအုန်းဆီဈေးနှုန်းမှာ ပြည်တွင်းနှင့်ပြည်ပဈေးနှုန်းများပါ ဆက်လက်ကျဆင်းနေပြီး ကြူကုတ်ကြက်သွန်ဖြူနှင့် စားအုန်းဆီမှာ ဇွန်လဆန်းအတွင်း ကာလတူ ယခုနှစ်တွင် ဈေးနှုန်းအနိမ့်ဆုံးဖြစ်နေသည်ဟု ဈေးကွက်မှသိရသည်။

မြစ်ဝကျွန်းပေါ်ဒေသနှင့် ကျောက်ဆည်၊ ဝမ်းတွင်းဒေသများတွင် ငရုတ်ရှည်များ အသစ်ထွက်ပေါ်နေရာ ယခုနှစ်တွင် ဈေးနှုန်းအမြင့်ရရှိကြောင်း၊ ဇွန် ၁၂ ရက်တွင် စိမ်းစားငရုတ်ပွ တစ်ပိဿာ ၄၀၀၀၊ ၄၂၀၀ ကျပ်၊ ဝါးခယ်မ ငရုတ်ရှည် တစ်ပိဿာ ၂၃၅၀၊ ၂၄၅၀ ကျပ်၊ ညောင်ရမ်းမိုးထောင်ငရုတ် တစ်ပိဿာ ၂၂၀၀၊ ၂၃၅၀ ကျပ်၊ လေးအိမ်စုမိုးထောင် တစ်ပိဿာ ၂၃၅၀၊ ၂၄၅၀ ကျပ်၊ ကျောက်ဆည်ဒီမိုငရုတ် တစ်ပိဿာ ၂၅၀၀ ကျပ်နှုန်းရှိကြောင်း သိရသည်။ ယခင်နှစ်ကာလတူထက် ငရုတ်တစ်ပိဿာ ၃၀၀ မှ ၄၀၀ ကျပ်ဝန်းကျင် ဈေးမြင့်သည်ဟု ငရုတ်ကုန်သည်များက ပြောသည်။

၂၀၁၄ ခုနှစ်၊ ဇွန် ၁၂ ရက်တွင် ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ၁၂၅၀၊ ၁၃၀၀၊ ၁၃၇၅၊ ၁၃၇၅၊ ၁၅၇၅ ကျပ်နှုန်း၊ ကြူကုတ်ကြက်သွန် ဖြူ တစ်ပိဿာ ၁၂၅၀၊ ၁၃၀၀ ကျပ် နှုန်းရှိရာ ယခင်နှစ် ၂၀၁၃ ခုနှစ် ဇွန် ၁၂ ရက်-တွင် ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ၁၁၅၀၊ ၁၃၅၀၊ ၁၅၅၀၊ ၁၇၅၀ ကျပ်နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ၁၃၆၅ ကျပ်နှုန်း၊ ၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ၈၀၀၊ ၉၅၀၊ ၁၂၀၀၊ ၁၄၀၀ ကျပ်နှုန်း၊ ကြူကုတ် တစ်ပိဿာ ၂၅၀၀၊ ၂၀၀၀ ကျပ်နှုန်းရှိခဲ့ရာ ပြည်ပမှအသစ်ထွက်ရှိ ပြည်တွင်းသို့ရောက်ရှိသော ကြူကုတ်ကြက်သွန်ဖြူဈေးနှုန်းမှာ ယခုနှစ်အတွင်း ဇွန် ၁၂ ရက် ဈေးနှုန်းများတွင် ယခုနှစ်အတွက် ဈေးအနည်းဆုံးဖြစ်သည်။

၂၀၁၃ တစ်နှစ်လုံးတွင် ပြည်ပသို့ ကြက်သွန်နီတန်ချိန် ၄၀၀၀၀ ခန့်သာ တင်ပို့ရသေးကြောင်း၊ ယခင်နှစ် ကြက်သွန်နီတစ်တန် ၄၀၀ ဒေါ်လာဝန်းကျင်ရသော်လည်း ယခုနှစ်တွင် ၂၉၀ ဒေါ်လာဝန်းကျင်သာ ရရှိသည်ဟု သက်ဆိုင်ရာမှ သိရကြောင်း၊ ပြည်ပပို့ အရွယ်အစားဖြစ်သော အလုံးသေးလက်ချော အရွယ်အစားမှာ ကျန်အရွယ်အစားအကြီးများထက် တစ်ပိဿာလျှင် ကျပ်တစ်ရာကျော် ဈေးနည်းသည်။

ယခုနှစ် ဇွန် ၁၂ ရက်တွင် ဆိတ်ဖြူအမျိုးအစား ကြက်သွန်နီ တစ်ပိဿာ ၃၂၅၊ ၄၄၀၊ ၄၆၅၊ ၄၉၀ ကျပ်၊ တောင်တွင်းအမျိုးအစား ၃၀၀၊ ၄၀၀၊ ၄၆၅၊ ၄၈၀ ကျပ်ရှိကြောင်း၊ ၂၀၁၃ ဇွန် ၁၂ ရက်တွင် ဆိတ်ဖြူအမျိုးအစား ကြက်သွန်နီ တစ်ပိဿာ ၄၀၀၊ ၄၃၀၊ ၄၄၀၊ ၄၆၀ ကျပ်နှုန်း၊ ၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် ဆိတ်ဖြူအမျိုးအစား တစ်ပိဿာ ၄၆၅၊ ၅၄၀၊ ၅၆၅၊ ၅၉၀ ရှိခဲ့ကြောင်း သိရသည်။

၂၀၁၄ အတွင်း ဈေးနှုန်းအနိမ့်ဆုံးဖြစ်နေသော စားအုန်းဆီ ပြည်တွင်းပြည်ပဈေးနှုန်းများ ဆက်လက်ကျဆင်းနေရာ ဇွန် ၁၂ ရက်တွင် ပြည်တွင်း လက်ငင်း လက္ကားတစ်ပိဿာ ရောင်းဈေး ၁၄၄၅ ကျပ်၊ ပြည်ပဈေးနှုန်း မလေးရှား FOB တစ်တန် ၈၁၅ ဒေါ်လာ ငွေလဲနှုန်း ၉၇၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေး ၁၄၉၁ ကျပ် ရှိသည်။

မတ်လဆန်းတွင် ပြည်တွင်းရောင်းဈေးတစ်ပိဿာ ၁၇၃၅ ကျပ်၊ ပြည်ပဈေး မလေးရှား FOB ၉၆၅ ဒေါ်လာနှုန်းဖြင့် နှိုင်းယှဉ်လျှင် ယခုကာလအတွင်း စားအုန်းဆီ ပြည်တွင်းရောင်းဈေး တစ်ပိဿာ ၂၉၀ ကျပ်၊ ပြည်ပ မလေးရှား FOB တစ်တန် ၂၅၀ ဒေါ်လာ ဈေးကျလာကြောင်း၊ ၂၀၁၃ ခုနှစ် ဇွန် ၁၂ ရက်တွင် ပြည်တွင်းရောင်းဈေး တစ်ပိဿာ ၁၅၂၈ ကျပ်၊ ပြည်ပဈေး မလေးရှား FOB တစ်တန် ၈၅၀ ဒေါ်လာနှုန်းရှိကြောင်း၊ ၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် ပြည်တွင်းရောင်းဈေး တစ်ပိဿာ ၁၇၀၅ ကျပ်ရှိခဲ့ရာ သုံးနှစ်ကာလ ဇွန်လဆန်းဈေးနှုန်းများတွင် ယခုနှစ် ဇွန် ၁၂ ရက် ဈေးနှုန်းသည် အနိမ့်ဆုံးဖြစ်နေဆဲရှိသည်ဟု ဆီရောင်းချသူများက ပြောသည်။ **မောင်စေအောင်**

ဝါးခယ်မမြို့နယ်အသင်းဂုဏ်ထူးဆောင်နာယက ဦးအုံးကျော်နှင့်ဇနီးဒေါက်တာဒေါ်စန်းနွဲ့ မိသားစု ဝါးခယ်မမြို့နယ်အတွက် ကျပ်သိန်း၁၅၀တန်ဖိုးရှိ အရေးပေါ်လူနာတင်ယာဉ်နှင့် ဆက်စပ်ပစ္စည်းအပြည့်အစုံကိုဇွန် ၈ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။ သတင်းနှင့်ဓာတ်ပုံ- မောင်လှိုင်

တောင်ဥက္ကလာပမြို့နယ်တွင်ခြင်ထောင်ဆေးစိမ်ခြင်းကွင်းဆင်းဆောင်ရွက်

ရန်ကုန်၊ ဇွန် ၁၄

မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်တတ်သောကြောင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ခြင်ထောင်များဆေးစိမ်ပေးခြင်း၊ ခြင်ဆေးမှုတ်ပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ထုံးမှုန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း တောင်ဥက္ကလာပမြို့နယ်၊ စည်ပင်သာယာ ကျန်းမာရေးဌာန တာဝန်ခံဦးချစ်ခင်က ပြောသည်။

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အင်းဝလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး စုရပ်တွင် ဇွန် ၁၁ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ ကျန်းမာရေးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအသင်းတို့ပူးပေါင်း၍ ခြင်ထောင်အလုံး ၃၅ လုံးကိုဆေးစိမ်ပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

မိုးရာသီကာလတွင် ခြင်ကိုက်ခံရခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနိုင်ပြီး ယင်ကောင်များကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားစေနိုင်သောကြောင့် အပတ်စဉ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်သုည

ycJwkaH'oluDka;uD,fr rlyt*j&yfESmnZ0ap&efaqmifcGf

ပဲခူး၊ ဇွန် ၁၄

ဘုရားကြီးနယ်မြေရဲစခန်းမှ ရဲအုပ်ဌေးခိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒုတပ်ခွဲမှူးလှစိုးဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ခိုင်ဖြိုးမှ စည်း/မှူးဦးလှမြင့်နှင့် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူများပူးပေါင်း၍ ဇွန်၁၂ရက်နံနက်ဥနာရီက စည်းကမ်းမဲ့ ဈေးသည်များအား စနစ်တကျ နေရာချပေးခြင်းများကိုဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်ဘုရားကြီးမြို့သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအား အမှီပြု၍လျင်မြန်စွာ တိုးတက်လာသည်နှင့်အမျှ မြို့ပြ အင်္ဂါရပ်နှင့်အညီ ဘုရားကြီးမြို့တွင် မီးပွိုင့်များတပ်ဆင်ခြင်း၊ စာသင်ကျောင်းများ အဆင့်မြှင့်ခြင်း၊ ရေနုတ်မြောင်းများတူးဖော်၍ရေစီးရေလာ ကောင်းမွန်စေပြီး အမှိုက်များစနစ်တကျ စွန့်ပစ်စေခြင်းစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ကြကြောင်း သိရသည်။

ခရီးသည် တင်မော်တော်ယာဉ်များအားစည်း ကမ်းတကျသတ်မှတ်နေရာတွင် ခရီးသည်ရပ်တင်ခြင်း အဝေးပြေးယာဉ်နှင့် ကားဂိတ်များစည်းကမ်းတကျရှိစေခြင်း၊ အငှားယာဉ်များ စနစ်တကျရှိစေခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား ပညာပေးဆောင်ရွက်ခြင်း၊ မီးပွိုင့်ဧရိယာအတွင်း မမြင်ကွယ်ရာဖြစ်စေသည့် ဆိုင်များအား ရှင်းလင်းခြင်းစသည့် မြို့ပြလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သီဟရာဇာ(ဘုရားကြီး)

ဆောင်းပါး

လူတွေရဲ့စိတ်ဓာတ်

à yarmuEjufma'wifvifonif

ကျွန်မသည် အငြိမ်းစားပညာရေးဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ အငြိမ်းစားမယူခင်က တာဝန်ထမ်းဆောင်ရသည့် ရန်ကုန်အဝေးသင်တက္ကသိုလ်ရုက္ခဗေဒဌာနသို့ အိမ်မှကားမအားလျှင် 'Taxi' ဖြင့်လည်းကောင်း၊ လိုင်းကားဖြင့်လည်းကောင်း နေထိုင်ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း) မှ ၈ မိုင်၊ ၈ မိုင်မှ အဆင်ပြေသည့်ကားဖြင့် သွားရပါသည်။ ကျွန်မ လိုင်းကားစီးသည့်အခါတိုင်း သက်ကြီး ရွယ်အိုများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကလေး များနှင့်သူများကို နေရာဖယ်ပေးလေ့ရှိပါသည်။ တစ်နေ့တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးနှင့် အဖော်များတက်လာ၍ ကျွန်မ နေရာဖယ်ပေးလိုက်ပါသည်။ ထမင်းဘူး၊ ရေဘူး၊ စာအုပ်များပါသည့်ခြင်းကို ဘေးမှအမျိုးသမီးတစ်ဦးက ယူထားပေးပါသည်။

ကျွန်မဆင်းမည့်မှတ်တိုင် အများကြီးလိုပါသေးသည်။ ကိုယ်ဝန်ဆောင်ထားသည့် မပေါ့မပါးကလေးမကလေးကို နေရာဖယ်ပေးရ၍ ကျွန်မများစွာ ဝမ်းသာနေမိပါသည်။ နှစ်မှတ်တိုင်ကျော်တွင် နေရာဖယ်ပေးထားသော ကလေးမကလေး၏ ဘေးတွင် ခရီးသည် ဆင်းသွား၍ ကျွန်မလည်း ခြင်းကိုလှမ်းယူကာ ထိုင်မည်ဟု စဉ်းစားနေမိပါသည်။ ကိုယ်ဝန်ဆောင်ကလေးမကလေးသည် အနည်းငယ်လှမ်းသောနေရာတွင် ရောက်နေသည့် သူ့အဖော်ကို အတင်းလှမ်းခေါ်ပြီး လွတ်သွားသောနေရာ၌ ထိုင်စေပါသည်။ ဘေးကလူများက တအံ့တသြကြည့်နေကြတာ သူမမှုပါ။ နေရာဖယ်ပေးလိုက်တာက 'ကျွန်မ'၊ ယခုနေရာလွတ်သွား၍ ထိုင်နေသူက ဒီကလေးမကလေးရဲ့ 'အဖော်'။

သြော်-လောကကြီးထဲက လူတွေရဲ့. . . စိတ်ဓာတ်ပါလား။ ကျွန်မနေရာဖယ်ပေးမိတာ 'နောင်တ' မရပါ။ 'ကုသိုလ်' စိတ်ပဲလေ။ သူ့စိတ်နဲ့သူ၊ ကိုယ့်စိတ်နဲ့ကိုယ်ပါပဲ။ ကျွန်မ 'အကုသိုလ်' စိတ် မဖြစ်လိုတော့ပါ။

ပြီးခဲ့သည့် အတိတ်ကာလကလည်း ကျွန်မ ခုလိုကြုံခဲ့ဖူးပါသည်။ ကျွန်မအမျိုးသားသည် အထူးကုဆရာဝန်တစ်ဦးဖြစ်ပြီး အိမ်တွင် ဆေးခန်းဖွင့်ထားပါသည်။ ကိုယ့် ရပ်ကွက်ထဲမှ သူများ၊ ရဟန်းသံဃာတော်များ၊ သီလရှင်များကို ကုသိုလ်ဖြစ် ကုသပေးသူဖြစ်ပါသည်။ ကျွန်မတို့ အိမ်ပြောင်း၍ ရပ်ကွက်အသစ်သို့ ရောက်လာသောအခါ ပထမရပ်ကွက်မှ အမျိုးသမီးနှစ်ဦး လာရောက်ပါသည်။ ကျွန်မသည် မီးဖိုထဲမှာ ထမင်းဟင်းချက်ရင်း သမီးကြီးကို "သမီးရေ၊ အဲဒီအမျိုးသမီးတွေက အရင်ရပ်ကွက်ကနော်၊ ဖေဖေကြီးမမှတ်မိမှာစိုးလို့ သွားပြောလိုက်အုံး" ဟု ကျွန်မပြောလိုက်၍ ဆေးဖိုးရော ကုသစရိတ်ပါ မယူလိုက်ပါ။

နောက်နေ့ ကျွန်မဈေးထဲတွင် ထိုအမျိုးသမီးများဖွင့်ထားသည့် ထန်းလျက်ဆိုင်သို့ သွားဝယ်ပါသည်။ ယခင်ကလည်း အားပေးချင်သည့်စိတ်ဖြင့် ကျွန်မအမြဲဝယ်နေကြပါ။ ထိုအမျိုးသမီးက "ဆရာမရေ၊ ထန်းလျက်တွေဈေးတက်သွားပြီ၊ အရင်ဈေးနဲ့ မရတော့ဘူးနော်" ကျွန်မ သူတို့ဆိုင်မှာ တစ်ခါမှ ဈေးမဆစ်ခဲ့ဘူးပါ။ ကျွန်မလည်း ဘာမှမပြောတော့ဘဲ ပိုက်ဆံပေးပြီး ထွက်လာခဲ့ပါသည်။

ကျွန်မသာ ဈေးရောင်းသူဖြစ်ပါက ကိုယ့်ကို စေတနာဖြင့် ကုသပေးလိုက်သည့် မေတ္တာတွေကို ကျေးဇူးပြန်ဆပ်မိမှာပါ။ ကျွန်မ ကိုယ့်ကိုယ်ကိုယ် သတိပေးနေပါသည်။ ဆေးကုပေးလိုက်တာက ကုသိုလ်စိတ်၊ နောက်ဖြစ်ပေါ်နေတာတွေက အကုသိုလ်စိတ်တွေပါလား။ ကိုယ်ပေးနိုင်တာပေးပြီး ဘာမှပြန်မလိုချင်ဘဲ အရာရာကို စွန့်လွှတ်နိုင်ရပါမယ်။ ကိုယ်ပထမ ကုသိုလ်စိတ်ပဲ အစွန်းအထင်းမဖြစ်စေလိုဘဲ ဆက်လက်ပီတိဖြစ်နေရမှာပါ။ ကိုယ်သေရင် ကိုယ့်နောက်ကို ကိုယ်ပြုခဲ့တဲ့ကုသိုလ်တွေသာ ပါသွားမှာပါ။ အားလုံးကို စွန့်ခဲ့ရမှာပဲ ဘာပဲလုပ်လုပ် အတတ်နိုင်ဆုံး မြတ်စွာဘုရားရှင်ကိုသာ စံနမူနာယူပြီး လုပ်ဆောင်ပါ။

ဆေးကုပေးလိုက်တာက ကုသိုလ်စိတ်၊ နောက်ဖြစ်ပေါ်တာတွေက အကုသိုလ်စိတ်တွေပါလား . . .

"ဘုရားမို့လို့ စွန့်နိုင်တာမဟုတ်ဘူး၊ စွန့်နိုင်လို့ ဘုရားဖြစ်သွားတာ။ မြတ်စွာဘုရားကို တကယ်ကြည်ညိုတယ်ဆိုရင် သူခင်းတဲ့လမ်းအတိုင်း တတ်နိုင်သမျှ ကြိုးစားပြီး လျှောက်ရမှာပေါ့" ဟု လမ်းညွှန်မိန့်ကြားခဲ့သော သန်လျင် သဘာဝရိပ်သာ ဆရာတော် ဦးဥတ္တမကျေးဇူးကြောင့် ကျွန်မ စိတ်ကိုကျွန်မ 'ကုသိုလ်စိတ်' ဖြစ်အောင် စွမ်းဆောင်နိုင်ပါပြီ။

ကျွန်မငယ်ငယ်တုန်းက နှစ်သက်ခဲ့ရသော ကဗျာဆရာကြီး 'တိုးဝေ' ၏ 'စိတ်ဓာတ်' ကဗျာကို မျှဝေပေးပါရစေ။

အကျည်းတန်သူ
ဘီးမှန်ကူ၍ သနိုင်၏။
အိုဇာမှုအသွင်
လိုရာပြုပြင်၍ ရနိုင်၏။
စိတ်ဓာတ် ယိမ်းယိုင်သွားရင်ဖြင့်
မိတ်ကပ်မလိမ်းနိုင်ပါ
တကား . . . ။

ဤဆောင်းပါးဖြင့် ကဗျာဆရာကြီး 'တိုးဝေ' အား ဂါရဝပြုပါ၏။

Full Auto

သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသို့နေ့စဉ် သက်ကြီးဘိုးဘွား အယောက် ၅၀ ဝန်းကျင် လာရောက်စောင့်ရှောက်မှုခံယူလျက်ရှိ

ရန်ကုန်၊ ဇွန် ၁၄

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာအား အထီးကျန်နေသော သက်ကြီးရွယ်အိုဘိုးဘွားများအတွက် လူမှုရေးစောင့်ရှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အပန်းဖြေအနားယူမှု၊ အာဟာရကျွေးမွေးမှုနှင့် သက်ကြီးပညာပေး ဟောပြောဆွေးနွေးမှုကို အဓိကထား၍ ဖွင့်လှစ်ထားရာ နေ့စဉ်သက်ကြီးဘိုးဘွား ၅၀ ခန့် လာရောက်စောင့်ရှောက်မှုခံယူလျက်ရှိကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် ပြောင်းလဲလာသော မြန်မာ့လူ့အဖွဲ့အစည်း၏ အသွင်အပြင်များအားထောက်ရှု၍ ရိပ်သာအကြံပြုနှင့် ရပ်ရွာအခြေပြုစောင့်ရှောက်ရေး နည်းစနစ်နှစ် မျိုးစလုံးရောစပ်ထားပြီး သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာအား ဖွင့်လှစ်ထားကြောင်းသိရသည်။ လူမှုရေးအရ အထီးကျန်နေသော ဘိုးဘွားများအား ကျန်းမာပျော်ရွှင်စေလျက် အသက်ရှည်စွာနေထိုင်သွားနိုင်ရေး (Active Aging)ကိုရည်ရွယ်ကာ စောင့်ရှောက်ပေးကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က ပြောသည်။

"ပထမဆုံး သက်ကြီးဘိုးဘွားအယောက် ၃၀ သာ လက်ခံခဲ့ပေမယ့် ၂၀၁၄ ခုနှစ်၊ မတ်လနောက်ပိုင်းကစပြီးအယောက် ၅၀ တိုးပြီး လက်ခံလာပါတယ်။ အခုချိန်ထိလာတဲ့ သက်ကြီးဘိုးဘွားစုစုပေါင်းက ၉၆ ဦးရှိခဲ့ပြီး ရန်ကုန်မြို့တွင်းက မြို့နယ် ၂၄ မြို့နယ်ကပါ။ နေစဉ် သက်ကြီးဘိုးဘွား ၅၀ ဦး ပုံမှန်လာနေပါတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က ပြောသည်။

သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာရှိ သက်ကြီးဘိုးဘွားများအတွက် တစ်ဦးလျှင် တစ်နေ့တာ ကျွေးမွေးမှုကျပ် ၁၅၀၀ နှုန်းအပါအဝင် အခြားကုန်ကျစရိတ်များအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးထားပြီး သက်ကြီးဘိုးဘွားများအား စောင့်ရှောက်ကူညီပေးရန် လက်ရှိတွင် အုပ်ချုပ်ရေးမှူးတစ်ဦး၊ ဦးစီးအရာရှိတစ်ဦး၊ အထွေထွေရောဂါကုဆရာဝန် တစ်ဦး၊ သွားဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦးအပါအဝင် ဝန်ထမ်း ၂၁ ဦးရှိကြောင်း သိရသည်။

စောင့်ရှောက်မှုခံရန် လာရောက်သည့် သက်ကြီးဘိုးဘွားများတွင် အငြိမ်းစားဝန်ထမ်းများ၊ လက်လုပ်လက်စား သက်ကြီးဘိုးဘွားများစသည်ဖြင့် လူမျိုးဘာသာမရွေးလူတန်းစားပေါင်းစုံပါဝင်ကြပြီး အသက်အရွယ်အားဖြင့် အသက် ၇၅ နှစ်မှ အသက် ၈၀ နှစ်ကြားမှာ အများဆုံးဖြစ်ကာ အသက် ၉၄ နှစ်ရှိ ဘိုးဘွားများလည်းပါဝင်ကြောင်း သိရသည်။

သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်သောဂေဟာအား စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ကူညီစောင့်ရှောက်မှုပေးကြောင်း သိရသည်။ သက်ကြီးဘိုးဘွားများအတွက် နေ့စဉ်အစီအစဉ်များမှာ နံနက် ၉ နာရီ ၁၅ မိနစ်မှ ၉နာရီခွဲ အတွင်း ဘိုးဘွားများနှင့်ကိုက်ညီသည့် ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နံနက်စာဖြစ်သော ကော်ဖီ၊ လက်ဖက်ရည်၊ အိုဗာတင်း၊ မိုင်လိုနှင့် မုန့်တိုက်ကျွေးခြင်း၊ ထို့နောက် ဘိုးဘွားများ၏ ကိုယ်ပိုင်ချိန်ဖြစ်၍ မိမိတို့ကြိုက်နှစ်သက်ရာအလိုက် ဘုရားခန်းတွင်းတရားအားထုတ်ခြင်း၊ စာကြည့်တိုက်အတွင်းစာဖတ်ခြင်း၊ ကွန်ပျူတာ၊ အင်တာနက်အသုံးပြုခြင်း၊ ရုပ်သံလိုင်းကြည့်ရှုခြင်း၊ ကာရာအိုကေသီချင်းဆိုခြင်းနှင့် အိပ်ခန်းတွင်အနားယူစေခြင်း၊ နံနက် ၁၁နာရီခွဲတွင် နေ့လည်စာကျွေးမွေးခြင်း၊ ထို့နောက် ကိုယ်ပိုင်ချိန်အဖြစ် မိမိတို့ကြိုက်နှစ်သက်ရာကို ဆောင်ရွက်စေခြင်း၊ နေ့လည် ၂ နာရီခွဲတွင် လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်များကို ဒုတိယအကြိမ် ကျွေးမွေးခြင်းတို့ဖြစ်သည်။

အဆိုပါဂေဟာတွင် သက်ကြီးရွယ်အိုများ အချင်းချင်း သိသင့်သိထိုက်သော ကျန်းမာရေးနှင့် လူမှုရေးဟောပြောပွဲများကို တစ်ပတ်လျှင် သုံးရက် ဆွေးနွေးကြကြောင်း သိရသည်။

"အဓိကကတော့ မိသားစုဝင်တွေ အပြင်ထွက်ပြီး အလုပ်လုပ်နေကြတော့ အိမ်မှာ သက်ကြီးရွယ်အိုတွေက အထီးကျန်နေတာကြောင့် သူတို့ကို အချိန်ပေးပြီး စကားမပြောနိုင်သလို သူတို့ပြောတာကိုလည်း နားထောင်မပေးနိုင်ဘူး ဖြစ်နေတယ်။ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွေပေါ်လာတာ သူတို့သက်တူရွယ်တူအချင်းချင်း တွေ့ဆုံပြီး နေ့တစ်နေ့ကိုပျော်ပျော်ရွှင်ရွှင်နဲ့ ကျော်ဖြတ်လာနိုင်တာဖြစ်လို့ ကျန်းမာရေးအတွက် ကောင်းသလို အသက်လည်း ပိုရှည်လာနိုင်ပါတယ်" ဟု အုပ်ချုပ်ရေးမှူး ဒေါက်တာကေသီကျော်က ပြောသည်။

သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသို့ လာရောက်စောင့်ရှောက်မှုခံယူလိုပါက ရန်ကုန်မြို့တွင်းနေထိုင်သည့် အသက် ၇၀ နှစ်နှင့်အထက် မိမိကိုယ်တိုင်သွားလာလှုပ်ရှားနိုင်ပြီး ကျန်းမာရေးကောင်းမွန်သည့် သက်ကြီးရွယ်အိုဖြစ်ရန်လိုအပ်သည်။ သက်ဆိုင်ရာမိသားစုဝင်၊ အိမ်နီးနားချင်းတစ်ဦးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာတို့နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာန၏ လျှောက်လွှာဖြင့် လျှောက်ထားနိုင်ပြီး လူတွေ့စစ်ဆေးမှုခံယူ၍ စည်းကမ်းချက်များနှင့် ကိုက်ညီခဲ့ပါက လာရောက်စောင့်ရှောက်မှုခံယူနိုင်ကြောင်း သိရသည်။

"အိမ်မှာ သမီးနဲ့မိန်းမက အဘကို သိပ်စကားမပြောဖြစ်ပါဘူး။ အထီးကျန်နေလို့ ဒီမှာလာနေတာပါ။ ဒီကိုရောက်လာတော့ အားလုံးအဆင်ပြေပါတယ်။ ဆရာမတွေကလည်း နွေးနွေးထွေးထွေးရှိကြပါတယ်။တော်တော်သဘောကျစရာကောင်းပြီး စိတ်ချမ်းသာဖို့ကောင်းပါတယ်"ဟု ဒဂုံမြို့သစ်(မြောက်ပိုင်း) တွင်နေထိုင်သူ အသက် ၇၂ နှစ်အရွယ် သက်ကြီးအဘိုးတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာအား ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ လမ်းညွှန်မှုအရ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၏ ဦးဆောင်စီမံခန့်ခွဲမှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေ၏ ပံ့ပိုးမှု၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။ **စိုးအောင်ဖေ**

မိုးရွာသွန်းမှုကြောင့် တံတားလမ်းလွှဲများတွင် မော်တော်ယာဉ်များသွားလာမှု ခက်ခဲ

သရက်ချောင်း၊ ဇွန် ၁၄

တနင်္သာရီတိုင်းဒေသကြီးသည် မိုးများသည့်ဒေသတစ်ခုဖြစ်ပြီး ယခုနှစ်မိုးရာသီအချိန်တွင် တံတားများ၊ လမ်းများတွင် ရေကြီးမှုများ မကြာခဏဖြစ်ပေါ်တတ်သည့် ဒေသတစ်ခုဖြစ်သည်။

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ထားဝယ်-မြိတ် ကားလမ်းပေါ်ရှိ သင်းကျွန်းကျေးရွာနှင့် ရန်တောင်ကျေးရွာချင်းဆက် ဆောက်လုပ်ဆဲ တံတားတစ်ခုတွင် မော်တော်ယာဉ်များ သွားလာမှုအဆင်ပြေစေရန် တံတားလမ်းလွှဲတစ်ခုပြုလုပ်ပေးထားသော်လည်း ၎င်းတံတားလမ်းလွှဲတွင် ဇွန် ၁၃ရက် နံနက် ၇ နာရီက ချောင်းရေများ စီးဆင်းလာသည့်အတွက် မော်တော်ယဉ်များ သွားလာရေးခက်ခဲမှုများ ဖြစ်ပွားနေသောကြောင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်သိ မိဘပြည်သူများ ပူးပေါင်း၍ ၎င်းဖြစ်ပွားနေမှုအခက်အခဲများကို အမြန်ဆုံး ကူညီဆောင်ရွက်ပေးနေကြောင်း သတင်းရရှိသည်။ **ဟိန်းဇော်ဝင်း**

ဆရာဦးမင်းသိန်း

MICO

T-SHIRT= 650Ks

ဆရာဝန်များဦးစီးသည်

အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

စက်မှုဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး

၁။ တနင်္သာရီတိုင်းဒေသကြီးမှ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ မောင်တောဒေသတွင် စက်ရုံအသေးစား ၂၀၀ ကျော်ဖြင့် သစ်တိုသစ်စပေါင်းများကို သစ်သားအချောထည်ပစ္စည်းများ ပြုလုပ်နေပြီး ထိုင်းနိုင်ငံသို့တင်ပို့သည့်ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်ခြင်းရှိ-မရှိနှင့် မောင်တောဒေသနှင့် တနင်္သာရီမြို့နယ်တို့တွင် စွန့်ပစ်သစ်တောထွက်ပစ္စည်းများနှင့် တန်ဖိုးနည်းသစ်များကို အိမ်သုံးပရိဘောဂပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် လိုအပ်သလို လမ်းညွှန်ပေးနိုင်ခြင်းရှိ-မရှိ မေးမြန်းချက်များအပေါ် ဆောင်ရွက်ပေးမှုအခြေအနေများ -

အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆပ်ကော်မတီနှင့် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့၏ ကြီးကြပ်မှုဖြင့် မြန်မာ SME လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါကဏ္ဍများအလိုက် ဆောင်ရွက်လျက် ရှိပါသည်။

(က) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်တီထွင်ဖန်တီးမှုစွမ်းရည်မြင့်မားရေး (Human Capital Development and Innovation)

(ခ) နည်းပညာဖွံ့ဖြိုးမှုနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များပေါ်ထွန်းနိုင်ရေး (Technology Adoption and Entrepreneurship Development)

(ဂ) ဘဏ္ဍာရေးအရင်းအမြစ်များရရှိရေး (Access to financing)

(ဃ) အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး (Infrastructure)

(င) ဈေးကွက်ဝင်ဆံ့မှုရရှိစေရေးအတွက် လုပ်ငန်းဈေးကွက်အထောက်အကူပေးနိုင်ရေး (Market access)

(စ) သင့်လျော်သောအခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ ထောက်ပံ့ပေးနိုင်ရေး (Legal and regulatory environment)

၂။ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပြည်တွင်းပညာရှင်များနှင့်လည်းကောင်း၊ အာဆီယံစီမံကိန်းများအရလည်းကောင်း သင်တန်းများပေးခြင်း၊ နည်းပညာလွှဲပြောင်းခြင်း ပြုလုပ်ပေးလျက်ရှိပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စက်မှုဇုန်များတွင် Entrepreneurship သင်တန်းများ၊ Cluster Development သင်တန်းများ၊ General Procurement သင်တန်းများ၊ Financial Management သင်တန်းများ ပို့ချပေးလျက်ရှိပါသည်။

၃။ ဒေသအလိုက် Potential အလိုက် Pilot Project များ ရွေးချယ်ဆောင်ရွက်လျက်ရှိပြီး UNIDO နှင့် ပူးပေါင်းလျက် Textile, Rubber, Lacuer Ware, Garment Sector များတွင်လည်းကောင်း၊ ဂျာမနီနိုင်ငံ GIZ နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ်ရှိ သီးနှံများ Value Added ထုတ်လုပ်ရေးအတွက် သရက်သီးနှင့် လက်ဖက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လက်ရှိဆောင်ရွက်လျက်ရှိသော Pilot Project များသည် ပြည်ပမိတ်ဖက်အဖွဲ့များ၏ စိတ်ဝင်စားမှုနှင့် ကူညီပံ့ပိုးမှုများအရ ဆောင်ရွက်လျက်ရှိပြီး ပရိဘောဂပစ္စည်းလုပ်ငန်းများ ပါဝင်ခြင်းမရှိသေးပါ။ ပရိဘောဂလုပ်ငန်းနှင့်ပတ်သက်၍ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ASEAN Internship Program အရ ပရိဘောဂလုပ်ငန်းရှင်တစ်ဦးအား Intern အဖြစ် အင်ဒိုနီးရှားနိုင်ငံသို့ သင်တန်းတက်ရောက်စေခဲ့ပါသည်။

၄။ ကိုရီးယားနိုင်ငံ၊ ကိုရီးယားအမျိုးသားနည်းပျှုဟာတက္ကသိုလ်နှင့် Gunhong International Co., Ltd မှာ မြန်မာ SME များသို့ နည်းပညာပံ့ပိုးပေးရန်အတွက် စစ်တမ်းများကောက်ယူ၍ နည်းပညာပံ့ပိုးပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း လုပ်ငန်းရှင် ၇ ဦးအား ပံ့ပိုးပေးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း လုပ်ငန်းရှင် ၁၀၀ ဦးအား နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးမည်ဖြစ်၍ သတင်းစာများ၊ Media များမှတစ်ဆင့် ဖိတ်ခေါ်ခြင်းဖြင့် ပံ့ပိုးပေးလျက်ရှိရာ စွန့်ပစ်သစ်တောထွက်ပစ္စည်းများနှင့် တန်ဖိုးနည်းသစ်များကို အိမ်သုံးပရိဘောဂပစ္စည်းများ ထုတ်လုပ်ရောင်းချလိုသည့် လုပ်ငန်းရှင်များအနေဖြင့် အမှတ် (၃၅-B/၁၅)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန (ဖုန်းနံပါတ် ၀၁ ၈၆၀၃၈၂၆၊ ၀၁ ၈၆၀၃၈၂၇၊ အီးမေးလ် smecentre35b@gmail.com) တွင် Questionary Survey Form လာရောက်ဖြည့်စွက်၍ Gunhong International Co., Ltd နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများတွင် ကုန်ကြမ်း အသုံးပြုရေးမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်လည်း ဆယ်သွယ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၅။ ၎င်းတို့အပြင် Sector အလိုက် အထူးပြုအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် Potential ရှိသော SME လုပ်ငန်းများအား ဂျပန်နိုင်ငံ Daiwa Institute နှင့် ဂျာမနီနိုင်ငံတို့မှ SME လုပ်ငန်းများမှ Joint Venture ပြုလုပ်လိုကြောင်း ကမ်းလှမ်းထား၍ မြန်မာ SME လုပ်ငန်းရှင် ၁၀၉ ဦး၏ စာရင်းကို ဂျပန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့သို့ ပေးပို့ထားပါသည်။

၎င်းလုပ်ငန်းရှင်များနှင့် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွင်း One by one Accessment Business Matching ပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီးမှ စိတ်ဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် အထက်ဖော်ပြပါ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် နည်းပညာများ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်မှုဆိုင်ရာများနှင့်ပတ်သက်၍ ပံ့ပိုးမှုများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မကွေးတွင် မော်တော်ဆိုင်ကယ်လိုင်စင်များ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိ

မကွေး၊ ဇွန် ၁၄

မကွေးတိုင်းဒေသကြီး၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနမှ မကွေးခရိုင်အတွင်းရှိ မြို့နယ်၊ ကျေးရွာများမှ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ရေးလုပ်ငန်းစီမံချက်ဖြင့် မှတ်ပုံတင်စာအုပ်၊ ဗီးတက်နှင့် ဖောင်းကြွနံပါတ်ပြားများအား နေ့ချင်းအပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၇ ရက်မှစတင်၍ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို မှတ်ပုံတင်ပေးလျက်ရှိရာ မေ ၂၃ ရက်အထိ မကွေးခရိုင်တွင် မော်တော်ဆိုင်ကယ် ၄၄၀၈ စီး မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး ကျန်နေသေးသော မှတ်ပုံတင်မဲ့ဆိုင်ကယ်များ စောစီးလျင်မြန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ဇူလိုင် ၄ ရက်အထိ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မော်တော်ဆိုင်ကယ်တစ်စီးလျှင် (က) မှတ်ပုံတင် အခွန်ငွေ ၁၅၅၀၀ ကျပ်၊ (ခ) မှတ်ပုံတင်လိုအပ်ချက်အတွက် ၆၅၀၀ ကျပ်၊ စုစုပေါင်း ၂၂၀၀၀ ကျပ်နှင့် တရားမဝင် တင်သွင်းလာသော မော်တော်ဆိုင်ကယ် အမျိုးအစားအလိုက် အကောက်ခွန်နှုန်းထားများ ပေးသွင်းပြီး နေ့ချင်းအပြီး ဆောင်ရွက်ပေးကြောင်း သိရသည်။

ယာဉ်မောင်းလိုင်စင်ပြုလုပ်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရေးဖြေနှင့် လက်တွေ့မောင်းနှင်းမှုများသာမက အမြင်အာရုံ၊ ကိုယ်အင်္ဂါသန်စွမ်းမှုနှင့် စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုများ အောင်မြင်မှသာ ယာဉ်မောင်းလိုင်စင်များကို ထုတ်ပေးကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးသင်တန်းကို ဇွန် ၁၃ ရက်က တိုင်းဒေသကြီးကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းက ဦးဆောင်ကျင်းပရာ ယာဉ်မောင်းလိုင်စင်ပြုလုပ်သူ ၇၅ ဦး တက်ရောက်ခဲ့ပြီး ယင်းသင်တန်းများကို တစ်လလျှင် လေးကြိမ်ပုံမှန် သင်တန်းပို့ချပေးလျက်ရှိကြောင်း သိရသည်။

သူရထွန်း(မကွေး)

သတင်းတို

စတော့ရှယ်ယာ အခမဲ့ သင်တန်းပေးမည်

Myanmar Golden Link မှ အင်တာနက် အွန်လိုင်းအသုံးပြုပြီး နိုင်ငံတကာဈေးကွက်တွင် ရွှေ၊ ငွေ၊ ကြေးနှင့် စတော့ရှယ်ယာအရောင်းအဝယ် ပြုလုပ်နိုင်ခြင်းအကြောင်း လက်တွေ့သရုပ်ပြသင်တန်းကို ဇွန် ၂၄ ရက် မှ ဇွန် ၂၆ ရက်ထိ နေ့လည် ၂ နာရီမှ ၄ နာရီအထိ ရန်ကုန်မြို့၌ အခမဲ့ဖွင့်လှစ်ရှင်းပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းသင်တန်းတွင်လူဦးရေ ၁၅ ဦးသာ လက်ခံမည်ဖြစ်သည်။

Basic Engineering Course (BEC)
Ph:(01) 377343, 377344, 385758, 386877, 392233

ဈေးကွက်ဝယ်လိုသည်
09 31268183
09 31589922

FAME MEGA Fashion Design & Tailoring Training Centre

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ကြော်ငြာစာအမှတ်-၁/၂၀၁၄
လျှောက်လွှာများခေါ်ယူခြင်း

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့တွင် လစာနှုန်း(၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)ရရှိသော ဥပဒေအရာရှိအဆင့်(၄) ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်-

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနိမ့်ဆုံးဥပဒေဘွဲ့**(LL.B)**ရရှိပြီးသူ ဖြစ်ရမည်။
- (ဂ) ၃၀-၆-၂၀၁၄ရက်တွင် အသက်(၂၇)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကြီးသူ ဖြစ်ရမည်။
- (ဃ) မဟာဥပဒေဘွဲ့**(LL.M)** ရရှိသူဖြစ်ပါက အသက်(၃၂)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
- (င) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

၃။ စာမေးပွဲကြေး ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို မြို့နယ်များရှိ သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ မြို့နယ်ဥပဒေရုံး၊ ငွေစာရင်းခေါင်းစဉ်သို့လည်းကောင်း၊ ရန်ကုန်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅)၌ ငွေစာရင်းအမှတ် အမ်ဒီ-၀၂၃၅၆၆သို့လည်းကောင်း ပေးသွင်းရမည်။

၄။ သတ်မှတ်ထားသော လျှောက်လွှာပုံစံတစ်စောင်ကို စာမေးပွဲအတွက် ငွေသွင်းချလန်မူရင်းပြ၍ ခရိုင်ဥပဒေရုံးများတွင် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ (ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၂)စောင်ဝယ်ယူပါရမည်။)

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည်-
- (က) ဥပဒေဘွဲ့၊ မဟာဥပဒေဘွဲ့လက်မှတ်မိတ္တူများ ပူးတွဲတင်ပြရမည်။ (စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်)
- (ခ) စာမေးပွဲဝင်ကြေးပေးသွင်းထားသည့် ငွေချလန်မူရင်း
- (ဂ) အသက်အတွက်အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူမှန်ပူးတွဲတင်ပြရမည်။ (စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။)
- (ဃ) ပြင်ပပုဂ္ဂိုလ်များအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ပြန်တမ်းဝင်အရာရှိနှစ်ဦး၏ ၁-၆-၂၀၁၄ရက် နောက်ပိုင်း ထောက်ခံသည့် ထောက်ခံချက်မူရင်း။
- (င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်

၆။ လျှောက်လွှာပိတ်ရက်သည် **၁၂-၇-၂၀၁၄ရက် ညနေ ၄း၃၀ နာရီ** ဖြစ်သည်။

၇။ လျှောက်ထားသူသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက လျှောက်လွှာကို မိမိလျှောက်လွှာထုတ်ယူခဲ့ရာ ခရိုင်ဥပဒေရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ရက်ထက် မကျော်လွန်စေဘဲ အရောက်ပေးပို့ရမည်။

၈။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုနိုင်သော ဌာနဆိုင်ရာအကြီးအကဲမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်သို့လည်းကောင်း၊ ကျန်လျှောက်လွှာတစ်စောင်ကို မိမိလျှောက်လွှာထုတ်ယူခဲ့သည့် သက်ဆိုင်ရာခရိုင် ဥပဒေရုံးသို့လည်းကောင်း သတ်မှတ်ရက်ထက်မကျော်လွန်စေဘဲ ပြန်လည်အရောက်ပေးပို့ရမည်။

၉။ ရေးဖြေစာမေးပွဲကို ရန်ကုန်နှင့်မန္တလေးမြို့များတွင် **၂၀၁၄ ခုနှစ်၊ ဩဂုတ်လ**အတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကျင်းပမည့်နေ့ရက်၊ အချိန်နှင့် နေရာတို့ကို သတင်းစာများ၌ အချိန်မီကြိုတင်ကြေညာပါမည်။ တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များ ဖြေဆိုရပါမည်-
- (က) **မြန်မာစာ**
- (ခ) **အင်္ဂလိပ်စာ**
- (ဂ) **အထွေထွေဗဟုသုတ**
- (ဃ) **ဥပဒေဘာသာရပ်(၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် သက်သေခံအက်ဥပဒေ)**

၁၁။ စည်းကမ်းနှင့်မကိုက်ညီသော(သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရပါမည်။

၁၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုပါမည်။

၁၄။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် အနည်းဆုံး ငါးနှစ်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၂/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-028(14-15)	Cement Additives(4) Items	US$
(၂)	IFB-029(14-15)	Mud Logging Unit(1)Lot	US$
(၃)	IFB-030(14-15)	Spare Parts for 1.1 MW KG-2 Kongsberg Gas Turbine (25) Items	US$
(၄)	IFB-031(14-15)	Materials for Cathodic Protection System (2) Items	US$
(၅)	IFB-032(14-15)	Electrical Spares for ZJ50D Drilling Rigs (18) Items	US$
(၆)	IFB-033(14-15)	7"Liner Hanger and Accessories (10) Items	US$
(၇)	IFB-034(14-15)	4"Steel Line Pipes (6,000) MTR & Assorted Sizes of Gate Valves	US$
(၈)	IFB-035(14-15)	Assorted Sizes of Hose Pipes (12) Items	US$
(၉)	IFB-036(14-15)	Pump Spares (12) Items	US$
(၁၀)	IFB-037(14-15)	Spares for Cementing Units (1)Lot	US$
(၁၁)	IFB-038(14-15)	Industrial Raw Materials (24)Items	US$
(၁၂)	IFB-039(14-15)	Spares for Perkins Engine Ex435TC P&H Crane (31)Items	US$
(၁၃)	IFB-040(14-15)	Spares for Nissan RD8 Engine Ex 435 TC P&H Mobile Crane (35)Items	US$
(၁၄)	IFB-041(14-15)	Spares for Komatsu Dozer (D 155A-1) (7)Items	US$
(၁၅)	IFB-042(14-15)	Spares for Mitsubishi 6D B10C-K Engine Ex P&H Crawler Crane (24)Items	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၉-၇-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)**လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

ကံ့ကော်ရွှေပြည်
ပညာအောင်မြေရိပ်သာ
ဝတန်း၊ ၉တန်း၊ ၁၀တန်း (ဇွန်လ)တွင် တန်းခွဲသစ် ဖွင့်လှစ်မည်

KHG Development

- (Chairman) Shwe Taung Development Co., Ltd.
- (Managing Director) Hmwe Plastic Bag Enterpirse
- (Managing Director) Six Winner Brothers Co., Ltd.
- (Vice Chairman) Shwe Mi Industrial Co., Ltd.
- (Chairman) Europe & Asia Commercial Co., Ltd.
- (Managing Director) Sein Htan Pin Co., Ltd.
- (Managing Director) Aung Thi Ha Co., Ltd.
- (Chairman) Soe Electric & Machinery Co., Ltd.
- (Chairman) Green Light Treasure Co., Ltd.
- (Director) Comet Co., Ltd.
- (Managing Director) Chain Family Asset Co., Ltd.
- (Director) Myo Thant Aung Trading Co., Ltd.
- (Chairman) Fantasy World Co., Ltd.
- (Managing Director) Shwe Me Co., Ltd.
- (Managing Director) Paing Family International Co., Ltd.
- (Managing Director) Newest Garment Manufacturing Co., Ltd.
- (Managing Director) MS Trading Co., Ltd.
- (Managing Director) Thein Than Gadae Co., Ltd.
- (Managing Director) Great Ayeyarwaddy Ltd.
- (Managing Director) KS Trading Co., Ltd.
- (Chairman) Myanmar Pipe & Accessories Co., Ltd.
- (Director) New Golden Gate (1991) Co., Ltd.
- (Managing Director) Ngwe Moe Family Co., Ltd.
- (Managing Director) YTT Co., Ltd.

ကျေးဇူးတင်လွှာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)

BC.6299 (ကြည်း-၆၂၉၉)၊ ဗိုလ်သင်တန်းအမှတ်စဉ်(၇)

နယက(ကုက္ကိုင်းရေကူးအသင်း)

အသက်(၈၄)နှစ်

၉-၆-၂၀၁၄ ရက်တွင် ရန်ကုန်မြို့၊ ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးခဲ့သော ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)၏ ဈာပနကိစ္စအဝဝတွင် လိုက်ပါပို့ဆောင်ခဲ့ကြသော ရပ်ဆွေရပ်မျိုးများ၊ အသင်းအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကုမ္ပဏီအသီးသီးမှဝန်ထမ်းများ၊ ဝမ်းနည်းကြောင်းနှင့် နှစ်သိမ့်အားပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟများ၊ ဝမ်းနည်းကြောင်း ပန်းခွေ၊ ပန်းခြင်းနှင့် သက်န်းများပေးပို့ခဲ့ကြသော ရပ်ဝေးရပ်နီးမှမိတ်ဆွေများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း E-mail, Facebook, ဖုန်းဖြင့် ဝမ်းနည်းကြောင်း မျှဝေခံစားနှစ်သိမ့်အားပေးခဲ့ကြသော နိုင်ငံရပ်ခြားမှမိတ်ဆွေ၊ သူငယ်ချင်းများ၊ သတင်းစာမှဝမ်းနည်းကြောင်း သဝဏ်လွှာထည့်သွင်းဖော်ပြခဲ့ကြသော လုပ်ဖော်ကိုင်ဖက်များနှင့်မိတ်ဆွေများ၊ နာမကျန်းဖြစ်စဉ်က မေတ္တာဖြင့်အစစအရာရာကူညီစောင့်ရှောက်ခဲ့ကြသော ဆရာဝန်၊ ဆရာမများ၊ ကွယ်လွန်ပြီးနောက် နေအိမ်မှသုသာန်သို့ ဂရုတစိုက် ပို့ဆောင်ပေးခဲ့ကြသော နာရေးကူညီမှုအသင်း(ရန်ကုန်)တို့အား ကွယ်လွန်သူ ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)မိသားစုဝင်များမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဦးဆန်းဝင်း(ပုလော)

အသက်(၅၀)

အသင်းဝင်အမှတ်-၂၂၁၃

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းမြို့၊ မြမဥ္ဇူလမ်း၊ အမှတ်(၅၆/၅)နေ ဒေါ်အေးအေးမို၏ခင်ပွန်းသည် ၁၃-၆-၂၀၁၄ (သောကြာနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းတိုက်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကုသလ(စာချဆရာတော်) (ပုဏ္ဏားကျွန်း)

သိက္ခာတော်(၂၃)ဝါ၊ သက်တော်(၄၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ကုက္ကိုင်းလမ်းဆုံ တေဇိန္ဒာရာမကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ဘဒ္ဒန္တကုသလ (စာချ ဆရာတော်)သည် (၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၄ရက်) ၁၁-၆-၂၀၁၄(ဗုဒ္ဓဟူး နေ့) ညနေ ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၅-၆-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)

ဈာပနဖြစ်မြောက်ရေးကော်မတီ
တေဇိန္ဒာရာမကျောင်းတိုက်၊ ဗဟန်း

မွန်ပြည်သစ်ပါတီ ဒုဥက္ကဋ္ဌကြီး ဦးနိုင်ရော့စ(ငြိမ်းချမ်းရေးအကျိုးတော်ဆောင်)သို့ (၁)နှစ်ပြည့်အလွမ်း

ချစ်ခင်ပွန်း/ချစ်ဖေဖေသို့ (၁)နှစ်ပြည့်လွမ်းဆွတ် တမ်းတခြင်း

ဘဝသံသရာ၊ ဘဝဇာတ်ခုံ အဖုံဖုံတွင် မွန်လူမျိုး/ပြည်သူတွေအတွက် စံပြုလောက်သော ခေါင်းဆောင်ကောင်း၊ တပည့်တွေအတွက် မြင့်မြတ်သည့် နှလုံးသားနှင့် သွန်သင်ဆုံးမလမ်းပြပေးခဲ့သော တုနှိုင်းမရသောဆရာ၊

ဇနီးသည်အတွက် ဘဝအလှည့်ပြောင်းအမျိုးမျိုးတွင် ဒုက္ခဟူသမျှအတူတူရင်ဆိုင်ဖြေရှင်းကာ မှီခိုအားထားလေးစားခဲ့ရပါသော မည်သည့်အရာနှင့်မျှ တန်ဖိုးမဖြတ်နိုင်သည့် ချစ်ခင်ပွန်းကောင်း၊ သားသမီးတွေအတွက် ဤကမ္ဘာမြေလောကတွင် ခိုင်းနှိုင်းပြစရာ မည်သည့်အရာမျှမရှိ ကျေးဇူးကြီးမားလှပါသော စံပြဖခင်ကောင်းအဖြစ်သော်လည်းကောင်း၊ ရပ်တည်ပေးခဲ့သော ကျေးဇူးရှင် ချစ်ခင်ပွန်း၊ ချစ်ဖေဖေကို ခန္ဓာမချုပ်ငြိမ်းသေးသရွေ့ နေ့စဉ်နှင့်အမျှ သတိရမြဲလွမ်းဆွတ်ဆဲပါ။

ဇွန်လလယ်ရဲ့ မိုးရေစက်တွေကြွေကျချိန်မှာ ခွဲခွာသွားခဲ့တဲ့ (၁)နှစ်ပြည့်နေ့တွင် ရည်စူးကုသိုလ်ကောင်းမှုအစုစုအတွက် သုဂတိကောင်းရာ၊ မြတ်မဟာဘုံဘဝသို့ အေးချမ်းစွာ အနားယူနိုင်ပါစေလို့ ကုသိုလ်လောင်းဆုတောင်းလျက် ထားရစ်ခဲ့ပေမယ့်လည်း ရင်မှာထာဝရဆို့နင့်ကြေကွဲစွာ သတိရတမ်းတလွမ်းဆွတ်လျက်ပါ။ ပြုပြုသမျှ ကုသိုလ်ကောင်းမှုများကိုလည်း အမျှပေးဝေလျက်ပါ။ အမျှ---အမျှ---အမျှ---ယူနိုင်ပါစေ။

အကြွေစောလို့ နှမြောလွန်းရင်း အမြဲထာဝရချစ်ခင်နေသော
ချစ်ဇနီးနှင့်ချစ်သားသမီးများ
မိသားစုဝင်များနှင့်တပည့်များ

ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းမြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)နှင့် ဒေါ်ခင်ညိုဦးတို့၏ သားကြီး ကိုဇေယျာဝင်း (၃၆)နှစ်သည် ၁၁-၆-၂၀၁၄ ရက်တွင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီး၌ ကွယ်လွန်ကြောင်း ကြားသိရသည့် အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်၊
ဒုတိယညွှန်ကြားရေးမှူးချုပ်၊
ညွှန်ကြားရေးမှူးများနှင့်
ဒုတိယညွှန်ကြားရေးမှူးများ
ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ
ဥပဒေအရာရှိများ/စီမံအရာရှိများနှင့် ရုံးဝန်ထမ်းများ

ဒေါ်နီနီအုန်း (၆၈)နှစ်

(နေပြည်တော်လယ်ဝေး)

လယ်ဝေးမြို့၊ (၅)ရပ်ကွက်နေ (ဦးအုန်းမောင်-ဒေါ်စိန်ညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက် (၁၉/၂)နေ ဦးမြင့်သိန်း-ဒေါ်သီသီနွယ်တို့၏ညီမ ဒေါ်နီနီအုန်းသည် ၁၂-၆-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဗိုလ်ကြီးသန်းထိုက်စိုး(ငြိမ်း) ဒိုက်ဦး သားကြီး ဖေဖေ-မေမေနဲ့ မိသားစုကို ခွဲခွာသွားတာ (၁)နှစ်ပြည့်ခဲ့ပါပြီ--သတိရလို့ တွေးလိုက်တိုင်း သားကြီးမရှိတော့တဲ့အသိက ရင်ထဲမချိတော့ပါဘူးကွယ်---သားအတွက် ပြုလုပ်တဲ့ ကောင်းမှုကုသိုလ်တွေကို အမျှပေးဝေပါတယ်--သားကြီး သာဓုခေါ်နိုင်ပါစေ----

ဖေဖေ-မေမေနှင့်မောင်နှမများ

---

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးသန်းထိုက်စိုး

(ဒုတိယညွှန်ကြားရေးမှူး-အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

ကျေးဇူးရှင်ခင်ပွန်း မိသားစုနှင့်ခွဲခွာခဲ့သည်မှာ ၁၅-၆-၂၀၁၄ ရက်တွင် (၁)နှစ်ပြည့်ခဲ့သော်လည်း တစ်နေ့မှမေ့မရခဲ့ပါ။ ကျေးဇူးရှင်ခင်ပွန်းအား ရည်စူးပြီး နေ့စဉ်၊ လစဉ်နှင့် (၁)နှစ်ပြည့်မှာ ပြုလုပ်တဲ့သံဃာတော်များကို ဆွမ်းဆက်ကပ်လှူဒါန်းသော ကောင်းမှုကုသိုလ်အစုစုကို အမျှပေးဝေပါတယ်၊ ရောက်ရာဘုံဘဝက သာဓုခေါ်နိုင်ပါစေ။

ချစ်ဇနီး - **ဒေါ်နန်းယုစံ**
ချစ်သားကြီး - **မောင်ဟန်ထွဋ်အောင်(1st year I.C)**
ချစ်သမီးလေး - **မဆုငြိမ်းရည်(Grade-8, TTC)**

---

(၃)လပြည့်လွမ်းဆွတ်သတိရခြင်း

မရှင်းသန့်နေထွန်း(၁၅-၃-၂၀၁၄)

အသက်(၁၀)လ

ချစ်တဲ့သမီးငယ်လေးခွဲသွားတာ (၃)လပြည့်ပြီနော်၊ ဖေဖေ၊ မေမေတို့ တစ်ရက်မှမေ့မရခဲ့ပါ။ သမီးလေးအတွက် ရည်စူးလှူဒါန်းမှုများကို မြင့်မြတ်အေးချမ်းသောဘုံဌာနမှ ကြားသိရရှိနိုင်ပါစေ။

သမီးငယ်ကိုချစ်တဲ့
ဖေဖေ - **ဗိုလ်မှူးနေဝင်းထွန်း**
မေမေ - **ဒေါ်အိသန္တာကျော်**
မမ - **သံသာနေထွန်း**

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ညွှန့်ညွှန့်စိန်(ခ)

ဒေါ်ရှယ်လီထွန်းဖေ (၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ အမှတ်(၁၁)၊ သုံးလွှာ(A)၊ (၁၆၃)လမ်းနေ (ဦးထွန်းဖေ-ဒေါ်မိမိ) တို့၏သမီးကြီး၊ (ဦးခင်မောင်ကြီး-ဒေါ်ကြည်ကြည်)တို့၏ သမီးချွေးမ၊ ဦးအောင်ငွေး(စက်မှု-၁၊ ငြိမ်း)၏ဇနီး၊ ဦးချန်ထွန်း(စက်မှု-၁၊ ငြိမ်း)-ဒေါ်တင်တင်လှ၊ (ဦးခင်မောင်ဝင်း) - ဒေါ်မြမြသင်း(ထ-၄၊ တာမွေ-ငြိမ်း)၊ ဦးအောင်ကြည်-ဒေါ်အေမီထွန်းဖေ(မ-၂၈၊ သဃ်န်းကျွန်း)တို့၏ ချစ်လှစွာသောအစ်မကြီးသည် ၁၃-၆-၂၀၁၄ရက် နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမများ

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်သီတာ(ခ)ဒေါ်သန်းနွဲ့

အသက်(၇၃)နှစ်

(အလပြ-ငြိမ်း)

ရန်ကုန်မြို့နေ (ဦးမောင်စံ-ဒေါ် ထွားရင်) တို့၏ သမီး၊ (ဦးမြညွန့်-ဒေါ် စန်းရင်)တို့၏ သမီးချွေးမ၊ ဒုတိယဗိုလ်မှူးကြီးအောင်ညွန့် (လေ/ငြိမ်း)၏ ဇနီး၊ ကိုသန့်လွင်-မမိုးစန္ဒာအောင်၊ ဗိုလ်မှူးကျော်အောင်-မနန်းအိမြတ်စမ်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မိုးသီရိလွင်၊ နန်းမြတ်ဟေကျော်၊ နန်းသက်ဟေသော် တို့၏ချစ်လှစွာသောအဘွား ဒေါ်သီတာ (ခ)ဒေါ်သန်းနွဲ့သည် ၁၂-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ

ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)

အသက်(၈၄)နှစ်

(BC-6299)

ဦးဝေလွင်(TMW Enterprise)-ပါမောက္ခဒေါ်ဝင်းမင်းသစ်(ဦးနှောက်နှင့်အာရုံကြောဆေးကုဌာန၊ ရန်ကုန်ဆေးရုံကြီး)တို့၏ဖခင်ကြီး ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

PMK CHOI DONG MOO
PMK HONG SOON KYUNG

ဝမ်းနည်းကြေကွဲခြင်း

ဦးရဲဝင်း(ညောင်လေးပင်)

ကစလ(ငြိမ်း)

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း(၂၀)၊ အမှတ်(၁၆၄)နေ (ဦးကျော်သိန်း-ဒေါ်တင်ဥ)တို့၏သား၊ ဒေါ်ဝင်းမာဦး၏ခင်ပွန်း ဦးရဲဝင်းသည် ၈-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကျော်ထင်အောင်(တပ်ရင်းမှူး၊ ကွတ်ခိုင်မြို့)

အသက်(၃၆)နှစ်

နောင်တစ်ခေတ်ရဲ့သားကောင်းစစ်သည် (ရေးသားသူ)တူတော်မောင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားသည်ကို သိရှိရပါသောကြောင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလေး-ဦးဇော်မင်း
[လ/ထ ကထိက(တောင်ငူ)နည်းပညာတက္ကသိုလ် THS]
အဒေါ်-ဒေါ်ဖြိုး

---

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးခင်ဇော်(ကံမ)

S.A.E ယန္တရားတပ်ခွဲ(တောင်)

၁၅-၆-၂၀၁၃-၁၅-၆-၂၀၁၄

လွန်ဆန်မရနိုင်တဲ့ သဘောတရား မတည်မြဲတဲ့ ဖြစ်ခြင်းပျက်ခြင်းကို နှလုံးသွင်းပေမယ့် အချိန်နှင့်အမျှ သတိရလျက်ပါ။ ကို့အတွက် ရည်စူးဒါနကုသိုလ်တွေကို မြင့်မြတ်တဲ့ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ဇနီး ဒေါ်ခင်သန်း
အထက(၂)လှိုင်သာယာမြို့နယ်

အထူးကျေးဇူးတင်ရှိပါကြောင်း

Ca Dim Zing

အသက်(၄၂)နှစ်

ဦးခွာထီးအို-ဒေါ်ကျုံးဒွေတို့၏ ချစ်လှစွာသောသမီး မ Ca Dim Zing (Academy Hospital) သည် ၇-၆-၂၀၁၄(စနေနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၄(တနင်္ဂနွေနေ့)တွင် ဖလမ်းမြို့ ကျင်မွာလ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကူညီပြုစုစောင့်ရှောက်ပေးခဲ့သော အကယ်ဒမီ ဆေးရုံပိုင်ရှင်နှင့် ဆရာဝန်များ၊ ဆရာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ဖလမ်း မြို့သူ/သားများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်ရီ(မြန်အောင်၊မင်းလှ) အသက်(၇၀)

မြန်အောင်မြို့၊ လက်ပံရပ်နေ (ဦးအောင်ကျော်ဇံ-ဒေါ်ညိုမြ)တို့၏သမီး၊ တစ်ရပ်တည်းနေ (ဆရာပွား-ဒေါ်စိန်ဥ)တို့၏သမီးချွေးမ၊ ဦးကျော်ရင်(ရဲမှူး-ငြိမ်း) ၏ဇနီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၆)၊ ကံကြီးကုန်းရပ်နေ ဦးဉာဏ်ဝင်း-ဒေါ်ရင်ရင်မြင့်၊ ဒေါ်တင်တင်ထား (အလယ်တန်းပြ၊ မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး)၊ ရဲအုပ်ထွန်းအောင်ကျော်(သတင်းရဲတပ်ဖွဲ့၊ ပြင်ဦးလွင်မြို့)တို့၏ မိခင်၊ မောင်အောင်ထက်သာ၏အဘွားသည် ၁၁-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၄ရက်တွင် ပြင်ဦးလွင်မြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်စန်းစန်းမြင့် (၅၉)နှစ်

B.Com(1974-78)

မန်နေဂျာ (ADMIN/FINANCE) (ငြိမ်း)

Myanmar THAMES INTERNATIONAL(MTI)

UNITED ENGINEERING GROUP OF COMPANIES

ရန်ကုန်မြို့၊ အမှတ်(၆၂)၊ ပထမထပ်၊ အင်းစိန်လမ်း၊ ဈေးကြီးအရှေ့ ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးချစ်-ဒေါ်မြင့်မြင့်)တို့၏သမီး၊ ဦးရဲမြင့် (DIAMOND MERCURY Co., Ltd.)၊ ဒေါ်မြမြဝင်း(ပြည်ထောင်စုဘဏ်-ငြိမ်း)တို့၏ ညီမ၊ ဒေါ်မြင့်မြင့်ကြည်(အလက-၁၇၊ လှိုင်သာယာ)၊ ဦးမြင့်အောင်တို့၏အစ်မ ဒေါ်စန်းစန်းမြင့်သည် ၁၂-၆-၂၀၁၄(ကြာသပတေးနေ့) နံနက် ၉း၁၇ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီ အထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမ္မဒ် ယာကွတ်(ခ)ဦးခင်မောင်မြင့် (၅၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာအထက်လမ်းနေ (ယာဇီ ဦးကျော်မြင့်-အလ်ဟာဂျ်ဒေါ်သန်းကြည်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်း မြို့နယ်၊ ရွှေဘုံသာအထက်လမ်း၊ အမှတ်(၁၆၁)၊ ပထမထပ်နေ ဟာဂျီဦးချစ်လွင် (အထွေထွေမန်နေဂျာ၊ မြန်မာစူးတက်ကုမ္ပဏီလီမိတက်၊ ညွှန်ကြားရေးမှူး-ငြိမ်း၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ လယ်/ဆည် ဝန်ကြီးဌာန)-(ဟာဂျီမဒေါ်ခင်သန်းဝင်း) တို့၏သားသမက်၊ ဦးမောင်မောင်လွင်(ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီး ဌာန) (စီမံကိန်းမန်နေဂျာ၊ ခေတ္တ-FAO)-ဒေါ်ခင်သက်မွန်တို့၏ ညီ/မောင်၊ ဟာဂျီ ဦးဝင်းမောင်ဦး (Managing Director. Win Theingi Engineering Co., Ltd.)-ဟာဂျီမဒေါ်သီဂီလွင် (Managing Director, Peace Garment)တို့၏ အစ်ကို၊ မရွှေရည်မင်းမောင်၊ မသံဇဉ်မင်းမောင် (Grade-9-B၊ အထက-၂၊ လသာ)တို့၏မွေးသဖခင်၊ တူ/တူမ ငါးယောက်တို့၏ဦးလေး၊ ဒေါ်မင်းမင်းလွင်၏ ချစ်လှစွာသောခင်ပွန်း မိုဟာမ္မဒ်ယာကွတ်(ခ) ဦးခင်မောင်မြင့်သည် ၁၂-၆-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် အမှတ်(၅၄/၅၆)၊ (၅၃)လမ်း နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာရ်နမာဟ်ဇ်အပြီး ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွနာပြီးစီးပါကြောင်းနှင့် ရပ်ဝေးရပ်နီးမှ ဖုန်း၊ အီးလ်မေးလ်တို့ဖြင့် ဆက်သွယ်မေးမြန်းကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးတင်ထွန်းအောင် (၅၁)နှစ်

ဦးစီးအရာရှိ၊ ပို့ဆောင်ရေးဝန်ကြီးဌာန

မြောက်ဥက္ကလာပမြို့နယ်နေ ဦးတင်ရှိန်-(ဒေါ်မြညွန့်)တို့၏သား၊ (ဦးဘအေး-ဒေါ်ငွေသိန်း)တို့၏သားသမက်၊ ဒေါ်မေရီအေး၊ ဦးသိန်းထူးအေး-ဒေါ်ခင်စိုး တို့၏မောင်/ညီ၊ ကိုငွေမင်းအေး-မနှင်းနှင်းအေး၊ ကိုစိုးမိုးအေး၊ ကိုသန်းထွန်းအောင်-မခင်သန်းစိုး၊ ကိုမျိုးမြင့်အောင်-မသင်းသင်းအေး၊ ကိုသိန်းအေး-မမြင့်မြင့်ခိုင် တို့၏အစ်ကို၊ ဒေါ်မြင့်နွယ်အေး (ပြည်တွင်းအခွန်များဦးစီးဌာန၊ မ/ဥ)၏ ချစ်လှစွာ သောခင်ပွန်း၊ မသက်မှူးသဉ္ဇာ(G-9-S၊ အထက-၃၊ မြောက်ဥက္ကလာ)၏ဖခင်၊ ဦးတင်ထွန်းအောင်(ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဌာန)သည် ၁၂-၆-၂၀၁၄ရက်တွင် မြစ်ကြီးနားမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၄ရက်တွင် မြစ်ကြီးနား၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၄ရက်တွင် အမှတ်-၇၁၇၊ ဘုမ္မာ(၄)လမ်း၊ (ဈ)ရပ်ကွက်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မောင်အောင်မင်းထင်ကျော်(ခ)မောင်အန်းကူ (၃၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးဟာစတာဗဟာဒူး-ဒေါ်ဂူမား)၊ ကလောမြို့၊ အမှတ်(၃၅)၊ မြို့ပတ်လမ်း၊ ငါးနှစ်ကောင် ကျောက်တိုက်နေ (ဦးမောင်မောင်-ဒေါ်ညွန့်ညွန့်)တို့၏မြေး၊ ရန်ကုန်မြို့၊ (၂၀/၆၂)၊ မဟာဗန္ဓုလလမ်း၊ ရွှေပေါက်ကံမြို့နယ်နေ ဒုအရာခံဗိုလ်ထင်ကျော်(ငြိမ်း)-ဒေါ်အေးအေးမြင့်(Sarah) တို့၏သားငယ်၊ ဦးသန်းဇော်ငွေး (MOGE) အထက်မင်းလှ (PIC)-ဒေါ်ယုဇနထင်ကျော်၊ ဦးမင်းချစ် (မြန်မာ့လေကြောင်း၊ ဗန်းမော်)-ဒေါ်နွယ်နီထင်ကျော်တို့၏ မောင်၊ (ဗိုလ်ကံကောင်း)၏ညီ၊ မောင်တေဇသီဟ၊ မောင်ဉာဏ်ဖြိုးအောင်တို့၏ ဦးငယ်၊ မောင်အောင်မင်းထင်ကျော်(ခ)မောင်အန်းကူသည် ၁၃-၆-၂၀၁၄ (သောကြာနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁၂း၁၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၆-၂၀၁၄ (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မည်သည့်ပညာရေးစနစ် ကျင့်သုံးသည်ဖြစ်စေ ပညာရေးပတ်ဝန်းကျင်ကောင်းရှိရန် လိုအပ်

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၄

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် ဆရာ ဆရာမများအား စတုတ္ထအကြိမ် ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အားပေးသည်။

အခမ်းအနားတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ငွေ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများက ငါးဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ လေးဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၃၃ ဦး၊ ဂုဏ်ထူးရရှိအောင်သင်ကြားပေးသည့် ဆရာ ဆရာမများနှင့် စာမေးပွဲအောင်မြင်သူများအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများပေးအပ်ချီးမြှင့်သည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**

ကော့သောင်းမြို့တွင် ပြိုကျသည့် ကမ်းပါးများ တပ်မတော်နှင့် ပြည်သူအတူလက်တွဲဆောင်ရွက်

ကော့သောင်း ဇွန် ၁၄

ကော့သောင်းမြို့၌ အာရေဗျပင်လယ်အော်တွင် တိုက်ခတ်နေသည့် နွားနောက် (Nanauk) မုန်တိုင်းအရှိန်ကြောင့် ဇွန် ၁၃ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်လှိုင်းထန်ကာ သီရိမြိုင် လူနေရပ်ကွက်အနီးရှိ ကမ်းခြေမှပြိုကျခဲ့သည့် ကမ်းပါးတစ်လျှောက် နေရာများကို သဲအိတ်များ ပြန်လည်ဖြည့်ဆည်းစီချခြင်းလုပ်ငန်းကို ဇွန် ၁၄ ရက် နံနက်ပိုင်းက ကော့သောင်းတပ်နယ်မှ အရာရှိစစ်သည်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းတွင် ကော့သောင်းတပ်နယ်မှ အရာရှိစစ်သည်အင်အား ၂၂၀ ကျော်နှင့် ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကြီးကြပ်မှုကော်မတီဝင်များ၊ NGO အဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ကျော်ဖြင့် ရေတိုက်စား၍ ပြိုကျပျက်စီးခဲ့သည့်နေရာများတွင် သဲအိတ်များစီချခြင်း၊ မြေဖို့ခြင်း၊ ကျောက်တုံးများနှင့် **စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ✪**

လက်ရှိချန်ပီယံ ရန်ကုန်အသင်း အိမ်ကွင်း၌ ပထမဆုံး ရှုံး

သတင်းနှင့်ဓာတ်ပုံ » ရှိုင်းထက်ဇော်

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၂) ပထမနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

YUSC(ကွင်း)

ဧရာဝတီ - သုံးဂိုး

(နိုင်လင်းဦး၊ မင်းမင်းသူနှင့် နန္ဒလင်းကျော်ချစ်)

ရန်ကုန် - နှစ်ဂိုး

(ဆီဇာ)

အိမ်ကွင်း၌ စံချိန်ကောင်းများ ရယူထားသည့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ ယခုရာသီတွင် စံချိန်များ တစ်ခုပြီးတစ်ခု ကျိုးပျက်ခဲ့ရပြီး GFA နှင့်ပွဲ၌ အိမ်ကွင်းနိုင်ပွဲဆက်စံချိန်၊ ယခုပွဲ၌ အိမ်ကွင်းရှုံးပွဲမရှိစံချိန်တို့ ကျိုးပျက်ခဲ့ရသည်။ ဧရာဝတီအသင်းမှာ ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး နောက်မှလိုက်ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဧရာဝတီအသင်းအတွက် ဂိုးများကို ၃၉ မိနစ်တွင် နိုင်လင်းဦး၊ ၇၉ မိနစ်တွင် မင်းမင်းသူနှင့် ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် နန္ဒလင်းကျော်ချစ်တို့က သွင်းယူပေးခဲ့ပြီး ရန်ကုန်အတွက် **စာမျက်နှာ ၁၀ ကော်လံ ၆ သို့ ✻**

ယနေ့ **မာတိကာ**

ပဏာမကျန်းမာရေး တိုးမြှင့်စောင့်ရှောက်ပေး — စာမျက်နှာ - ၂

ယူကရိန်းအစိုးရ စစ်လေယာဉ် ပစ်ချခံရ — စာမျက်နှာ - ၄

စာလေးလေးမှ ဖတ်ချင်သူ — စာမျက်နှာ - ၆

သုံးလွန်းတင် — စာမျက်နှာ - ၁၂

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထူးထုတ်ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထူးထုတ် ပါရှိပါသည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

ကြေးမုံ အထူးထုတ်

FIFA WORLD CUP Brasil

အလွယ်တကူကျော်ဖြတ်နိုင်မှာလား

အာဂျင်တီးနားနှင့် ဘော့စနီးယားတို့၏ ဆုံတွေ့မှုမှတ်တမ်း

အာဂျင်တီးနား	၂-၀	ဘော့စနီးယား
အာဂျင်တီးနား	၅-၀	ဘော့စနီးယား

နေ့ရက်	-	၁၆. ၆. ၁၄
အချိန်	-	၄း၃၀
နေရာ	-	Maracana

ယနေ့ညအတွက် စိတ်ဝင်စားစရာ အကောင်းဆုံးပွဲဖြစ်သည်။ အာဂျင်တီးနားသည် ယခုတစ်ကြိမ် ကမ္ဘာ့ဖလား၌ ဗိုလ်စွဲရန်အထိပင် ရေပန်းစားနေသော အသင်းဖြစ်သည်။ အထူးသဖြင့် မက်ဆီသည် ယခင်ကကဲ့သို့မဟုတ်ဘဲ လက်ရွေးစင်အသင်းအတွက် ဂိုးများပို၍ သွင်းယူနိုင်သည့် ကစားသမားဖြစ်သည်။ ထို့ပြင် အာဂျင်တီးနားတွင် အဂူရို၊ ဟီဂွါယင်း၊ ဒီမာရီယာတို့ကဲ့သို့သော တိုက်စစ်မှူးကောင်းများ တိုက်စစ်ကို အကောင်းဆုံးပုံဖော်နိုင်သူများရှိသည်။ သို့သော် အာဂျင်တီးနားအနေဖြင့် ဘော့စနီးယားအား လျှော့တွက်၍မရပေ။ ဘော့စနီးယားတွင်လည်း ဒီဇီကို၊ အိုင်ဘီဆီဗစ်၊ ဆာလီဟိုဗစ်တို့ကဲ့သို့သော တိုက်စစ်မှူးကောင်းများရှိသည်။ အထူးသဖြင့် ဇာဘလက်တာ ဦးဆောင်သော အာဂျင်တီးနားခံစစ်သည် ထင်သလောက် ကျစ်လျစ်မှုမရှိပေ။ ခြေစစ်ပွဲအဖွင့်၌ ၁၆ ပွဲတွင် ဂိုးမပေးရသောပွဲဟူ၍ လေးပွဲသာရှိခဲ့ခြင်းက သက်သေဖြစ်သည်။ ဘော့စနီးယား တိုက်စစ်မှူးများဖြစ်သည့် ဒီဇီကို၊ အိုင်ဘီဆီဗစ်၊ ဆာလီဟိုဗစ် သုံးဦးမှာ ခြေစစ်ပွဲအတွင်း သုံးဦးပေါင်း ၂၃ ဂိုးအထိ သွင်းယူခဲ့ကြသည်။ ဘော့စနီးယားသည်လည်း ခြေစစ်ပွဲအတွင်း၌ ဂိုးမသွင်းနိုင်သောပွဲ နှစ်ပွဲသာရှိခဲ့သည်။ ထို့ကြောင့် ဘော့စနီးယားအနေဖြင့် အာဂျင်တီးနားကို အကောင်းဆုံး တုံ့ပြန်ကစားနိုင်စွမ်းရှိသည်။ သို့သော် ဘော့စနီးယားသည် ကမ္ဘာ့ဖလားအတွေ့အကြုံနုပြီး အာဂျင်တီးနားမှာ တောင်အမေရိကဒေသခံအသင်း ဖြစ်သည်။ ထို့ကြောင့် ယခုပွဲတွင် အာဂျင်တီးနားအခက်တွေ့နိုင်သော်လည်း အခက်အခဲကြားမှ အနိုင်ရသွားနိုင်သည်။ **[ရှိုင်းမင်းမင်း]**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာနအသီးသီး၏ ဖြေလျှော့အားပေးမြှင့်တင်မှုကြောင့် ရရှိလာသော အကျိုးရလဒ်များ

နိုင်ငံတော်အစိုးရက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ အစိုးရယန္တရား တိုးတက်ကောင်းမွန်ရေး၊ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေး မဟာဗျူဟာလုပ်ငန်းစဉ်(၄)ရပ် ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ပြည်သူတို့၏လူမှုစီးပွားတိုးတက်စေရန်အစိုးရယန္တရားကောင်းမွန်တိုးတက်ရေးအတွက် ဌာနအသီးသီးက လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့လျက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့တွင် သိသာစွာတိုးတက်လာခဲ့ပြီး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသာမက ထိုစီးပွားရေးလုပ်ငန်းအသီးသီး တိုးချဲ့လုပ်ကိုင်လာနိုင်သဖြင့် ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိ၍ ပြည်သူတို့၏လူမှုစီးပွားတိုးတက်ရေး ဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်-

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ/ Delivery Unit

အစိုးရသစ်ကာလ စီးပွားရေးအခွင့်အလမ်းများတိုးတက် ကုမ္ပဏီဖွဲ့စည်းလုပ်ကိုင်သူများတိုးပွား

အစိုးရသစ်ကာလတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရန် ဌာနဆိုင်ရာအသီးသီးက ဖြေလျှော့အားပေးမြှင့်တင်ဆောင်ရွက်ခဲ့မှုကြောင့် စီးပွားရေးအခွင့်အလမ်းများတိုးတက်လာပြီး ကုမ္ပဏီဖွဲ့စည်းလုပ်ကိုင်သူများလည်း တိုးပွားလာပါသည်။ ယင်းသို့ ကုမ္ပဏီများတိုးပွားလာခြင်းကြောင့် ပြည်တွင်းပြည်ပ ဈေးကွက်ချိတ်ဆက်ကူးသန်းရောင်းဝယ်မှုများ တိုးတက်လာနိုင်သောကြောင့် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုကြိုးစားလုပ်ဆောင်သွားရန်ဖြစ်ပြီး အခက်အခဲရှိပါက ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-



ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ/ Delivery Unit

ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးအတွက် စီးပွားရေးအသင်းအဖွဲ့သမဝါယမအသင်း၊ အစုအဖွဲ့များ တိုးချဲ့အားပေးမြှင့်တင်လျက်ရှိ

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုမ္ပဏီများတိုးချဲ့ဖွဲ့စည်း၍ ပြည်တွင်းပြည်ပ ဈေးကွက်ချိတ်ဆက်ရန် လိုအပ်သကဲ့သို့ တိုင်းဒေသကြီးပြည်နယ်အသီးသီးတွင် ငွေကြေးအရင်းအနှီးနည်းပါးသော ဒေသခံပြည်သူများ၏ စီးပွားရေးလုပ်ငန်းကို စီးပွားရေးအသင်းအဖွဲ့များ၊ သမဝါယမအသင်းများ၊ ကုန်ထုတ်လုပ်မှုအစုအဖွဲ့များတိုးချဲ့ဖွဲ့စည်းလျက် ငွေကြေးအရင်းအနှီး စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အထများပွားများလျက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အထောက်အကူပြုသွားရန်အားပေးမြှင့်တင်လျက်ရှိပါကြောင်း အသိပေးတင်ပြအပ်ပါသည်-









ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ/ Delivery Unit

စိုက်ပျိုး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အသေးစားငွေချေးလုပ်ငန်းများ တိုးချဲ့လျက်ရှိ

စီးပွားရေးလုပ်ကိုင်ရန် စိုက်ပျိုး၊ မွေးမြူရေးနှင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-





ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ/ Delivery Unit

စစ်ကိုင်းတိုင်းဒေသကြီး

မော်လိုက် အမက(၁) နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

မော်လိုက် ဇွန် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း(နှစ်ထပ်)ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ ပေးအပ်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေးက ကျောင်းအတွက် ကက်ဆက်နှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၂၂ ပေရှိသည့် သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး နိုင်ငံတော်ထောက်ပံ့ငွေ ၂၀၄ သိန်းနှင့် ပြည်သူလူထု ထည့်ဝင်ငွေ ၂၄၈ သိန်း စုစုပေါင်း ၄၅၂ သိန်း အကုန်ကျခံဆောက်လုပ်ခဲ့သော နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး

နေရောင်ခြည်(ဆိုလာ)မီးဖြင့် ပခုက္ကူမြို့နယ်အတွင်း ကျေးရွာလုံးကျွတ် မီးလင်းပြီ

ပခုက္ကူ ဇွန် ၁၄

မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ရန်ပုံငွေကျပ်သန်းပေါင်း ၆၁ သန်းကျော်ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများအား ကျေးရွာလုံးကျွတ်နေရောင်ခြည်(ဆိုလာ) မီးလင်းရေးဆောင်ရွက်ပေးနေကြောင်း သိရသည်။

နေရောင်ခြည်မှ ဆိုလာပြားဖြင့် ပခုက္ကူမြို့နယ်အတွင်းရှိ ကျွဲတဲကျေးရွာအုပ်စု၊ မီးသွေးကန်ကျေးရွာ၊ စဘေကျေးရွာ၊ဆားကျင်းကျေးရွာ၊ သရက်တောကျေးရွာအုပ်စု၊ မိုးနတ်ကုန်းကျေးရွာ၊ကွန်းရွာအုပ်စု၊ လေးလံကျွန်းရွာများတို့တွင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ငွေကျပ်သန်းပေါင်း (၆၁)သန်းကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သဖြင့် အဆိုပါ ကျေးရွာပြည်သူအိမ်ခြေ(၅၄၁)အိမ်ရှိ လူဦးရေ (၂၉ ၁၉)ဦးတို့မှာယူနစ်ပေါင်း(၃၄၃)ယူနစ်ဖြင့် ကျေးရွာလုံးကျွတ် ဆိုလာမီးဖြင့် မီးထိန်ထိန်လင်းနေပြီဖြစ်ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ပဲခူးတိုင်းဒေသကြီး

ဖြူးမြို့ပေါ် လမ်းဆုံလမ်းခွများ၌ အချက်ပြသတိပေးမီးပွိုင့်များ စိုက်ထူ

ဖြူး ဇွန် ၁၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့တွင် မော်တော်ယာဉ်များနှင့်မော်တော်ဆိုင်ကယ်များ တစ်နေ့တခြား တိုးပွားများပြားလာသည့်အတွက် ခရီးသွားပြည်သူများ၊ ယာဉ်နှင့်ယာဉ်ချင်းတိုက်ခိုက်မှုအန္တရာယ်များ လျော့ပါးကင်းရှင်းရေးရည်ရွယ်ချက်ဖြင့် ဖြူးမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်မှုကော်မတီ၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစိုးသန်းတို့ပူးပေါင်း၍ ဖြူးမြို့ပေါ်ရှိ လမ်းဆုံလမ်းခွများတွင် အချက်ပြသတိပေးမီးဝါ မီးပွိုင့်များကို မေလကုန်က တပ်ဆင်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါ သတိပေးအချက်ပြ မီးဝါတိုင်များတပ်ဆင်ထားသော နေရာများမှာ ဖြူးမြို့တွင်း ရန်ကုန်-မန္တလေး ပုံမှန်လမ်း၊ ဗိုလ်ချုပ်လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းတွင် နှစ်တိုင်၊ ရန်ကုန်-မန္တလေးကားလမ်းခုံးကျော်တွင် နှစ်တိုင်၊ အုတ်ဖြတ်ကားလမ်း ခုံးကျော်အနီးတွင် တစ်တိုင်နှင့် ရန်ကုန်-မန္တလေးပုံမှန်လမ်းမှ အမြန်လမ်းသွား ဆားဂွန်းလမ်းဆုံနေရာတွင် နှစ်တိုင်စိုက်ထူပြီးဖြစ်ကြောင်း သိရသည်။

(ဖြူးမြင့်ဦး)

တောက်ပရှင်သန်လာသည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း

မျိုးမြင့်သန်း (မန်းစက်မြေ)

မြန်မာ နိုင်ငံ၌ ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်လာပြီး ၂၀၁၁ ခုနှစ်မှစတင်၍ ခရီးသွားဧည့်သည် အရေအတွက် စံချိန်တင်မြင့်မားလာခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်း အထိ ရောက်ရှိလာခဲ့ပြီး မြန်မာနိုင်ငံ သည် နိုင်ငံတကာခရီးသွားလာရေး ဆိုင်ရာ အဖွဲ့အစည်းများ၏ အသွား သင့်ဆုံး ကမ္ဘာ့နေရာများအနက် ထိပ်ဆုံး အဆင့်တွင် သုံးနှစ်ဆက်တိုက်ပါရှိခဲ့ သည်။ ၂၀၁၄ ခုနှစ်တွင် ခရီးသွား ဧည့်သည် သုံးသန်းကျော်နှင့် ၂၀၁၅ ခုနှစ်တွင် ငါးသန်းအထိ ဝင်ရောက်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

ခရီးသွားအစီအစဉ်အမျိုးမျိုးရှိ သည့်အနက် မြန်မာနိုင်ငံတွင် ခရီးသည် ကြိုက်နှစ်သက်မှုရှိသော ခရီးသွား လုပ်ငန်းအမျိုးအစားတစ်ခုဖြစ်သည့် သဘာဝကို အခြေခံသော ခရီးသွား လုပ်ငန်း Ecologically Based Tourism (Ecotourism) ကို ၁၉၉၈ ခုနှစ်ကပင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) ဆိုသည်မှာ "သဘာဝ အရ တည်ရှိနေသော ဒေသများသို့ ယင်းဒေသ ထိန်းသိမ်းရေးအတွက် နှင့် ဒေသခံတို့၏ သာယာဝပြောရေး အတွက် တာဝန်သိစွာသွားသော ခရီး စဉ်ဖြစ်သည်"ဟု နိုင်ငံတကာသဘာဝ အခြေခံ ခရီးသွားလုပ်ငန်းအဖွဲ့ (The International Ecotourism Society) မှ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆိုင်ရာ အခြေခံမူများအနေဖြင့် ခရီးစဉ် ဒေသများအတွင်း သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်စေ ရန်၊ ခရီးသွားဧည့်သည်များနှင့် ဒေသခံ ပြည်သူများအားလုံး သဘာဝပတ်ဝန်းကျင် နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အမြတ်တနိုး တန်ဖိုးထားစောင့်ထိန်း တတ်သည့်အသိပညာများ ခိုင်မာစွာ တည်ရှိစေရန်၊ ခရီးသည်များနှင့် ဒေသခံ ပြည်သူများအကြား အပြန်အလှန်လေးစား မှုရှိစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဘဏ္ဍာ ရေးဖြည့်ဆည်းမှုဖြစ်စေရန်၊ ဒေသခံ ပြည်သူများအနေဖြင့် လူမှုအကျိုးစီးပွား နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်စွမ်းနှင့် ပြောရေးဆိုခွင့်ကို မြှင့်တင်နိုင်စေရန်၊ အိမ်ရှင်နိုင်ငံ၏ နိုင်ငံ ရေး၊ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင် တို့ကို သိရှိနားလည်နိုင်မှုတိုးတက်စေ ရန်ဟူ၍ သတ်မှတ်ထားရှိသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအခြေ အနေကို လေ့လာကြည့်လျှင် ၂၀၁၃ ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ ခရီးသည် ၁၀၈၇ သန်းနှင့် ဝင်ငွေ အမေရိကန် ဒေါ်လာ ခုနစ်ထရီလီယံရရှိခဲ့ပြီး GDP ၏ ၉ ဒသမ ၅ ရာခိုင်နှုန်းနှင့် လုပ်သား အင်အား ၂၆၆ သန်းခန့် အလုပ်အကိုင် ရရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ သဘာဝနယ်မြေများသို့ ခရီးသည်များ လာရောက်ကြသည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေး ကို ရေရှည်အထောက်အကူပြုခြင်း၊ ယင်းလုပ်ငန်းသည် လွန်ခဲ့သောဆယ်စု နှစ် အနည်းငယ်ခန့်မှစ၍ လျင်မြန်စွာ တိုးတက်အောင်မြင်လာခဲ့ခြင်း သဘာဝ အခြေခံခရီးသွားလုပ်ငန်း(Ecotourism) နှင့်စွန့်စားမှုခရီးစဉ် (Adventure Tourism) တို့ ပူးပေါင်းပါဝင်သည့် သဘာဝပတ်ဝန်းကျင် လေ့လာရေးခရီး စဉ်များ (Nature based Tourism) မှာ ခရီးသွားလုပ်ငန်းဈေးကွက်တစ်ခုလုံး၏ ထက်ဝက်နီးပါးခန့်ရှိခြင်းနှင့် ကျေးလက်၊ သဘာဝ၊ ယဉ်ကျေးမှုကဏ္ဍ (၃)ရပ်လုံး ပါဝင်သည့် သဘာဝအခြေခံခရီးသွား လုပ်ငန်းသည် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကို များစွာအထောက် အကူပြုနိုင်ခြင်းတို့ကြောင့် သဘာဝ အခြေခံခရီးသွားလုပ်ငန်းအား တစ်ကမ္ဘာ လုံးမှ ပိုမိုအလေးထားလာခဲ့ ကြပါသည်။

အလားတူ (၂၁-၁၂-၂၀၁၂) ရက်နေ့ ကုလသမဂ္ဂအထွေထွေညီလာ ခံမှ "သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ခြင်းသည် ဆင်းရဲနွမ်းပါးမှုကို အမြစ်ပြတ်သုတ်သင် ရှင်းလင်းခြင်းနှင့် သဘာဝပတ်ဝန်းကျင် ကို ထိန်းသိမ်းခြင်းဖြစ်သည်" ဟူသော ဆုံးဖြတ်ချက်တစ်ရပ်အား သဘောတူ လက်ခံခဲ့ကြပါသည်။ ဆိုလိုသည်မှာ သဘာဝအခြေခံခရီးသွားလုပ်ငန်း ပိုမို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်မှုကြောင့် ဒေသခံပြည်သူများ၏ ဝင်ငွေအခြေ အနေ၊ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်မှုနှင့် ပညာရေးကဏ္ဍများ တိုးတက်မှုရှိလာပြီး ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှုများကို တိုက်ဖျက် နိုင်မည်။ သဘာဝအခြေခံခရီးသွား လုပ်ငန်းသည် အိမ်ရှင်နိုင်ငံ၏ ဒေသခံ ပြည်သူများနှင့် ဒေသခံအဖွဲ့အစည်းများ အနေဖြင့် သဘာဝနယ်မြေဒေသနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်တည်တံ့ ခိုင်မြဲအောင်သုံးစွဲခြင်း၊ ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခြင်းပြုစေရန် နှင့် ခရီးသွားဧည့်သည်များအနေဖြင့် လည်း အလားတူသဘာဝနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထားလေးစား ထိန်းသိမ်းသွားစေရန် အရေးပါသော အခွင့်အလမ်းများ ဖန်တီးနိုင်သည်ဟု ဆိုလိုပါသည်။

မြန်မာနိုင်ငံတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေ ရေးအတွက် ၁၉၉၈ ခုနှစ်တွင် သစ်တော ရေးရာဝန်ကြီးဌာန၏ အမိန့်ကြော်ငြာ စာအမှတ် (၆၃/၉၈) ဖြင့် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခဲ့ပြီး သဘာဝနယ်မြေဖြစ်သည့် ဥယျာဉ်၊ ဘေးမဲ့တောများ၊ ဆင်စခန်း များ၊ တိရစ္ဆာန်ဥယျာဉ်များကို ထည့်သွင်း ပြီး ခရီးသွားစခန်း နေရာ ၁၅ ခုကို သတ်မှတ်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်း ကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေ ချောမွေ့မြန်ဆန်စေရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးနိုင်ရန် ၄-၅-၂၀၁၁ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ်(၉၈) ဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ကော်မတီများကို အောက်ပါအတိုင်း-

(က) သဘာဝအခြေခံခရီးသွား လုပ်ငန်းကြီးကြပ်မှုကော်မတီ

(ခ) သဘာဝအခြေခံ ခရီးသွား လုပ်ငန်း ဆောင်ရွက်မှု ကော်မတီဟူ၍ ပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။

ခရီးသွားစခန်းများကိုလည်း (၂၁) ခုသို့ အောက်ပါအတိုင်း တိုးမြှင့်သတ်မှတ် ခဲ့ပါသည်-

ကချင်ပြည်နယ်တွင် ခါကာ ဘိုရာဇီအမျိုးသားဥယျာဉ် (AHP)၊ ဖုန်ကန်ရာဇီဘေးမဲ့တော၊ ဟူးကောင်း ချိုင့်ဝှမ်းဘေးမဲ့တော၊ အင်းတော်ကြီး ကန်ဘေးမဲ့တော(AHP)၊ မန္တလေး တိုင်းဒေသကြီးတွင် ပုပ္ပားတောင် ဘေးမဲ့ တောဥယျာဉ်၊ လောကနန္ဒာဘေးမဲ့တော ဥယျာဉ်၊ မကွေးတိုင်းဒေသကြီးတွင် ရွှေစက်တော်ဘေးမဲ့တော၊ ဝက်သည်းကန် ဘေးမဲ့တော၊ ချင်းပြည်နယ်တွင် နတ်မတောင် အမျိုးသားဥယျာဉ် (AHP)၊ မွန်ပြည်နယ် ကျိုက်ထီးရိုး ဘေးမဲ့တော၊ ရှမ်းပြည်နယ်တွင် အင်းလေးကန် ဘေးမဲ့တော(AHP)၊ ပန်းလောင်နှင့် ပြဒါးလင်းဂူဘေးမဲ့တော၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အလောင်း တော် ကဿပအမျိုးသားဥယျာဉ်(AHP)၊ ချပ်သင်းဘေးမဲ့တော၊ ပဲခူးတိုင်းဒေသ ကြီးတွင် မိုးယွန်းကြီးအင်းဘေးမဲ့တော (Ramsar Site)၊ ဧရာဝတီတိုင်းဒေသ ကြီးတွင် မိန်းမလှကျွန်းဘေးမဲ့တော (AHP)၊ သမီးလှကျွန်းဘေးမဲ့တော၊ တနင်္သာရီတိုင်းဒေသကြီးတွင် လန်ပိ ကျွန်း၊ အဏ္ဍာဝါအမျိုးသားဥယျာဉ် (AHP) နှင့် မြန်မာ့သစ်လုပ်ငန်း ဆင် စခန်းများဖြစ်သည့် မြိုင်ဟေဝန်ဆင် စခန်း၊ ဖိုးကျားဆင်စခန်း၊ ရန်ကုန်တိုင်း ဒေသကြီးတွင် လှော်ကားသဘာဝ ဥယျာဉ်တို့ဖြစ်သည်။

ခရီးသွားလာခွင့်ပြုပေးရာတွင် လည်း ဝေးလံခေါင်ဖျားသည့် ဒေသနှင့် နယ်မြေအခြေအနေအရ ခရီးသွားလာခွင့် တင်ပြရန်လိုအပ်သည့် ဥယျာဉ်ဘေးမဲ့ တော ရှစ်ခုအတွက်သာ ခွင့်ပြုချက်များကို Fax/Email တို့ဖြင့် ချက်ချင်းပြန်ကြား ပေးပို့ပေးလျက်ရှိပါသည်။ ကျန်ခရီးသွား စခန်း ၁၃ ခုအတွက် ခွင့်တောင်းခံရန်မလို ကြောင်း ကြေညာထားပြီးဖြစ်ပါသည်။

ဒေသတွင်း ASEAN (၁၀) နိုင်ငံ ၌ အာဆီယံအမွေအနှစ်ဥယျာဉ် ASEAN Heritage Park (AHP) ၃၃ ခုရှိပြီး မြန်မာနိုင်ငံမှ ခုနစ်ခုအဖြစ် အများဆုံးပါဝင်ကာ ၎င်း ခုနစ်ခုစလုံးကို သဘာဝ အခြေခံခရီးသွားစခန်းအဖြစ် သတ်မှတ်ထားပါသည်။ကမ္ဘာလုံးဆိုင်ရာ အရေးပါသည့် ရေတိမ်ဒေသစာရင်းဝင် (Ramsar Site) အဖြစ် မိုးယွန်းကြီး အင်းဘေးမဲ့တော တစ်ခုပါဝင်ပါသည်။

မြန်မာ့သစ်လုပ်ငန်းတွင် သစ်ထုတ် ရေး၌ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်း စေသည့် နည်းလမ်း (Reduced Impact Logging- RIL) ဖြင့် သစ်ထုတ်လုပ်မှု များကိုလည်းကောင်း၊ မြန်မာ့ဆင်များ၏ သင်ကြား လေ့လာရလွယ်ကူသည့် ထူးခြားသော အလေ့အထကို လည်း ကောင်း ပြသနိုင်ရန် တရားဝင်ဖွင့်လှစ် ခွင့်ရရှိထားသော မြိုင်ဟေဝန်ဆင် စခန်းနှင့် ဖိုးကျားဆင်စခန်းတို့အပြင် သဘာဝအခြေခံခရီးသွားစခန်းများ အဖြစ်အလားအလာရှိသော ဆင်စခန်း ခုနစ်ခုကို ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် စီစဉ် လျက်ရှိပါသည်။

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်များကာကွယ်ရေးနှင့် သဘာဝ နယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄)၊ နည်းဥပဒေ(၂၀၀၂)တို့တွင် သဘာဝအခြေခံခရီးသွားလုပ်ငန်း အတွက် -

(က) သဘာဝနယ်မြေအတွင်း လုံးဝ တားမြစ်ထားသော ဒေသမှအပ သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်ခြင်း၊ သဘာဝ ပတ်ဝန်းကျင် ကြည့်ရှု လေ့လာခြင်းနှင့် အပန်းဖြေခြင်း တို့ကို စည်းကမ်းချက်များ သတ် မှတ်၍ ခွင့်ပြုနိုင်ကြောင်း၊

(ခ) သဘာဝနယ်မြေများအတွင်း သဘာဝအခြေခံ ခရီးသွား လုပ်ငန်းကို စီမံချက်ရေးဆွဲ ဆောင်ရွက်ပြီး ဝင်ငွေ တစ်စိတ်တစ်ပိုင်းကို သဘာဝ နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြန်လည်ရင်းနှီး သုံးစွဲခြင်း ပြုလုပ်နိုင်ကြောင်း ခွင့်ပြုချက် ပြဋ္ဌာန်းထားပါ သည်။

မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးသည်များအနက် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို စိတ်ပါဝင်စားသူ များအား လေ့လာသုံးသပ်ရာတွင် ၎င်းတို့ သည် ခရီးရှည်လမ်းလျှောက်ခြင်း၊ တောင်တက်ခြင်း၊ အပန်းဖြေစခန်းချ ခြင်း၊ ဥယျာဉ်/ကာကွယ်တောဧရိယာ များသို့ သွားရောက်ခြင်း၊ ဝေလငါး ကြည့်ခြင်း၊ ငှက်ကြည့်ခြင်း၊ အမဲလိုက် ခြင်း၊ ငါးမျှားခြင်း၊ ဖောင်စီးခြင်း၊ ရေအောက်စူးစမ်းခြင်း၊ ဓာတ်ပုံဝါသနာ ရှင်နှင့် အခြားစူးစမ်းရှာဖွေသူ၊ ပတ်ဝန်းကျင်ရှုခင်းလေ့လာသူများဟူ၍ အမျိုးအစားစုံလင်စွာ ပါရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းဧည့်သည်များသည် ပျမ်းမျှအားဖြင့် အသက်(၃၅)နှစ်မှ (၅၄) နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီး ဧည့်သည်များဖြစ်ကြပြီး ပညာတတ်များ၊ ငွေကြေးအင်အားတောင့်တင်းသူများ၊ ပိုမိုသုံးစွဲလေ့ရှိသူများ၊ သာမန်ခရီးသွား ဧည့်သည်များထက် သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစိတ်ပါ ဝင်စားမှုရှိပြီး ကြိမ်ဖန်များစွာ လာလေ့ ရှိသူများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော် ဘဏ္ဍာငွေ တိုးတက်ရရှိစေရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိစေရန် ဆောင်ရွက် သကဲ့သို့ သဘာဝနယ်မြေများ အတွင်း၌ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝ မျိုးစုံမျိုးကွဲများ ထိခိုက်မှုမရှိစေရန် အတွက် အာရှဖွံ့ဖြိုးရေးဘဏ်၏ နည်း ပညာအကူအညီနှင့် နော်ဝေနိုင်ငံမှ ဘဏ္ဍာရေးအထောက်အပံ့ဖြင့် ဟိုတယ် နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန မှ ရေးဆွဲပြီးစီးခဲ့သည့် "ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း(၂၀၁၃-၂၀၂၀)၏ အခြေခံ မူကြီး (၇)ရပ်အနက် အမှတ်စဉ် (၂)တွင် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများ ချမှတ်ရာတွင်လည်းကောင်း၊ စီမံကိန်း များရေးဆွဲရာတွင် လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့် ရှောက်ရေးအတွက် အစီအမံများ ထည့်သွင်းရေးဆွဲရန် ဖြစ်ပါသည်" ဟု အလေးအနက် ဖော်ပြပါရှိပါသည်။ ပင်မစီမံကိန်း၏ မဟာဗျူဟာ အစီအစဉ် (၄)၊ အရည်သွေးမီထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကဏ္ဍတွင် အဓိက ဦးတည်ချက်(၁)ရပ်ဖြစ်သည့် (၄. ၂ . ၁) ကာကွယ်တော ဧရိယာများအတွင်း သဘာဝအခြေခံခရီးသွား လုပ်ငန်း အစီအစဉ်များ ဆောင်ရွက်ရန်၊ မဟာဗျူဟာများချမှတ်ရန် ပြင်ဆင်ခြင်း ရည်မှန်းချက်၌ ကာကွယ်တော ဧရိယာ များအတွင်း လက်ရှိဆောင်ရွက်နေသော သဘာဝအခြေခံ ခရီးသွားအစီအစဉ် များကို စိစစ်သုံးသပ်ခြင်း၊ လုပ်ငန်းချဲ့ထွင် ဆောင်ရွက်နိုင်မည့် နေရာသစ်များ ရှာဖွေခြင်း၊ ပုဂ္ဂလိကများ ပါဝင်နိုင်ရန် အခြေအနေများဖော်ထုတ်ခြင်း၊ ရရှိလာ သော အဖြေအား အတည်ပြုဖြန့်ဝေခြင်း လုပ်ငန်းများကိုလည်းကောင်း၊ အခြား အဓိကဦးတည်ချက် (၁)ရပ်ဖြစ်သည့် (၄. ၂. ၂) ကာကွယ်တောဧရိယာ များအတွင်း တည်ဆောက်မည့် ecolodges များနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း ရည်မှန်းချက်၌ ကာကွယ်တောဧရိယာ များအတွင်း တည်ဆောက်မည့် ecolodges များနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ချမှတ်နိုင်ရန် အတွက် နိုင်ငံတကာမှကောင်းသော နမူနာများကို လေ့လာခြင်းနှင့် လုပ်ထုံး လုပ်နည်းပြုစုခြင်း၊ ဒေသခံလူ့အဖွဲ့ အစည်းများနှင့် ဆက်စပ်ပြီးတန်ဖိုးမြင့် ချိတ်ဆက်မှုများ မည်သို့ပြုနိုင်မည်ကို လေ့လာခြင်း၊ ဆောက်လုပ်မည့် နေရာ များ ရွေးချယ်ခြင်း၊ ပုဂ္ဂလိကများ ပါဝင် လာနိုင်ရန် ဆွဲဆောင်မှုများနှင့် အငှား စာချုပ်နမူနာများပြင်ဆင်ခြင်း၊ ဂေဟ စနစ် ထိန်းသိမ်းရေးအတွက် ecolodges များနှင့် ဒေသခံများပူးပေါင်း ဆောင်ရွက်ကြရန် သဘောတူစာချုပ် များရေးဆွဲခြင်းလုပ်ငန်းများကို ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။ မဟာဗျူဟာအစီအစဉ်(၆) မြန်မာနိုင်ငံ၏ အမည်အမှတ်တံဆိပ်ကို ထင်ရှားပေါ်လွင်လာစေခြင်း၏ စီမံကိန်း အမှတ်(၃၈)မှာ လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများကို နားလည် စေရေးအတွက် ဆောင်ရွက်ရန် စီမံကိန်း ဖြစ်ပြီး ခရီးသွားလုပ်ငန်းကြောင့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လာနိုင်သော အကျိုးအပြစ်များ ကို အများသိအောင် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လူသိများသော မီဒီယာလုပ်ငန်းများကို အသုံးပြုကာ ဒေသခံများနှင့် ခရီးသွား လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများ အားလုံးပါ သဘောပေါက်နားလည်လာ ကြစေရန် ဆောင်ရွက်ရပါမည်" ဟု တာဝန်သတ်မှတ်ထားပါသည်။

ထို့အတူ ဟိုတယ်နှင့်ခရီးသွား လာရေးလုပ်ငန်းဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ်တွင် ချမှတ်ဆောင်ရွက်ခဲ့သည့် "တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ" ၏ ရည်ရွယ်ချက် (၆)ရပ်အနက် အမှတ်စဉ် (၄)တွင် "သဘာဝပတ်ဝန်းကျင် ပျက်စီးမှု မရှိအောင် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပိုမိုကောင်းမွန်အောင် ပြုလုပ်ရပါမည်" ဟု ရှင်းလင်းမြင်သာစွာ ထည့်သွင်း ထားရှိပါသည်။ ၎င်းရည်ရွယ်ချက်အရ အရေးယူဆောင်ရွက်ရန်အချက် (၆)ခု အနက် ပထမဦးစားပေးအဆင့်တွင် ပါဝင်သော ခရီးသွားလုပ်ငန်းကဏ္ဍ အနေဖြင့် စွမ်းအင်သုံးစွဲမှုတွင် ပိုမို ထိရောက်စွာ စီမံခန့်ခွဲနိုင်စေရန်၊ ဒေသခံ ပြည်သူလူထုနှင့် ခရီးသွားဧည့်သည်များ အတွင်း သဘာဝအရင်းအမြစ်များ၏ အဖိုးတန်ပုံကို သတိပြုမိစေရေး ဆောင်ရွက်ရန်၊ ခရီးသွားဧည့်သည်များ အနေနှင့် သဘာဝအမွေအနှစ်များ၊ ကန့်သတ်ဧရိယာများအား အသိ အမှတ်ပြု အလေးထားတတ်စေရေး ဒေသခံဧည့်လမ်းညွှန်များအား လေ့ကျင့် သင်ကြားပေးရန်၊ ဒုတိယဦးစားပေး အဆင့်ဖြစ်သည့် ရေဖြန့်ဖြူးရေးစနစ်အား စောင့်ကြည့်ရန်နှင့် ရေသုံးစွဲမှုလျှော့ချ နိုင်ရေးအတွက် လိုအပ်သောနေရာတွင် လက်ဦးမှုရယူဆောင်ရွက်ရန်၊ ကုန်းနေ၊ ရေနေသတ္တဝါများအတွက် ကန့်သတ် ဧရိယာများ စီမံခန့်ခွဲသတ်မှတ်ခြင်းကို တိုးတက်စေရန်နှင့် ထောက်ခံအားပေးရန် ဟူသည့် တာဝန်သတ်မှတ်ချက်များအား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့်အတူ ဆက်စပ်ဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ မြို့တော်နှင့် မြို့နယ် စည်ပင်သာယာရေး ကော်မတီများ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသအခြေပြု အဖွဲ့အစည်းများ၊ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထို့အပြင် ဒေသခံများ၏ ချမ်းသာ ကြွယ်ဝမှုကို ဖန်တီးပေးနိုင်ရန် နိုင်ငံ တစ်နံတစ်လျားတွင်ရှိသည့် တိုင်းရင်း သားလူမျိုးစုအားလုံး၊ လူမှုအဖွဲ့အစည်း အားလုံးပါဝင်ကြမည့် "မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်း များပါဝင်ဆောင်ရွက်ရေးမူဝါဒ" ကို လည်း ချမှတ်ပြီးဖြစ်ပါသည်။ ဤမူဝါဒ၏ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ အခြေအနေများတွင် ဖြည့်ဆည်းရန် လိုအပ်ချက်များဖြစ်သည့် သဘာဝ(သို့) ယဉ်ကျေးမှုဆိုင်ရာ ဆွဲဆောင်မှုရှိသော နေရာတစ်ခုစီတွင် သက်ဆိုင်ရာ ကျေးရွာ များ၌ ၎င်းတို့လက်ခံဆောင်ရွက်ပေးနိုင် သည့် ပမာဏထက်မပိုစေသည့် သင့်လျော်သောဧည့်သည်အရေအတွက်၊ အတိုင်းအဆ၊ ခရီးသွားလုပ်ငန်းအမျိုး အစားနှင့် လည်ပတ်သည့်ကာလဖြစ်စေ ရေး၊ စွန့်ပစ်အမှိုက်များအား သိမ်းဆည်း ရန်လုံလောက်သည့် အစီအမံများထား ရှိမှု၊ သင့်လျော်မှန်ကန်သော အမှိုက် စွန့်ပစ်သည့် အလေ့အထ၊ အမှိုက် စွန့်ပစ်ရန် လုံလောက်သောအမှိုက်ပုံး ထားရှိမှု၊ သင့်လျော်သော ရေဆိုးစွန့် ထုတ်မှုစနစ်၊ မော်တော်ယာဉ်မှထွက် ရှိသည့် ဆူညံမှုနှင့် လေထုညစ်ညမ်းမှုများ ပြည်သူလူထုအတွင်း ကင်းဝေးစေနိုင်ရန် သင့်လျော်သော ကားရပ်နားရန်နေရာ ထားရှိခြင်း၊ အမှိုက်စွန့်ပစ်မှုစနစ်တွင် လူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက် ရေး (ဥပမာ- အမှိုက်အမျိုးအစားခွဲခြား ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည် အသုံးပြုနိုင်ရန်စီစဉ်ခြင်း)၊ ဆွဲဆောင် မှုရှိသည့် နေရာဒေသများ၏ ပတ်ဝန်း ကျင်ထိန်းသိမ်းခြင်းဆိုင်ရာ အခြေအနေ များကို ပုံမှန်စောင့်ကြည့်စစ်ဆေးရန် စသည့်အချက်များအား ပြည့်စုံစွာ ဖြည့်ဆည်းနိုင်ရေး အားလုံးဝိုင်းဝန်း ကြိုးပမ်းကြရမည်ဖြစ်ပါသည်။

"ခရီးသွားလုပ်ငန်းမှ ပစ္စုပ္ပန်နှင့် အနာဂတ် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် အကျိုး သက်ရောက်မှုကို အပြည့်အဝ ထည့်သွင်း စဉ်းစားပြီး ခရီးသွားဧည့်သည်များ၊ ခရီးသွားလုပ်ငန်းလုပ်ဆောင်နေကြသူ များ၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံ လူမှုအသိုင်းအဝိုင်းများ၏ လိုအပ်ချက် များကို ဖြည့်ဆည်းပေးသည့် ခရီးသွား လုပ်ငန်း"သည် "ရေရှည်တည်တံ့ ခိုင်မြဲ သော ခရီးသွားလုပ်ငန်း (Sustainable Tourism)" ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ခရီးသွားအစီအစဉ် အမျိုးမျိုးရှိသည့် အနက် ခရီးသည်များ ကြိုက်နှစ်သက်မှု ရှိသော၊ ရေရှည်တည်တံ့ခိုင်မြဲသော၊ ခရီးသွားလုပ်ငန်းကို များစွာအထောက် အကူပြုနိုင်သော သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်ပြီး အထက် တင်ပြပါအချက်များအနက် အားနည်းချက်များကို ပြုပြင်ခြင်း၊ အခွင့် အလမ်းများ အမိအရယူခြင်းတို့ ဆောင် ရွက်သကဲ့သို့ ကမ္ဘာတစ်ဝန်းမှ မြန်မာ နိုင်ငံသို့ လာရောက်ကြသည့် ခရီးသည် များအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလာ ရေးလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်ထား သည့် ဆောင်ရန်၊ ရှောင်ရန် (DOs & DON'Ts) များကို လိုက်နာဆောင်ရွက် စေရေးဆိုင်ရာ ကိစ္စရပ်များကို သဘာဝ အခြေခံခရီးသွားလုပ်ငန်းအား အဓိက တာဝန်ယူဆောင်ရွက်နေသည့် ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာနနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် အစိုးရမဟုတ်သည့် အဖွဲ့ အစည်းများ၊ ဒေသအခြေပြုအဖွဲ့အစည်း များ၊ ဒေသခံပြည်သူများ ဝိုင်းဝန်း ပူးပေါင်းအကောင်အထည်ဖော် ဆောင် ရွက်ခြင်းဖြင့် အရှိန်အဟုန်နှင့် တိုးတက် လျက်ရှိသည့် မြန်မာ့ခရီးသွားလုပ်ငန်း ကဏ္ဍကြီးထဲတွင် ပါဝင်တောက်ပရှင်သန် လာသည့် သဘာဝအခြေခံခရီးသွား လုပ်ငန်းအနေဖြင့် ပိုမိုထွန်းလင်းလာ မည်မှာ မလွဲကေန်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

နေပြည်တော်ကောင်စီနယ်မြေ

ဇေယျာသီရိမြို့နယ်တွင် နွေစပါးပုလဲသွယ် စံကွက်ရိတ်သိမ်း

နေပြည်တော် ဇွန် ၁၄

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် နွေစပါး ပုလဲသွယ်စံကွက်ရိတ်သိမ်းခြင်းအား ဇွန် ၁၀ ရက် နံနက်ပိုင်းက ကျောက်ချက်ကျေးရွာအုပ်စု တောင်သူဦးတိုး၏ ကွင်းအမှတ် ၁၆၀၈ ဦးပိုင်အမှတ် ၂၀ ဧရိယာ ဧက ၃ ဒသမ ၈၈၏ နွေစပါးပုလဲသွယ်စံပြစိုက်ခင်းတွင် ကျင်းပခဲ့သည်။

ထိုသို့ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက အထွက်နှုန်း ၁၃၆ ဒသမ ၅၆ တင်းထွက်ရှိကြောင်းနှင့် စံကွက်ရိတ်သိမ်းပွဲသို့ ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးမြတ်သိန်းထွန်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ တိုင်းစိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့်မြို့နယ်စိုက်ပျိုးရေးနှင့် မြေစာရင်းဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြပြီး တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက လာမည့် ၂၀၁၄-၂၀၁၅ မိုးရာသီတွင် အထွက်နှုန်းကောင်းပုလဲသွယ် စပ်မျိုးစပါးအား ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရန်အတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတွင် Public Digital Library Service ရရှိ၍ စာအုပ်မျိုးစုံ အလွယ်တကူဖတ်ရှုနိုင်

စစ်ကိုင်း ဇွန် ၁၄

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဇွန် ၁၁ ရက်မှစတင်၍ Public Digital Library Service စက်တပ်ဆင်ပြီးစီးသွားပြီဖြစ်သောကြောင့် စာပေဖတ်ရှုသူများအနေဖြင့် မိမိတို့၏ Phone,Tablet, Notebook များဖြင့် မိမိတို့ ကြိုက်နှစ်သက်ရာ စာအုပ်၊ စာပေများကို စိတ်ချမ်းမြေ့စွာ ဖတ်ရှုလေ့လာနိုင်ကြပြီဟု သိရသည်။ စာဖတ်ရှုလိုသူများအနေဖြင့် WiFi Switch ကိုဖွင့်၍ moi-pdls.net အမည်ရှိ Hotspot ကိုချိတ်ဆက်ကာ Web Browser Address Bar တွင် http;//moi-pdls.net ကို ရိုက်ထည့်ကာ ဝင်ရောက်ဖတ်ရှုနိုင်သည်။ Public Digital Library Service သည် Browser အားလုံးကို အသုံးပြုနိုင်သော်လည်း Chrome နှင့် Fire Fox Browser များသည် အသုံးပြုရန် အသင့်လျော်ဆုံးဟု သိရသည်။ "အခု စစ်ကိုင်းခရိုင် ပြန်/ဆက်ရုံးမှာ ပထမဆုံးတပ်ဆင်ပေးတာ ဖြစ်ပါတယ်။ မြို့နယ်ရုံးတွေကိုလည်း တဖြည်းဖြည်း တိုးချဲ့တပ်ဆင်ပေးသွားမှာပါ။ စစ်ကိုင်းပြန်/ဆက်ရုံးက မြို့မစည်ပင်သာယာ ဈေးကြီးနဲ့ ကပ်နေတာဆိုတော့ ဈေးသူဈေးသားတွေ စာဖတ်ဖို့ အဆင်ပြေသွားတာပေါ့။ စာအုပ်အမျိုးအစားတွေက ကလေးလူကြီး ကြိုက်တဲ့ ကာတွန်းစာအုပ်ကနေ စွယ်စုံကျမ်းကြီးတွေအထိပါပါတယ်။ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ သုတ၊ ရသ အစုံထည့်သွင်းထားတာပါ" ဟု ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးစန်းလွင်ဦးက ပြောပြသည်။

"ဒီအစီအစဉ်လေးက တော်တော်ကောင်းပါတယ်။ ကိုယ်ဖတ်ချင်တဲ့ စာအုပ်တွေကို ဖုန်းထဲမှာ Download ဆွဲထည့်ထားပြီး အချိန်မရွေး ဖွင့်ဖတ်နိုင်တယ်။ ကိုယ်အားလပ်တဲ့အချိန်မှာ ဖတ်လို့ရပြီ။ ဖုန်းက သွားလေရာပါတော့ စာအုပ်လို တကူးတက သိမ်းဆည်းနေစရာမလိုတော့ အဆင်ပြေတယ်" ဟု စစ်ကိုင်းမြို့မှ စာရေးဆရာ ဂျွန်ကောလင်းက ပြောပြသည်။

Public Digital Library Service ဖြင့် ဖတ်ရှုနိုင်သည့် အကွာအဝေးမှာ WiFi Signal ရရှိသည့် အကွာအဝေးအတိုင်း အတားအဆီးမရှိပါက မီတာ ၆၅၀ အတွင်းတွင် ဖမ်းယူဖတ်ရှုနိုင်ကြောင်း၊ ဖတ်ရှုနိုင်သည့် စာအုပ်များမှာကူးယူပြီး ဖတ်ရှုနိုင်ခွင့်ပြုထားသော စာအုပ်များ (Download Access) နှင့် ဖမ်းယူဖတ်ရှုနိုင်ခွင့်သာ ပေးထားသော စာအုပ်အမျိုးအစား (Read Only Access) ဟူ၍ နှစ်မျိုးရှိကြောင်း သိရသည်။ အဆိုပါ Public Digital Library Service တွင်ယခု Page ၃၄၆ မျက်နှာ ပါဝင်ပြီး ဘာသာရပ်စုံ၊ စာအုပ်အမျိုးအစားပေါင်း ၆၅၀၀ ကျော်ကို ထည့်သွင်းထားသဖြင့် စာဖတ်ဝါသနာရှင်များအတွက် များစွာအဆင်ပြေမည်ဖြစ်ကြောင်း၊စစ်ကိုင်း ပြန်/ဆက် ရုံးသည် မြို့မစည်ပင်သာယာဈေးကြီးနှင့် စစ်ကိုင်းမြို့၏ အချက်အချာကျသည့်မြို့လယ်တွင် တည်ရှိနေသောကြောင့် မြို့ခံစာဖတ်ဝါသနာရှင်များသာမက နိုင်ငံခြားသားဧည့်သည်များပါ မကြာခဏ ဝင်ရောက်လေ့လာကြကြောင်း သိရသည်။

(နန္ဒာမင်းလွင်)

အသင်းဖော်ကစားဘက်မှ ပြိုင်ဘက်အဖြစ် ပြောင်းလဲရင်ဆိုင်ရမည့် အဂူရိုနှင့် ဒီဇီကို

ဇွန် ၁၅ ရက်ညတွင်ကစားမည့်ပွဲများတွင် ကမ္ဘာ့ဘောလုံးပရိသတ် စိတ်ဝင်စားသော ပွဲတစ်ပွဲမှာ ရီယိုဒီဂျနေရိုးမြို့တော်ရှိ မာရာကာနာကွင်းကြီးတွင် ကစားမည့် အုပ်စု (စ)မှ အာဂျင်တီးနားနှင့် ဘော့စနီးယားတို့၏ ပွဲစဉ်ဖြစ်သည်။ နှစ်သင်းစလုံးသည် ခြေစစ်ပွဲအဆင့်တွင် ခြေစွမ်းပြနိုင်ခဲ့သော အသင်း များဖြစ်ပြီး အသင်းတွင်ပါဝင်သည့် ကစားသမားများမှာလည်း နာမည်ကျော် ကစားသမားများ ဖြစ်ကြသည်။ အထူးသဖြင့် အဆိုပါပွဲတွင် ပရီမီယာလိဂ် ချန်ပီယံ မန်စီးတီးတိုက်စစ်မှ အာဂျင်တီးနားတိုက်စစ်မှူး အဂူရိုနှင့် ဘော့စနီးယား တိုက်စစ်မှူး ဒီဇီကိုတို့သည် ၂၀၁၃ -၁၄ ဘောလုံးရာသီတွင် မန်စီးတီးအသင်း ပရီမီယာလိဂ်ချန်ပီယံဖြစ်အောင် စွမ်းဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခြေစွမ်းပြ တွဲဖက်ကစားကစားခဲ့သည့် ကလပ်အသင်းဖော်များဖြစ်ပြီး ယခုအခါတွင် ပြိုင်ဘက်အသင်းသားများအဖြစ် ပြန်လည်ရင်ဆိုင်ကြရတော့မည် ဖြစ်သည်။

ဆာဂျီယိုအဂူရို

အသက် (၂၆) နှစ်ရှိ တိုက်စစ်မှူး အဂူရိုသည် အာဂျင်တီးနားလက်ရွေးစင်အသင်းအဆင့်ဆင့်တွင် ကိုယ်စားပြုကာ ဘေဂျင်းအိုလံပစ်၊ ၂၀၁၀ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၁၁ ကိုပါ အမေရိကဖလားပြိုင်ပွဲတွင် ပါဝင်ကစားခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်သို့ ယူရို ၂၃ သန်းဖြင့်ပြောင်းရွှေ့ကာ ၂၃၄ ပွဲကစားကာ ၁၀၁ ဂိုးသွင်းယူပြီး အသင်းအား ယူရိုပါဖလားနှင့် ဥရောပစူပါဖလားရရှိအောင် စွမ်းဆောင်ပေးခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ပရီမီယာလိဂ်ကလပ် မန်စီးတီးသို့ ပေါင် ၃၅ သန်းဝန်းကျင်ဖြင့် ပြောင်းရွှေ့ခဲ့ပြီး ၄၄ နှစ်ကြာ ဝေးကွာနေသည့် အမှတ်ပေးချန်ပီယံဆု ဆွတ်ခူးရာတွင် အဓိကနေရာမှ ပါဝင်စွမ်းဆောင်ပေးခဲ့သည်။

အီဒင်ဒီဇီကို

အသက် (၂၈) နှစ်ရှိ ဘော့စနီးယားတိုက်စစ်မှူး ဒီဇီကိုသည် မန်စီးတီးသို့ မပြောင်းရွှေ့ခင်က ဂျာမန်ကလပ် ဝူးစ်ဘတ်တွင်ကစားခဲ့ပြီး အသင်းအား ဘွန်ဒက်လီဂါချန်ပီယံဆု ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ဘော့စနီးယားအသင်းအတွက် ၆၁ ပွဲကစားကာ ၃၅ ဂိုးသွင်းယူပေးခဲ့ပြီး အသင်းသမိုင်း၏ တစ်လျှောက် ဂိုးအများဆုံးသွင်းသူဖြစ်လာခဲ့သည်။ ဘော့စနီးယားအသင်းအတွက် သူ၏သွင်းဂိုး ဆယ်ဂိုးဖြင့် ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်စေခဲ့သည်။

[သုတ]

ဆွစ်ဇာလန်ကို အနိုင်ယူရန်မလွယ်သည့် အီကွေဒေါ

နေ့ရက်	-	၁၅-၆-၂၀၁၄
အချိန်	-	၁၀း၃၀
နေရာ	-	Nacional de Brasilia

စိတ်ဝင်စားဖွယ်ကောင်းသော ပွဲတစ်ပွဲဖြစ် သည်။ အဆိုပါ နှစ်သင်းစလုံးသည် အသင်းချင်း ကွာခြား မှုမရှိ။ သို့ရာတွင် အဆိုပါအုပ်စု၏ အနေအထားအရ ပွဲ အနိုင်၊ အရှုံးသည် အုပ်စုတက်ရန်အထိပင် အရေးပါသည်။ အထူးသဖြင့် အဆိုပါအုပ်စုတွင်ပြင်သစ်၊ ဆွစ်ဇာလန်၊ အီကွေဒေါ၊ ဟွန်ဒူးရပ်စ်တို့ပါဝင်နေရာ ယခုပွဲအနိုင်ရသည့်အသင်းသည် အုပ်စု ဒုတိယနေရာတွင် မျှော်လင့်ချက်ပိုမိုပြည့်ဝနိုင်သည်။ ထို့ကြောင့်နှစ်သင်းစလုံး ခြေကုန်ထုတ်ကစားမှုနှင့်အတူ အကြိတ်အနယ်ပိုရှိနိုင်သည်။ ဆိုရလျှင် အဆိုပါနှစ်သင်းသည် ကစားသမားအင်အားပိုင်းမကွာဟုဆိုသော်လည်း ဆွစ်ဇာလန်၏စုဖွဲ့မှုသည် အီကွေဒေါ၏ စုဖွဲ့မှုထက်ပို၍ ပြည့်စုံမှုရှိသည်။ ဘိုင်ယန်ကစားသမား ရှာကွီရီအပါအဝင် လီချက်စတိန်နာ၊ ဒီဂျိုရူး၊ ဆန်ဒရိုစ်၊ ဇီဂလာတို့ပါဝင်သော ဆွစ်ဇာလန်၏အနေအထားသည် တစ်ဦးချင်း အရည်အသွေးအပြင် အတွေ့အကြုံပိုင်း၌ပါ အားကောင်းသည်။ အထူးသဖြင့် လီချက်စတိန်နားဒီဂျိုဝူး၊ ဆန်ဒရိုစ်တို့ဦးဆောင်သည့် ဆွစ်ဇာလန်ခံစစ်သည် လိုင်စီနို ဦးဆောင်လာမည့် အီကွေဒေါတိုက်စစ်သည် အခက်တွေ့စေနိုင်သည်။ အီကွေဒေါသည် တောင်အမေရိကဒေသခံအသင်းဖြစ်ပြီး ခြေစစ်ပွဲ၌ ဥရုဂွေး၊ အာဂျင်တီးနားတို့ကဲ့သို့ပင် အကောင်းဆုံးအံ့တုနိုင်ခဲ့သည်မှာ မှန်သော်လည်း ယခုပွဲတွင် ဆွစ်ဇာလန်အား အနိုင်ယူရန် လွယ်ကူမည်မဟုတ်ဘဲ အမြင့်ဆုံးသရေလောက်သာကစားနိုင်ခြေရှိသည်။

[ရှိုင်းမင်းမင်း]

ကျောဖုံးမှ » »

ကမ္ဘာ့ဖလားပြိုင်ပွဲနှင့်လွဲချော်သည့် နာမည်ကြီးကစားသမားများ





ဘေးလ်အနေဖြင့် ဝေးလ်အသင်းနှင့်အတူ ၂၀၁၀၊ ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ခြေစစ်ပွဲမအောင်ခဲ့၍ နောက်ဆုံးအဆင့်ပြိုင်ပွဲကြီးနှင့် ဝေးခဲ့ရသည်။ ကိုယ်စားပြုကစားသည့် မိခင်နိုင်ငံအသင်း ခြေစစ်ပွဲမအောင်သဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့်လွဲချော်သည့် ကမ္ဘာကျော် ကစားသမားတစ်ဦးအဖြစ် မှတ်တမ်းဝင်သွားသူ ဖြစ်ပေသည်။

ဂျာမနီကွင်းလယ်ကစားသမား မာကိုရူးစ်မှာ ပြင်သစ်ကွင်းလယ်လူ ဖရန့်ရီဘာရီလိုပင်ဖြစ်သည်။ ဒဏ်ရာ အနာတရကြောင့် ၂၀၁၄ ပြိုင်ပွဲနှင့် လွဲခဲ့ရသည်။ အာမေးနီးယားကို ခြောက်ဂိုး- တစ်ဂိုးနှင့် အနိုင်ရခဲ့သည့် ခြေစမ်းပွဲတွင် ပြိုင်ဘက်ကွင်းလယ်ကစားသမား ယေဒီဂါယန်၏ဖျက်ထုတ်မှုကြောင့် ခြေကျင်းဝတ်ဒဏ်ရာရပြီး ပြိုင်ပွဲနှင့် လွဲချော်ခဲ့ရသူဖြစ်ပါသည်။



ရီဘာရီ(ပြင်သစ်)သည် ဂါရတ်ဘေးလ် လိုမဟုတ်။ ပြိုင်ပွဲဝင်အသင်းမှာ ရွေးချယ်ခံခဲ့ရသော်လည်း ပြိုင်ပွဲနီးမှ ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားနှင့် လွဲချော်ရသူဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲသည် သူ့အတွက် နောက်ဆုံး ကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်မည်ဟု ပြောကြားပြီး အားခဲထားသော်လည်း နောက်ကျောဒဏ်ရာ ပိုဆိုးရွားလာ၍ ပြိုင်ပွဲနှင့်လွဲချော်ရပြီ ဖြစ်သည်။ ဘရာဇူကာဘောလုံးနှင့် ကံမစပ်သည့် နာမည်ကြီးကစားသမားဟု ဆိုရမည်ဖြစ်သည်။

နောက်ထပ် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်သည့် နာမည်ကြီး ကစားသမားမှာ ကိုလံဘီယာတိုက်စစ်မှူး ဖယ်လ်ကာအို ဖြစ်သည်။ သူလည်း ဒဏ်ရာကြောင့်ပင် ပြိုင်ပွဲနှင့် လွဲချော်ခဲ့ရသူဖြစ်သည်။ မိုနာကိုတိုက်စစ်မှူး ဖယ်လ်ကာအိုသည် ဒူးဒဏ်ရာခွဲစိတ်ကုသခဲ့ပြီးနောက် ပြိုင်ပွဲအမီ ကြံ့ခိုင်မှုရာနှုန်းပြည့်မရသဖြင့် အသင်းမှချန်လှပ်ခြင်းခံခဲ့ရသူဖြစ်သည်။ ကိုလံဘီယာအသင်းအတွက် ၅၁ပွဲကစားပေးထားပြီး ဂိုး ၂၀ သွင်းယူပေးထားသည့် ဖယ်လ်ကာအို သည်လည်း ရီဘာရီ၊ မာကိုရူးစ်တို့လိုပင် ဘရာဇူးကာနှင့် ထိတွေ့ခွင့်ပျောက်ဆုံးခဲ့ရသည့် နာမည်ကြီးကစားသမားတစ်ဦးဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်ပေသည်။

ဝင်းထွဋ်ဦး

ဟွန်ဒူးရပ်စ်ကိုနိုင်ရန် သေချာနေသည့် ပြင်သစ်

[ပြင်သစ်- ဟွန်ဒူးရပ်စ်]

၁၆-၆-၁၄ (၁၁း၃၀) Estadio Beira Rio

ထိုပွဲမှာ ခြေစွမ်းကွာဟမှုကြီးမားသောပွဲဖြစ်သည်။ ဟွန်ဒူးရပ်စ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲကို ယခုတစ်ကြိမ်အပါအဝင် သုံးကြိမ်သာခြေစစ်ပွဲအောင်ဖူးသည်။ ထို့ကြောင့် အတွေ့အကြုံပိုင်းအရများစွာ နုနယ်မှုရှိသည်။ ပလာစီယိုစ်၊ ဆက်စ်ပီနိုဇာတို့လို ကစားသမားကောင်းအချို့ရှိသော်လည်း ပြင်သစ်အားကျော်ဖြတ်ရန်မှာ ခက်ခဲလွန်းသည်။ ပြင်သစ်သည် ယခုအုပ်စု၌ အုပ်စုဗိုလ်စွဲရန်အတွက် ယခုပွဲတွင် မဖြစ်မနေ အနိုင်ရအောင်ကစားမည်ဖြစ်သကဲ့သို့ ရီဘာရီ မပါဝင်သည့်တိုင် ဘင်ဇီမာ၊ ဂီရောက်ဒ်၊ ပေါ့ဘာ စသော ကစားသမားကောင်းများရရှိသကဲ့သို့ ဆက်ဂ်ညာ၊ အီဗရာ၊ ကိုစီရယ်နီ တို့ကဲ့သို့သော ခံစစ်မှူးကောင်းများလည်းရှိသည်။ ထို့ကြောင့် ပြင်သစ်၏ အဆိုပါခံစစ်အား ဟွန်ဒူးရပ်စ်၏ တိုက်စစ်အနေဖြင့်ကျော်ဖြတ်နိုင်ရန်မှာ ခက်ခဲလွန်းနေသည်။ ထို့အပြင် ဟွန်ဒူးရပ်စ်၏ ခံစစ်သည် နောက်ဆုံးခြေစမ်းပွဲနှစ်ပွဲ၌ ခြောက်ဂိုးအထိပေးခဲ့ရရာ အဆိုပါခံစစ်အားသည် ပြင်သစ်တိုက်စစ်အတွက် အခွင့်အရေးလည်းဖြစ်နေသည်။ ထို့ကြောင့် ပြီးခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလား၌ အုပ်စုမှထွက်ခဲ့ရသောပြင်သစ်အနေဖြင့် ယခုကမ္ဘာ့ဖလားတွင် နိုင်ပွဲနှင့်ပွဲထွက်နိုင်ရန် သေချာမှုရှိနေသလို ဂိုးကွာဟချက်လည်း ကြီးမားနိုင်သောပွဲဖြစ်သည်။

ကိုရှိန်း

ဘရာဇူကာ (အက်ဒီးဒက်စ်) ဘောလုံးနှင့် ကံမစပ်သူများ

သို့မဟုတ်

ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်သည့် နာမည်ကြီးကစားသမားများ

ကျင်းပနေသည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးတွင် အသုံးပြုသည့် ဘောလုံးမှာ အက်ဒီးဒက်စ်ကုမ္ပဏီမှ တာဝန်ယူထုတ်လုပ်သည့် ဘရာဇူကာ အမည်ရှိ ဘောလုံးပင်ဖြစ်သည်။ ပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် ဘရာဇီးနှင့် ခရိုအေးရှား ကစားသမားများ စတင်ထိတွေ့ခွင့်ရခဲ့ပြီးဖြစ်သည်။ သို့သော် ဘရာဇူကာ ဘောလုံးနှင့်ထိတွေ့ခံစားခွင့်မရနိုင်သည့် ကမ္ဘာကျော်ကစားသမားများရှိနေသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့် ထိုသူများကို ဘရာဇူကာနှင့် ကံမစပ်သူများ (သို့) ၂၀၁၄ ကမ္ဘာ့ဖလားနှင့်လွဲချော်သည့် နာမည်ကြီးကစားသမားများဟု ဆိုနိုင်ပေသည်။

ဂါရတ်ဘေးလ်(ဝေးလ်စ်)၊ ရီဘာရီ(ပြင်သစ်)၊ မာကိုရုးစ်(ဂျာမနီ)၊ ဖယ်လ်ကာအို(ကိုလံဘီယာ) တို့သည် ဘရာဇူကာနှင့် ကံမစပ်သူများ(သို့) ၂၀၁၄ ကမ္ဘာ့ဖလားနှင့် လွဲချော်သည့်ကမ္ဘာကျော်ကစားသမားများဖြစ်နေသည်။

ဝေးလ်စ် တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလားကြီးရယူနိုင်ခဲ့ပြီး သူ့ငယ်စဉ်ဘဝက အိပ်မက်တွေ အမှန်တကယ်ဖြစ်လာခဲ့ပါပြီဟုထုတ်ဖော်ပြောနိုင်ခဲ့သော်လည်း မိခင် ဝေးလ်နိုင်ငံနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးဝင်ပြိုင်ခွင့် အိပ်မက်ကတော့ မှေးမှိန်ပျောက်ကွယ်နေဆဲ ဖြစ်ပါသည်။ ဝေးလ်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲကို ၁၉၅၈ မှာ တစ်ကြိမ်သာ အောင်ခဲ့ဖူးသည်။

စာမျက်နှာ ၇ သို့ »»

B.C.Tech (U.C.S.Y)

Director (Sun Brothers Co.,Ltd)

B.C.Tech (Hons)(U.C.S.Y)

OTS(81)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၀၄)၊ မြေကွက်တည်နေရာအမှတ်(၁၀၄)၊ နှင်းဆီလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးကျော်ထွန်းစိန် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ခင်ပွန်းဖြစ်သူ ဦးကျော်ထွန်းစိန်ထံမှ အရပ်ကတိအပိုင်ပေးစာချုပ်(၆-၉-၂၀၀၆)ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်မြစိန်[၁၂/မရက(နိုင်)၀၄၄၀၈၄]မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကန်ဘဲ့ဈေးလမ်း၊ အမှတ်(၆၀)နေ (ဦးအုန်းရွှေ-ဒေါ်ခွေးမ)တို့၏သားထွေး

မောင်အောင်ထွေး(B.S.C) (Zoo,Q)

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ (၃၈)လမ်း၊ အမှတ်(၁၃၈၉/ခ)နေ ဦးသန်းထွန်း(ဒု/အထွေထွေမန်နေဂျာ/ငြိမ်း) မြန်မာ့ကုန်တိုက်(ကုန်သွယ်ရေးဝန်ကြီးဌာန)-(ဒေါ်ထွေးထွေး)(ကျန်းမာရေးဦးစီးဌာန)တို့၏သမီးကြီး

မချိုချိုထွန်း(B.A Geography, D.A)

တို့သည် ၁၀-၆-၂၀၁၄ ရက်(အင်္ဂါနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်အောင်ထွေး-မချိုချိုထွန်း

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (သံလွင်လမ်းသွယ်) အောင်မင်းခေါင်(၁)လမ်း၊ အမှတ်(၄၄)(ခ)နှင့် သင်္ဃန်းကျွန်းမြို့နယ်၊ ရွှေကိန္နရီအိမ်ရာနေ ဦးစိုးနိုင်-ဒေါ်ကြူကြူသိန်းတို့၏တစ်ဦးတည်းသောသား

မောင်ဇော်ဇော်သိန်းနိုင် (LL.B)

နှင့်

မြိတ်မြို့၊ ကံဖျားရပ်၊ ကန်စွန်းအင်း၊ အေးချမ်းသာယာရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်-၁၂၅ နေ ဦးလှခင်(တကက-ငြိမ်း)-ဒေါ်တင်မြင့်တို့၏ဒုတိယသမီး

မခင်နှင်းဆွေ(ခ)မစိုးစိုးထက်

တို့သည် ၃-၆-၂၀၁၄ ရက်(အင်္ဂါနေ့)၌ နှစ်ဖက်သောမိဘဆွေမျိုးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ဇော်သိန်းနိုင်-မခင်နှင်းဆွေ(ခ)မစိုးစိုးထက်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ (၃) လမ်း၊ အမှတ်(အ/၂၂၂)နေ ဦးခင်လှ-ဒေါ်လှလှဌေးတို့၏သား

ဗိုလ်ကြီးဟိန်းဇော်(ခ) ကေဇန်ခင်လှ

B.E(Mechanical), D.S.T.A

နှင့်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂၀၈) နေ ဗိုလ်မှူးအောင်မိုးထူး(ငြိမ်း)၊ (မန်နေဂျာ၊ မြတီဘဏ်)-ဒေါ်သီရိခိုင် [အလယ်တန်းပြဆရာမ၊ အထက(၇)အင်းစိန်]တို့၏သမီး

မဇွန်မိုးထူး(ခ)ဇစ်ဇစ်

B.Pharm,Dip.DS,DBL

နိုင်ငံခြားရေးဝန်ကြီးဌာန

တို့သည် ၁၄-၆-၂၀၁၄ ရက်(စနေနေ့)တွင် နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဟိန်းဇော်-မဇွန်မိုးထူး

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဒေါ်ယဉ်ယဉ်အေး(ညွှန်ကြားရေးမှူး)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (၁၅-၆-၂၀၁၄)

မွေးနေ့ တစ်ခေါက်ရောက်ပြန်ပြီ- မိဘ ဆရာ၊ ဆွေသဟာနှင့် ညီအစ်ကို မောင်နှမ၊ ချမ်းသာသုခ၊ ကျန်းမာကြ၍ အောင်မြင်မှုပေါင်း ခညောင်းပါစေ- မေတ္တာပို့ဝေ တောင်းဆုချွေလျက်---

အင်ဂျင်နီယာမှူးကြီး(စက်မှု)
အောက်မြန်မာပြည်
စက်မှုမိသားစု

Mobile ကရိန်းကား
25 Tons/35 Tons
ဝယ်လို/ငှားလိုသည်။
ဖုန်း-၀၉-၂၅၀၆၄၈၀၆၆၊ ၀၉-၇၃၂၂၅၆၃၅

HighSea12 Lawyers Associate

HighSea12 Lawyers Associate

HighSea12 Lawyers Associate

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်၊ ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေဖြင့် စစ်တွေမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်နှင့် ပေါက်တောမြို့နယ်အတွင်း လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို လမ်းအလိုက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	စဉ်	ပစ္စည်းအမျိုးအမည်
(၁)	၆"-၉" ကျောက်	(၅)	ကျောက်စရစ်
(၂)	၂"-၄" ကျောက်	(၆)	သဲ
(၃)	ဘောလုံးကျောက်	(၇)	ဘိလပ်မြေ
(၄)	ပြိုးကျောက်	(၈)	သံချောင်း

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်- ၁၇-၆-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက်/အချိန် - ၁-၇-၂၀၁၄ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ

တင်ဒါဖွင့်မည့်ရက်/အချိန် - ၁-၇-၂၀၁၄ ရက်၊ မွန်းလွဲ ၁၄း၀၀ နာရီ

တင်ဒါဖွင့်မည့်နေရာ - ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံး၊ စစ်တွေမြို့။

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို စစ်တွေခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၄၃-၂၁၀၆၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးတွင် အသုံးပြုရန်အတွက် Commuter motorcar (၂)စီးနှင့် Pradomotorcar (၁)စီး၊ စုစုပေါင်း မော်တော်ယာဉ်(၃)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ မော်တော်ယာဉ်(၃)စီး ဝယ်ယူတင်ဒါပေးသွင်းလိုသည့် လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို (၂၀-၆-၂၀၁၄)ရက်နေ့မှစ၍ ၂၄လမ်းနှင့် ၆၅လမ်းထောင့်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ (၈-၇-၂၀၁၄)ရက်နေ့ (၁၆း၃၀)နာရီအချိန် နောက်ဆုံးထား၍ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး (၁၈-၇-၂၀၁၄)ရက်နေ့တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profileတို့ကို တင်ပြရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၀၂-၃၉၀၈၅၊ ၀၂-၃၆၉၁၅

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး

ကန့်ကွက်နိုင်ပါသည်

ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်အုပ်စု၊ မြို့သစ်တိုးချဲ့၊ အကွက်အမှတ်၃/၃၃၉၊ မြေဧရိယာ(၀. ၀၅၅)ဧကရှိ တပ်ကြပ်ကြီးစံထွန်း အမည်ပေါက် မြေနေရာချထားပေးသော လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် မူရင်းခွဲ ပြန်လည်ထုတ်ယူခွင့်လျှောက်ထားရန် စီစဉ်ထားရှိပါသဖြင့် ကန့်ကွက်လိုသူများ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက သက်ဆိုင်ရာသို့ ဆက်လက်တင်ပြလျှောက်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

တပ်ကြပ်ကြီး စံထွန်း၏သားသမီးများ
မအေးအေးမင်း[၆/ထဝန(နိုင်)၀၉၂၃၈၉] ပါ(၄)ဦး

ခြံမြေရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ လှည်းကူးတာဆုံအနီး၊ လှည်းကူး-ဖောင်ကြီးလမ်းမကြီးဘေး (၁. ၀၉)ဧက ကျယ်ဝန်းသော ခြံမြေအား ပိုင်ရှင်ကိုယ်တိုင် ရောင်းလိုသည်။

ဆက်သွယ်ရန်
ဖုန်း-၀၉-၄၉၃၁၈၁၂၉
(ညှိနှိုင်းဈေး)

ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၆-၂၀၁၄ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၂)ပါ ဒေါ်သီတာအောင်၏ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာတွင် တ/ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရှင်သိဒ္ဓိ(၁၁)လမ်း၊ အမှတ်-၆၃၄(ခ)၊ ဒုတိယထပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
လုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ရထားစက်ခေါင်း၊ လူစီးတွဲနှင့် ကုန်တွဲများဝယ်ယူပြီး မြန်မာ့မီးရထားနှင့်အကျိုးတူပူးပေါင်း၍ ရထားပြေးဆွဲခြင်းလုပ်ငန်းများဆောင်ရွက်ရန် စိတ်ဝင်စားသူများအားဖိတ်ခေါ်ခြင်း
(Expression of Interest)

၁။ မြန်မာ့မီးရထားသည် ရထားစက်ခေါင်း၊ လူစီးတွဲနှင့် ကုန်တွဲများ ဝယ်ယူရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍ ရထားပြေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ(Expression of Interest)တွင် ဆောင်ရွက်လိုသည့် လုပ်ငန်းစဉ်အား အဆိုပြုဖော်ပြလျက် အောက်ပါအထောက်အထား၊ အချက်အလက်များနှင့်အတူ မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော် ဘူတာကြီးသို့ ၃၀-၆-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်-

- (က) ပုဂ္ဂလိကလုပ်ငန်းရှင်အမည်နှင့် အဖွဲ့အစည်းအမည် (မြန်မာနိုင်ငံသားပိုင်ဖြစ်ရမည်)
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(မိတ္တူပူးတွဲ)နှင့် ဆက်သွယ်ရန်လိပ်စာ
- (ဂ) ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့်ထုတ်ပေးသည့်ရက်စွဲ(မိတ္တူပူးတွဲ)
- (ဃ) လုပ်ငန်းလိုင်စင်(မိတ္တူပူးတွဲ)
- (င) လုပ်ငန်းတည်နေရာ(လိပ်စာအပြည့်အစုံ)
- (စ) လုပ်ငန်းဆိုင်ရာ အတွေ့အကြုံအသေးစိတ်
- (ဆ) ဘဏ္ဍာရေးခိုင်မာမှုနှင့် ပိုင်ဆိုင်မှုအထောက်အထား(မိတ္တူပူးတွဲ)
- (ဇ) စက်ခေါင်း၊ လူစီးတွဲနှင့် ကုန်တွဲများ ဝယ်ယူတင်သွင်းမည့် နိုင်ငံ၊ ကုမ္ပဏီနှင့် စက်ခေါင်းနှင့် တွဲအမျိုးအစားများ ဖော်ပြပေးရန်
- (ဈ) လူစီးရထားပြေးဆွဲခြင်းလုပ်ငန်း၊ ကုန်ရထားပြေးဆွဲခြင်းလုပ်ငန်းတို့အနက်မှ ဆောင်ရွက်လိုသည့် လုပ်ငန်းအမျိုးအစား ဖော်ပြပေးရန်
- (ည) ဆောင်ရွက်မည့်လုပ်ငန်းအစီအမံ (Conceptual Plan)

၃။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၈၂ ဖုန်း-၀၆၇-၇၇၀၃၉၊ ၀၆၇-၇၇၀၅၄

ကန့်ကွက်နိုင်ပါသည်

"မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရဲရန်အောင်လမ်းသွယ်၊ အိမ်အမှတ်(၇၀၉/၇၁၀)တွင် ဆောက်လုပ်လျက်ရှိသော အကျယ်အဝန်း ပေ(၁၆×၄၂)ရှိ ၅ ထပ်တိုက်၏ မှန်ခန်း+ပထမထပ် (ခေါင်းရင်းခြမ်း)နှင့် ရေမီးအပါအဝင် ဤတိုက်ခန်းများနှင့် ပတ်သက်သော အကျိုးခံစားခွင့်များအားလုံး"။

